
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၇၈၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၁၉၁၀၁၁
အုပ်ဒိုင်း - L လင်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုတ်ကျင်းမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
တအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇွန်လ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ရှင်မြတ်နိုး
ရင်ခုန်သံတို့ရဲ့ကောင်းကင်/ ရှင်မြတ်နိုး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၀ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရင်ခုန်သံတို့ရဲ့ကောင်းကင်

မင်းကို…ပေးဆပ်ရတာပဲဖြစ်ဖြစ်
ကိုယ့်ဆီက ရယူသွားတယ်ပဲဆိုဆို
ကျေနပ်ပြီးသားပါ…
မလိုလားတာက
အစားထိုးမခံရဖို့ပဲလေ…
အချစ်ဆိုတာ ထုတ်နုတ်ပြောင်းလဲပြီး ခွဲစိတ်လို့မရတဲ့…
ပလတ်စတစ်ဆာဂျရီ…လုပ်ခွင့်မရှိတဲ့
နှလုံးသားမူပိုင်ခွင့်ဆိုတာ မင်းသိရင် ကျေနပ်ပြီ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ဟော့…တော်ပြီကွာ ညီမလေး အချိန်ကြာနေပြီ"

"အဲဒီ…ကိုကိုဟာလေ အလဲကားရတဲ့မိုးရေတောင် သူက ကပ်စေးနှဲနေသေး"

"ကပ်စေးနှဲတာမဟုတ်ဘူး၊ ညည်းဖျားမှာစိုးလို့"

"ဘာမှမဖျားဘူး၊ ဖျားနာခြင်းတွေ ကင်းဝေးအောင် ဗိုက်စီး သောက်ထားတယ်"

ပြောပြီး ညီမလေးက မိုးရေစက်တွေကြား လွှင့်ခနဲပြေးသည်။ သူက နောက်မှအမီလိုက်ရင်း ကျောက်ပြားခင်းထားသည့်ခြေပြင်ပေါ် မိုးရေတွေနှင့် ညီမလေး ချော်လဲမှာ ပူပင်တကြီးအော်တော့…





"ဟော့…ဟော့ ကရော်ကရော်၊ ကိုကိုကျန်ခဲ့ပါပြီ၊ ညီမလေးကို မလိုက်နိုင်တော့ပါဘူးကွယ်"

"ဟော့…ညီမလေး အရမ်းမပြေးနဲ့၊ ဟော့…မိပြီကွ"

နောက်မှ ပခုံးလေးကို သိမ်းဖက်သောအခါ ညီမလေးက လှုပ်ရှားမရတော့။ သူက ညီမလေးရဲ့ ပိန်ညှောင်ညှောင်ကိုယ်လေးအား နောက်မှပင် ဖွေးခနဲပွေ့ချီတော့…

"ကိုကို…အခုချပေး၊ ဒီမှာမိတ်တွေပေါက်နေလို့ မိုးရေချိုးနေတာ"

"လျှာမရှည်နဲ့၊ မိတ်ပေါက်တာ သနပ်ခါးလိမ်းရင် ပျောက်တယ်၊ ကိုကို လိမ်းပေးမယ်"

"အာကွာ…အဲဒီသနပ်ခါးကြီး မကြိုက်ပါဘူးဆို"

"ကိုကိုလည်း ညီမလေး မိုးရေချိုးတာမကြိုက်ဘူး"

ညီမလေးက သူချီထားသည့်ကြားမှ ယက်ကန်ယက်ကန် လုပ်ဆဲ။ သူကလည်း မရမကချုပ်နှောင်ချီပွေ့ရင်း…

"မေမေရေ…ဒီမှာ မေမေ့သမီး ပြောမရအောင်ဆိုးနေတယ်ဗျို့"

www.burmeseclassic.com



"ကိုကို…မေမေ့ကိုတိုင်ရင် ပြီးရော၊ ကိုကို့ကို မခေါ်တော့ဘူး"

◆ ◆ ◆



"ညီမလေးရေ"

"အဟိ"

ပခုံးတွန့်ပြီး အသံမထွက်အောင် ရယ်ရတာက သူမအတွက် အရသာ။

"ဟော့…ညီမလေး မပုန်းနဲ့တော့၊ ထွက်ခဲ့ ညည်းလုပ်တာ အဓိပ္ပာယ်မရှိဘူးနော်"

"အောင်မာ…အဓိပ္ပာယ်မရှိရင် ဘာလို့လိုက်ရှာနေသေးလဲ"

ဘေးနှစ်ဖက် ဆံပင်ခွဲ၍ မြင့်မြင့်စည်းထားတာတွေ ဝဲခနဲခါရင်းပြောတဲ့ အသံက တိုးတိုးလေး။ ကြည့်နေရင်းက ကိုကိုဟာ သူမမြင်ကွင်းထဲဝင်လာပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟော့…ကိုကိုပြောနေတယ်နော်"

"ပြော…ပလော…အဟီး"

အိပ်ခန်းထဲဝင်လာရင်း ဟိုဟိုဒီဒီ အကြည့်တွေဝဲပြီးရှာနေတဲ့ ကိုကို့ပုံစံက သူမအတွက် ရယ်ချင်စရာ။

"ဒီမှာ ကျိုးမနိုးပွဲဆိုတာ သူများပစ္စည်းတွေ ဝှက်ရတာမျိုး၊ ညည်းကျမှ ကိုယ့်ဟာကိုယ် ပြန်ဝှက်ရတယ်လို့"

"အံမယ်…ညီမလေးက ဖေဖေ မေမေနဲ့ ကိုကိုရဲ့ အဖိုးတန်အမျိုးမှန်လေးကို ဝှက်တော့ဘာဖြစ်လဲ၊ ဟွန်း တွေ့အောင်ရှာပေါ့"

ကိုကို မကြားအောင်ပြောရင်း ခုတင်အောက်တွေအထိ ကုန်းကွရှာနေသော အဖြစ်ကိုကြည့်ပြီး သူမရယ်ချင်လာသည်။ ကိုကိုက စိတ်ပျက်သလို ခါးဆန့်ကာ တစ်ခန်းလုံးဝေ့ကြည့်ပြီးမှ

"မေမေ…ဖေဖေ"

"ဟော့"

"တွေ့ပြီလား…သားကြီး"

မေးရင်း မေမေပါ အခန်းထဲရောက်လာ၏။





"တွေ့ပြီ မေမေ၊ ဒီမှာ"

အပြောနှင့်အတူ ကိုကိုရယ်၊ မေမေရယ်၊ ဖေဖေပါ ဗီရိုကြီးရှေ့ရောက်လာပြီး ဗီရိုတံခါး ဝုန်းခနဲဆွဲဖွင့်လိုက်သောအခါ အထဲ၌ ဗီဒီယိုကင်မရာတစ်လုံးနှင့် ကျကျနန မှတ်တမ်းတင်လျက်ရှိသော သူတို့တမိသားစုလုံး၏ သမီးထွေး ညီမငယ်လေး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"အဟောင့်…အဟောင့်…ဟီး…ဟီး"

"ကျစ်…ညီမလေး မငိုရဘူးလေ၊ လမ်းမကြီးပေါ်မှာ"

"အဟောင့်…ကိုကိုလည်း လမ်းမကြီးမှာ ဘာလို့ စက်ဘီးကိုပစ်လှဲသေးလဲ"

"ဟ…ပစ်လှဲတာမဟုတ်ဘူးလေ၊ ညည်းပဲ ရေကိုရှောင်မယ်ဆို ရေအစိုမခံချင်ဘူးဆို"

"အဲဒါဆိုလည်း လွှတ်အောင်ရှောင်ပါလား၊ အခုတော့လဲပြီ၊ ရေလဲစိုသေး ဒီမှာ ခြေထောက်လည်းနာသွားပြီ"

"ကဲ…အဲဒါဆိုလည်း ထ"

"ထလို့မှမရတာ ကိုကိုကုန်းပိုး"

"ဟင်"





သူမျက်လုံး ပြူးခဲ့ဖြစ်သွားသည်။ ဒီကောင်မလေးကတော့ လုပ်ပြီ။ မဟုတ်မဟပ်လို့ တွေးမိတာနဲ့ လက်က ခေါင်းပါတစ်ခါ တည်းကုတ်ပြီးသား ဖြစ်သွား၏။ ဒါကို မချောက ရိပ်မိသည်။ ချက်ချင်း သူ့အား မျက်စောင်းရွယ်ပြီး…

"ဘာလဲ…မပိုးဘူးလား"

"မဟုတ်ဘူးလေ ညီမလေးရယ်၊ ဟို ကုန်းပိုးရအောင် ညီမလေးက ဆယ်တန်းတောင်ဖြေပြီးပြီ၊ ကိုကိုက တက္ကသိုလ်တောင်တက်နေပြီ"

"အောင်မာ…အဲဒါဘာဖြစ်လဲ၊ ကိုရီးယားကားတွေမှာ အလုပ်လုပ်နေတဲ့အရွယ်တောင် ကုန်းပိုးကြသေးတာပဲ၊ ဘာလဲ ဟိုမှာ့ကြာပ်မှာ မမချောရှိလို့ ကိုကိုက ညီမလေးကို ကုန်းမပိုးချင်တာ မဟုတ်လား"

မျက်ရည်တွေကြောင့် ပူးကပ်ကော့ပျံနေတဲ့ မျက်တောင်များတွေ မှိတ်ကျသွားအောင် မျက်စောင်းထိုးရင်း ပြောတာကြောင့် သူရယ်ချင်သွားသည်။ သေချာသည်။ ဒီတစ်ခါ အလိုမလိုက်လျှင် ညီမလေးက ဒီကိစ္စကို ပြော၍ဆုံးတော့မှာ မဟုတ်တော့။ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရမှာ ကြောက်၍မဟုတ်။ ညီမလေးမျက်နှာညိုတာ မမြင်ရက်၍ဆိုတော့လည်း…

“ကဲ…တက်…တက် အားလုံးညည်းသဘောညည်းဆန္ဒအတိုင်းချည်းပဲ၊ ပြီးမှ စက်ဘီးလာသယ်တော့မယ်၊ ချောချောတို့မဏ္ဍာပ်မှာ စက်ဘီးအပ်ခဲ့မယ်”

လို့ သူကပြောတော့ ညီမလေးက လက်ခုပ်လက်ဝါးတီးပြီး…

“ဒါမှ…တို့ကိုကို”

အကျယ်ကြီးထအော်သည်။ အပြန်လမ်းတစ်လျှောက်ကုန်းပိုးပြန်ခဲ့ရသော သူတို့မောင်နှမကို လမ်းသွားလမ်းလာတွေက တအံ့တသြငေးသွားတာရှိသည်။ အကြောင်းသိသူတွေက ပြုံးစိစိလုပ်သွားတာလည်းရှိသည်။ ဘေးကဖြတ်သွားသော သင်္ကြန်ကားတွေကလည်း သူတို့မောင်နှမကိုကြည့်ကာ…

“ဟော့…ကိုရီးယားကားရိုက်နေတာလဲ”

“သူလေးက ကိုရီးယားမင်းသမီးလေးအတိုင်းပဲ၊ ဖြူဖြူဖွေးဖွေး သွယ်သွယ်လျလျလေး၊ သူက ကိုရီးယားနဲ့မတူဘူး၊ အသား





ညိုမှာ မျက်လုံးပြူးပြီး နှာခေါင်းကြီးတော့ ကုလားနဲ့တူတယ်”

“ဟော့ကောင်…အဲဒါ ကိုရီးယားနဲ့ကုလား ဖက်စပ်ရိုက်ထားတဲ့ ကျောပိုးတဲ့ကား”

တစ်ယောက်တစ်ယောက် ပြောကြတဲ့စကားတွေဟာ သင်္ကြန်ရေတွေနဲ့အတူ သူတို့နှစ်ဦးကို ရွှဲရွှဲစိုစေသည်။ ဒါကိုလည်း အပြုံးမပျက်ခံယူရင်း ညီမလေးက သူ့လည်ပင်းအား သိုင်းဖက်ထားရင်းက ပြောသည်။

“အဟွန်း…ကိုကိုက ချစ်ဖို့တကယ်ကောင်း”

တဲ့လေ။ သူ့မှာ အဲဒီစကားလေးတွေနဲ့တင် အရည်ပျော်ကျရတဲ့အဖြစ်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဖွဲ…ဟော့ကောင် ဖွဲ"

"ဟင်…အင်း"

တစ်ပတ်လှိမ့်ပြီး ဟိုဘက်စောင်းအိပ်သောပုံကြောင့် စည်းက စိတ်တိုတိုနှင့် ခါးထောက်ကြည့်နေမိသည်။ ဖွဲဟာ မှောက်ခုံကြီးနှင့် ငြိမ်ကျသွားကာ အိပ်စက်ခြင်းထဲ ဈာန်ဝင်သွားမှ စည်းက နာရီနှိုးစက်ကို အလမ်း(မ်)ပြန်ပေးပြီး နားနားသို့ ကပ်ပေးလိုက်သော အခါ…

"ကလင်…ကလင်…ကလင်"





"ဟာ…ဟာ…နားတွေကန်းကုန်တော့မှာပဲ၊ ဘာကြီးလဲ အဲဒါက"

ဝုန်းခနဲထထိုင်ပြီး မျက်လုံးကိုစုံမှိတ်ကာ မကျေမနပ်မေး ပြီးကာမှ…

"ဟင်…စည်း"

"အေး…မင်းဆရာ စည်းလေ"

"စည်းရာ…မင်းကတကယ့်ကွိုင်ပဲ"

တမင်တကာ ပုံပန်းကျအောင် ညှပ်ထားသည့် ဝမ်းဝေး ဆံပင်အား ရှေ့ရောနောက်ပါ စုံဖွပစ်သည်။ ထို့နောက် ပေါင်ကြား ထဲရောက်နေသည့် စောင်ကို လုံးထွေးကန်ကျောက်ပစ်ရင်းက သူ့ကို ရှုပုပ်ပုပ်နှင့် မော့ကြည့်တော့ စည်းက ပခုံးတွန့်ရယ်လိုက်ရင်း…

"မင်းက ခုနစ်နာရီမှ ထရတဲ့ကောင်၊ ဒီမှာ ငါက ငါးနာရီ ကတည်းကထပြီး ဘရိတ်ဖတ်(စ်)ပြင်နေတာပါကွ၊ အိပ်ရေးမဝတာ တွေ၊ အိပ်ချင်မူးတူးတွေ လာလုပ်ပြမနေနဲ့"

"ဒါက မင်းတာဝန်နဲ့မင်းကို၊ မင်းအမေ အခေါ်တော်ရှိလို့ မင်း ပုသိမ်ပြန်ရမှာလေ၊ ဒီတော့ မနက်စာလည်း အပြီးချက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့၊ ဒါ အဆန်းလား"

"အေး…ငါ့တာဝန်ငါသိသလို မင်းလည်း မင်းတာဝန် မင်းသိနော် ဖွဲ့"

"ကျစ်…ထပ်မရွတ်ပြန့် ငါသိတယ်"

အိပ်ရာကထတာနှင့် ဖွဲ့က အော်တိုမစ်တစ် မှန်တင်ခုံရှေ့ ရောက်သွားသည်။ ဖြူမွတ်နုညက်နေတဲ့ သူ့မျက်နှာကို မှန်ထဲ ဘယ်တစ်ခါညာတစ်လှည့် ကြည့်ရင်းက ပါးပြင်ပေါ် အဖုလေး တစ်ခု။ အနီစက်လေးတစ်စက်သာ ထင်လို့ကတော့ ထိုနံနက်ခင်းဟာ ဖွဲ့အတွက် ကမ္ဘာပျက်မနက်ပင်။ သူ့မှာ အရာမြူမှုံးကြီးပဲ ပိုက်ထား ရသလိုလို။ ဘင်လာဒင်ပဲ သူ့အိမ်ထဲလာသေနေသလိုလိုနှင့် အထိတ် တလန့် ဆောက်တည်ရာမရဖြစ်မည်။ ပြီးလျှင် သူအသုံးတော်ခံရ သည့် အလှကုန်ပစ္စည်းတွေအား မရပ်မနား ကျိန်စာတိုက်မည်။

"ဟွန်း…ကြော်ငြာတာတော့ ဖြူးနေတာပဲ၊ ဝက်ခြံ မပေါက်ဘူး၊ ချွေးပေါက်တွေကျဉ်းလာမယ်၊ အဆီမပြန် အသားဖြူ မယ်ဆိုပြီး အခုတော့ ဝက်ခြံက အရင်ထွက်လာပြီ၊ ပြီးရင် ချွေးပေါက်ကျယ်ပြီး အဆီတွေပါ ပြန်လာတော့မယ်၊ တော်ပြီ ဒီဘဝ





ဒီမျှပဲ မသုံးဘူး၊ သွား"

ဆိုပြီး ပေါက်ခွဲတာမျိုးလည်းရှိမည်။ ဖနောင့်နဲ့ပေါက်တာ မျိုးလည်း တွေ့ရမည်။ အဲ…သူနဲ့အဆင်တပြေ ဖြစ်နေရင်တော့

"မဆိုးဘူးကွ…ဟော့ကောင်၊ ငါ့အသားတွေတောင် ပိုဖြူ လာသလိုပဲ၊ မင်းလည်း စမ်းသုံးကြည့်ပါလား၊ မင်းမျက်နှာ အညို ရောင်တွေ အလွှားလိုက်ကွာကျပြီး ဖြူဝင်းလာမှာ ကျိန်းသေတယ် ဟော့ကောင်"

လို့ ဆွယ်တရားဟောတာမျိုးလည်း ကြုံရပါသည်။ ကြုံတိုင်းလည်း စည်းက ခေါင်းခါတတ်စမြဲ။

"မိမွေးတိုင်း ဖမွေးတိုင်း ကောင်းပါတယ်"

ဆိုတော့…

"ဒါဆို မိုက်ကယ်ဂျက်ဆင် ဘယ်လိုလုပ်မလဲ"

"ဘာဖြစ်လို့လဲ"

"အခါခါခွဲစိတ်ပြုပြင်တယ်လေ"

"ဟာ…သူက ကမ္ဘာကျော်ပုဂ္ဂိုလ်ကိုး"

"ငါလည်း တစ်နေ့ ကမ္ဘာကျော်မှာပေါ့၊ အခုတောင်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းနီမလေးတွေက ငါ့ဆို သည်းသည်းလှုပ်၊ မင်းတခြားမကြည့်နဲ့လေ တိုက်ဆို မင်းနဲ့ငါ ဘယ်သူ့ကို ပိုအလေးသာလဲ၊ မင်းသဘောပေါက်''

ထိုသို့ နှိုင်းယှဉ်ခံရတိုင်း စည်းမျက်နှာက သုန်မှုန်သွားတိုင်း ဖွဲ့က ကျေနပ်စွာ တဟားဟားရယ်လေ့ရှိသည်။ ထိုအခါမျိုး၌ စည်းက သူ့ရယ်သံကို ဆုံးအောင်နားထောင်နေပြီးမှ...

''တိုက်နဲ့ပတ်သက်ရင် ငါက မင်းနဲ့ဘယ်တော့မှ အပြိုင်မပြေးဘူး''

''ဘာလဲ ရှုံးမှာကြောက်လို့လား''

''အဟွန်း...မဟုတ်ပါဘူး၊ သိက္ခာနဲ့ အချစ်ကို တန်ဖိုးထားတာ''

''ဟမ်...ဘာ''

တစ်ခါတစ်ရံမှာ စည်းပြောသော စကားတွေက ဖွဲ့အတွက် ရုတ်တရက် နားမလည်ခြင်းတွေ ဖြစ်ထွန်းစေတတ်ပါသည်။

''ဟုတ်တယ်၊ အဲဒါတွေကို တန်ဖိုးထားတတ်လွန်းလို့နဲ့ တူတယ်' ငါက သိပ်တောင်မချစ်တတ်တော့ဘူး၊ ပြီးတော့





ယောကျ်ားတစ်ယောက်အတွက် ကိုယ့်ဆီ စိတ်မပါတဲ့ မိန်းကလေးကို အတင်းကြီး ပိုးပန်းနေရတာကိုက ကိုယ့်သိက္ခာကို တစ်စစီ ဖွဲ့ရွဲ့ပစ်နေသလိုပဲလို့ ငါထင်တယ်''

''ဒါဆို မင်းက တိုက်ကို''

''အင်း...အရူးအမူး မချစ်တတ်သေးလို့နေမှာပေါ့''

''ဟ...ဒါဆိုလည်း မင်း ဆားထွက်တိုင်နေပေါ့ လာဒရဲ့''

ဖွဲ့က မကျေမနပ်နဲ့ ထအော်သည်။ ဒီတစ်ခါတော့ မှန်းလောက်အောင် ရယ်သံပေးရမည့်သူက စည်း အလှည့်။

''အဲဒီလိုဆို ပွဲကငြိမ်သွားရင် ပျင်းစရာကြီး၊ နည်းနည်းသွေးပူလေ့ကျင့်ခန်းလေးနဲ့မှ''

တဲ့။ စည်းရဲ့အချိုးက ရရင်ယူမယ်၊ မရရင်လျှိုမယ်ဆိုတာမျိုး။ ထို့ကြောင့်လည်း သူ့မှာ...။ ဖွဲ့က အတွေးကို လက်စဖြတ်ရင်း မှန်ထဲမှတစ်ဆင့် မြင်နေရတဲ့ စည်းအား လှမ်းကြည့်သည်။ မနက်စောစောကို တီရှပ်အစိမ်း၊ ဘောင်းဘီတိုပွပွနှင့် အေသရွှန်အဝါရောင်ဝတ်ထားတဲ့ စည်းဟာ သူ့အကဲခတ်တာကို စိတ်ဝင်စားပုံမရဘဲ အားသွင်းထားတဲ့ဖုန်းကို ဖြုတ်ခြင်း၊ မျက်မှန်၊ ကားသော့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေါလက်(ထ်)ထဲက ငွေကျန်ကိုစစ်ခြင်းတွေကို ဓနစ်တကျလုပ်။ ပြီးမှ စားပွဲပေါ် စုတင်ထားကာ…

"မင်း…ငါမရှိဘူးဆိုပြီး ဟိုဒီလိမ့်မနေနဲ့၊ ဆိုင်မှာ အချိန်ပြည့်ထိုင်ဦး၊ ကပ်စတမ်မာတွေ စုပြုံကျလာရင် ဟိုနှစ်ကောင်တည်းနဲ့ နိုင်မှာမဟုတ်ဘူး၊ အသစ်ခန့်ထားတဲ့ နှစ်ယောက်ကလည်း တကယ့်နိုက်နိုက်ချွတ်ချွတ်မေးတတ်တဲ့ ဝယ်သူမျိုးနဲ့တွေ့ရင် ကိုယ်တိုင်ရှိမှ"

"အေးပါကွာ…ငါသိပါတယ်၊ ဒါပေမဲ့ မိုက်တော့မမိုက်ဘူး ဟေ့ကောင်၊ သူဌေးကိုယ်တိုင်က ဈေးရောင်းနေရတာ"

"ဟွန်း…ပြောတော့လည်း မင်းပါပဲ၊ တကယ့် အလန်းလေးတွေလာရင်တော့ မင်းပဲ ရှင်းပြချင်နေတာ မျက်ကလူးဆန်ပြာလေ"

မဲ့ရွဲ့ပြီး စည်းကပြောရင်း အေပရွန်ကို ချွတ်သည်။ ချက်ကောင်းအထိခံရတိုင်း ဇွဲတို့က ကုပ်ပြီး မအီမလည်ရှုံ့တွတွနဲ့

"အဲဒါ မျက်စိကြည်ရင်အေးတာကွ"

"အေး…ထိုက်ရှေ့လည်း မင်း အဲဒီလိုဝန်ခံနိုင်ပါစေကွာ"

"ဟ…ထိုက်နဲ့တော့တူမလားကွ၊ ထိုက်အတွက် ငါက ရင်ထဲမှာ ကွန်ဒိုတစ်ခန်းဆောက်ပေးပြီးသား"

"မင်းရင်ထဲ လျှောင်မမိဖို့ဆုတောင်း"

ရယ်ကျဲကျဲနှင့် စည်းကပြောရင်း ရေချိုးခန်းဝင်ဟန်ပြင်သည်။ ဒါကို ဇွဲက မရမကလှမ်းဆွဲထားရင်း…

"မင်း…နေ့ချင်းပြန်မဟုတ်လား"

"ဟ…တစ်ညတော့အိပ်မှာပေါ့"

"အိပ်မနေပါနဲ့ကွာ၊ မင်းမရှိရင် ညစာ ငါအဆင်ပြေမှာမဟုတ်ဘူး၊ အပြင်စာတွေနဲ့ ငါမတည့်တာ မင်းသိရဲ့သားနဲ့၊ သူတို့က အငန်သုံးတာများရင် ငါ့မျက်နှာက အရေးအစင်းတွေ ထဖြစ်တာ မင်းလည်းသိသားနဲ့"

"ကဲပါကွာ…မင်း အဲဒီလို နဖတ်ချွဲပစ်ပြတော့ ငါ့မျက်စိထဲ မာမီတွေမြင်ယောင်ပြီး အသည်းတောင်ယားတယ်"

"ဟေ့ကောင်"

သူ့ကို အခြောက်နှင့်နှိုင်းလျှင် လုံးဝမကြိုက်သော ဇွဲက




နိုးနိုး၁၇၈၆

www.burmeseclassic.com

www.burmeseclassic.com



လက်သီးကြီးရွယ်ပြီး ဝုန်းခနဲ စည်းထံ ပြေးလာသည်။ စည်းက ရေချိုးခန်းထဲ အမြန်ဝင်ရင်း တံခါးပိတ်လိုက်တော့ အပြင်မှ ဖွဲ့ရဲ့ မေတ္တာပို့သံက အတိုင်းသား။ ရေချိုးခန်းတံခါးကို ကျောမှီကာ အားရအောင်ရယ်ပြီးမှ…

"မင်းအတွက် ဆိတ်သားခြောက်ဖုတ်ပြီး ဆီစိမ်ပေးထား တယ်၊ ခေါက်ဆွဲတစ်ထုပ်ပြုတ်ပြီး အဲဒါနဲ့ထမင်းနဲ့စားလေ၊ ဒီမနက် က ဝက်သားနဲ့ အာလူးချက်ထားပေးတယ်"

လှမ်းအော်မှ ဖွဲ့က ရေချိုးခန်းတံခါးကို ဒုန်းခနဲ လှမ်းထု ရင်း…

"အဲဒီလိုလိမ္မာသောကြောင့် မင်း ပုသိမ်ရောက်တာနဲ့ မင်းအမေ မိန်းမတန်းပေးစားပါစေ"

"ခွေးဝဲစား"

လို့ တိတ်တိတ်ဆဲပြီးမှ…

"ပေးစားတော့လည်း အဖတ်တင်တာပေါ့၊ မီးဖိုချောင်ဝင် ရတဲ့ဒုက္ခက ငါလွတ်တာပေါ့၊ ဟွန်း…မင်းသာ ယူစရာမိန်းမမရှိ တော့ အလျှော်အဖွပ်၊ အိမ်သန့်ရှင်းရေးကို ဆက်လုပ်ပေါ့"





ဆိုတော့ ဖွဲ့ထံမှ မအောင့်မအည်းနိုင်သော…

"လဒ…ငါက မင်းလိုပေးစားတာမယူဘူး၊ ငါ့ဟာငါ ရှာစားမှာ၊ သဘောပေါက်၊ နောက်မှ ထိုက်နဲ့ငါ အိမ်သန့်ရှင်းရေး အတူလုပ်၊ မင်းက မီးဖိုချောင်ထဲ ဒူးနဲ့မျက်ရည်သုတ်နဲ့ ဖြစ်နေဦး မယ်"

"အေး…ထိုက်က မီးဖိုထဲပဲဝင်မလား၊ သန့်ရှင်းရေးပဲ လုပ်မလား စဉ်းစားကြည့်လေ၊ ဒူးနဲ့မျက်ရည်သုတ်ရမဲ့ကောင်က မင်း"

"ဘာကွ…ငါနဲ့ထိုက်က"

"မင်းရဲ့ထိုက်မဟုတ်ဘူး၊ စည်းလုံးရဲ့ ရွှေနှမ်းထိုက်"

"ဟား…ဟား ဖွဲ့ရဲ့ထိုက်ကွ"

ဘာဘာညာညာမရှိဘဲ အဲဒီလို အနိုင်ပိုင်းအော်ရင်း ရန်ဖြစ် ရတာက သူတို့နှစ်ယောက်အတွက် အရသာ။ ထို့ကြောင့် စည်းလုံး နှင့် ဖွဲ့ခေတ်တို့သည် အတူနေ၍ အသွင်မတူသော ငယ်သူငယ်ချင်း နှစ်ယောက်မှာ နောက်တိုးသူငယ်ချင်းမလေးက ရွှေနှမ်းထိုက် ဖြစ်လေ သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"တီ…တီ…တီ"

ဟွန်းကို ထုံးစံအတိုင်း သုံးချက်ဆင့်တီးပစ်လိုက်သည်။ ဒီဟွန်းသံဆို မေမေတို့က သူပြန်လာတာ သိပြီးပြီ။ မေမေတင်မက ဒီခြံဝင်း၌ အလုပ်ထမ်းဆောင်သူတွေက စည်း ရန်ကုန်က ပြန်လာပြီဆို အပြေးအလွှား ကြိုဆိုကြစမြဲ။ အခုတော့ ဟွန်းတီးတာ သုံးချက်ပြည့်ပြီ။ အတွင်းမှ ခြံတံခါးမင်းတုံးဖြုတ်သံကြားရပြီး အနက်ပေါ် ရွှေရောင်ကနုတ်ဆင်ထားသည့် ဘေးဆွဲတံခါးကြီးက တော်တော်နှင့် ပွင့်မလာ။ အတွင်းမှ အားစိုက်တွန်းနေပုံရတာကြောင့် စည်း





က စိတ်မရှည်တော့ဘဲ…

"တီ"

ခပ်နဲ့ သံရှည်ဆွဲကာ ဟွန်းကို ဆောင့်တီးပစ်လိုက်သည်။ ထိုအခါမှ အလန့်လန့်အဖျပ်ဖျပ် ဖြစ်သွားပုံဖြင့် တံခါးကြီးက ဝေါခနဲ အသံပေးကာ ပွင့်သွားပြီး သူ့မျက်စိရှေ့ ရောက်လာတာက အဝါရောင်အရိပ်ကလေး။ တီရှပ်အဝါရောင်ခါးတို၊ စကဒ်က ဒူးကျော်လောက်ကို အဖျားနား၌ ကားကားလေးရှိသည့် အဝါပြောက်စကဒ်နှင့်။ စည်းက ထူးဆန်းစွာ မျက်မှန်ကို နဖူးပေါ်တင်ပြီး စူးစမ်းသည်။ အရင်က သူ့အိမ်မှာ ခြံစောင့်ဦးကျူးရယ်၊ ဒေါ်လေးမှုန်ရယ် ဒါပဲရှိတာပါ။ အခု ဒီကောင်မလေးက ဘယ်ကဘယ်လို။ အတွေး မဆုံးခင် ခြံတံခါးက လုံးလုံးလျားလျားပွင့်သွားပြီး အဝါရောင်အရိပ်လေးက တံခါးတစ်ဖက်ထောင့်နားမှာ ကပ်ရပ်သည်။ စည်းက ကားကို ဖြည်းဖြည်းမောင်းဝင်ရန် သူ့မဘေးမှအဖြတ် ဖျတ်ခနဲ ပင့်ကြည့်သော မျက်လွှာအောက်မှာ တအံ့တသြလှုပ်ရှားသွားသော နှုတ်ခမ်းနုစ်လွှာ။ ရှေ့ရှုတ်လိုက်မှန်းသိပေမဲ့ ဘာမှန်းမကြားလိုက်၍ စည်းက မျက်မှန်ကိုချကာ ကားကို ဆင်ဝင်အောက်အထိ မောင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ဆင်ဝင်အောက်မှာတော့ သူ့အား အပြုံးနဲ့ဆီးကြိုနေသော မေမေ။ သူက ကားစက်သပ်ရင်း ကားပေါ်ကဆင်းတာနှင့် မေမေက လက်နှစ်ဖက်ဆန့်တန်း၍ ရင်ဖွင့်ကြိုဆိုပြီးသား။

"အမလေး…မေမေ့သားလေး ကြည့်စမ်း မတွေ့ရတာကြာတဲ့ တစ်လအတွင်း ပိုတောင်ကြည့်ကောင်းလာသလိုပဲ"

"ကိုယ်ပြောပါရောလား၊ တို့အမျိုးက ခေါင်းမျိုးပါဆို၊ ကြီးလေလှလေ"

"က,လေ…ပေါ်လေဆိုတာလည်း ထည့်ပြော"

မေမေက မျက်စောင်းတစ်ချက်ရွယ်ပြီး ဖေဖေ့အား လှည့်ရန်စောင်သည်။ သူကတော့ မေမေ့ပခုံးကို သိုင်းဖက်ရင်း…

"နေကောင်းတယ်နော် မေမေ"

"ကောင်းပါ့တော်…သားကို လွမ်းနေတာကလွဲရင်"

"ဖေဖေရော"

"ကောင်းပါ့ကွာ…မင်းအမေကြောင့် နားညည်းတာကလွဲရင်"

ရယ်သံတွေ မြိုင်သွားသည်။ ဦးလေးကျုံးက သူ့ကားပေါ်က အထုပ်အပိုးတွေချရင်း…

"မုန့်တွေနဲ့ အသီးအနှံတွေပဲ ပါတာလားကွ၊ အဝတ်အစားအိတ်ရော"

"အဝတ်အစားအိတ် ယူစရာလား ကိုကျုံးရဲ့၊ သားက သူ့အိမ်သူပြန်လာတာပဲ၊ ဧည့်သည်မှမဟုတ်တာ"

သူမဖြေရသေးခင် မေမေက သူ့ခါးကို ဖက်ထားရင်း လှည့်ဖြေ၏။

"ဟုတ်ပါတယ် မမဖြူရဲ့၊ အခါတိုင်းလို ကွန်ပျူတာတွေဘာတွေမပါလို့ မေးတာပါ"

"တမင်မယူခဲ့တာ ဦးကျုံးရ၊ ကျွန်တော် ညပြန်မှာ"

"ဟင်…သားက ဒီမှာတစ်ပတ်လောက်မနေဘူးလား"

မေမေက အလန့်တကြား ထမေးသည်။ သူရောက်တိုင်း မေမေက ရသလောက်အချိန်ဆွဲပြီး နေခိုင်းတတ်တာပင်။ သူကလည်း နေချင်ပါသည်။ မိသားစုအရိပ်အာဝါသမှာ ငြိမ်းငြိမ်းချမ်းချမ်း။ သို့ပေမဲ့ ကိုယ်ထူထောင်ထားသော အလုပ်နဲ့ ထားရစ်ခဲ့ရသူက မငြိမ်းချမ်းမှန်း သိထားတော့။






www.burmeseclassic.com

www.burmeseclassic.com



"နေလို့မရဘူး မမေရဲ့၊ ရှေ့အပတ်ထဲမှာ ကုန်စည်ပြပွဲတစ်ခုရှိတယ်၊ ကျွန်တော်တို့ BRAND တွေပါဝင်ပြပြီး ဒစ်စကောင့်ပေးရမယ့် အရောင်းပြပွဲမျိုးလေ၊ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေပါမှာပေါ့၊ အဲဒီ့အတွက် ပြင်ဆင်ရမှာတွေရှိတယ်"

"ဖွဲ့ခေတ်ရှိသားပဲကွယ်"

"ဒီကောင်က"

"စိတ်ချထားလို့မှမဖြစ်တာ မိန်းမရာ"

သူ့စကားကို ဖေဖေက ဝင်ဆက်သဖြင့် စည်းက ရေငုံနှုတ်ပိတ်နေလိုက်ရသည်။ ဖွဲ့နဲ့ပတ်သက်ပြီး ဖေဖေသဘောမတွေ့တာသူသိသည်။ မေမေကလည်း ဖွဲ့အပေါ် စိတ်တိုင်းကျစရာတွေမှမရှိတာကို။

"ဒီလိုဆို…ဒေါ်လေးမှူနဲ့ပြင်ထားတဲ့ ဟင်းရံတွေကအလကားဖြစ်ကုန်ပြီပေါ့"

သူပြန်မယ်ဆိုတဲ့ သတင်းသဲ့ခနဲရတာနှင့် အနားသို့ရောက်ချလာတဲ့ ဒေါ်လေးမှူနဲ့ကြောင့် စည်းက ရယ်ကာ ဆိုဖာမှာဝင်ထိုင်ရင်း…





"အလကားမဖြစ်ပါဘူး ဒေါ်လေးမှူနဲ့ရဲ့၊ ဒီမှာတဝခွဲမယ်၊ ဒါမှမကုန်သေးရင် ရန်ကုန်အပြန်ထည့်သွားမယ်"

"အောင်မာ…ဒါ ဖွဲ့ကိုကျွေးချင်လို့ အကွက်ဆင်တာမဟုတ်လား"

မျက်စောင်းထိုးပြီး မေမေကမေးတော့ သူကထရယ်ရင်း

"သွန်ပစ်မဲ့အတူတူပေါ့ မေမေရာ"

လို့ပြောရင်း လှုပ်ခနဲဖြစ်သွားတဲ့ လိုက်ကာဆီ အကြည့်ရောက်သည်။ တစွန်းတစပေါ်နေတဲ့ အဝါရောင်အရိပ်ကလေးကိုမြင်ရတဲ့အခါ စည်းရင်ထဲ သိချင်စိတ်ကပြင်းပြစွာ…

သူမ ဘယ်သူလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မေးလို့လည်းမရပါဘူးကွယ်၊ အိမ်ကထွက်ပြေးလာတာ တဲ့"

"အိမ်ကထွက်ပြေးလာတဲ့သူကို မေမေတို့က ဒီအတိုင်း ကြီး"

အချိုပွဲတည်ထားတဲ့ ပန်းကန်ပြားထဲက ဖရဲသီးတစ်ဖွန့်ကို ခက်ရင်းနဲ့ ပါးစပ်ထဲထိုးသွင်းရင်း သူကမေးသည်။

"သနားလို့ပါ သားရဲ့"

ဓမမေကဖြေရင်း…

"ဒေါ်မွန်ကြီး ကားဂိတ်မှာတွေ့ပြီး အိမ်ခေါ်လာစကဆို





ပိုသနားဖို့တောင်ကောင်းသေးတာ၊ သူ့မှာ အထုပ်ကလေးပိုက်ပြီး ကျိုးကြည့်ကြောင်ကြည့်နဲ့"

"မရိုးမသားတော့ မဟုတ်လောက်ပါဘူးကွ၊ နိုကိုးရာမဲ့ ပြီးတော့ မိန်းကလေးတစ်ယောက်ဆိုတော့ မေမေတို့က ကာကွယ် စောင့်ရှောက်ထားတာမျိုးပါ၊ ဒါပေမဲ့ ဒီနှားက ရဲစခန်းတို့ တာဝန် ရှိသူတွေကို သတင်းပေးထားမျိုးတော့ လုပ်ရမှာပေါ့"

ဖေဖေ့စကားအဆုံး၌ အနားသို့ လူရိပ်တစ်ရိပ် ရောက်လာ ခဲ့သည်။ ဖျတ်ခနဲ မော့ကြည့်တော့ သူမ။ ဝတ်ထောက်ရှဲ ဆံပင် အိအိလေးတွေကို နဖူးစပ်ဆီ အပြောင်သိမ်းထားကာ ဖဲပြားအဝါ ရောင်အကြီးကြီး တပ်ထားပုံက ကလေးလိုလို ချွေးလိုလိုနှင့်။

"အအေးသုံးဆောင်ပါဦးရှင့်"

အအေးဖန်ခွက်တွေ ထည့်ထားသော ဗန်းလေးကို စားပွဲ ပေါ် ခါးကိုင်းချပေးရင်းက နောက်ပြန်ဆုတ်သွားတော့လည်း ရိုရို လေး။ မေမေက ဖေဖေနှင့်သူ့ထံ အအေးတစ်ဖန်ခွက်ဆီ ကမ်းပေး ပြီးမှ…

"သားကို မေမေခေါ်တဲ့ကိစ္စက မိန်းမငပေးစားဖို့"



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းမပါ ဗုံမတီးဘဲ ပြောချတာမို့ သောက်လက်စအအေး တောင် စည်းမှာ နင်သွားရတဲ့အဖြစ်။

"အာ…မေမေက လုပ်ပြီ"

"ဟဲ့…တကယ်ပြောတာ"

သူ့ပေါင်ကို လှမ်းပုတ်၍ ပြောတဲ့ပုံက တကယ်အတည်။ ဖေဖေ့ဘက် စစ်ကူရလိုရငြား လှမ်းကြည့်တော့…

"ဟုတ်တယ်…သား၊ မင်းအမေ စိတ္တဇဖြစ်နေတာက ဖွဲက သားထက်အိမ်ထောင်ရေးအရာမှာ သာသွားမှာကိုပဲ၊ သူတို့ ရာဇဝင်လည်း မင်းသိသားနဲ့၊ တကယ့်အပြိုင်အဆိုင်လေ"

"အို…ကျွန်မက မနာလိုစိတ်နဲ့ ပြိုင်ခဲ့တာမျိုးမဟုတ်ပါ ဘူး အစ်ကိုရဲ့၊ သူကသာ ကျောင်းလည်း ကျောင်းအလျောက်၊ ယောကျ်ားလည်း ယောကျ်ားအလျောက်၊ ဟွန်း…နောက်ဆုံး ကလေးမွေးတာတောင် လိုက်ယှဉ်တာမျိုး"

ဒီအကြောင်းအရာတွေက သူမမွေးခင်ကတည်းက ဖြစ်တည်ခဲ့တာပါ။ မေဂျာတစ်ခုတည်းမှာ ကွင်း(န်)ပူးတွဲရခဲ့တဲ့ မေမေ့ဘို့ရဲ့ ပြိုင်ပွဲက ထိုမှစခဲ့တာဖြစ်မည်။ လက်ထပ်ပွဲ ကျင်းပတော့





လည်း ထိုခေတ်ထိုအခါက နာမည်အကြီးဆုံး ဟိုတယ်ကြီးမှာ ခန်းမတွေငှားကြတာလည်း အပြိုင်။ ယူကြတဲ့ယောကျ်ားတွေက စစ်ဗိုလ်ရာထူးချင်း အတူတူမှာမှ ဖွဲ့အဖေက ဗွဲငါးနှစ်သားအရွယ်မှာ ရှေ့တန်း၌ ကျဆုံးသွားခဲ့သည်။

"ဟွန်း…အဲဒါ သူများအပေါ် မနာလို မစ္ဆရိယများတော့ ကံနိမ့်တဲ့ သူ့ယောကျ်ားပဲ ထိတာမျိုးပေါ့"

လို့ မေမေပြောဖူးတာ သူကြားဖူး၏။

"အေးလေ…သူက မနာလိုမယ်ဆိုလည်း မေမေဖြေသာ ပါတယ်သားရဲ့၊ စစ်ဗိုလ်ချင်း လက်ထပ်တာပေမဲ့ မင်းအဖေမှာ မိဘဘိုးဘွားပိုင် စည်းစိမ်ဆိုတာ သူတစ်ဦးတည်း ခံစားရအောင် ဖေဖေက တစ်ဦးတည်းသောသားလေ၊ သူယူတဲ့ယောကျ်ားက မောင်နှမကများတဲ့အထဲ အမွေဆိုတာ မယ်မယ်ရရမရှိတော့"

လို့ပြောခဲ့ပေမဲ့ ဖွဲ့အပေါ် သည်းခံဖို့တော့ မေမေက သူ့ကို အရင်သင်ပေးခဲ့တာ။

"ဖတဆိုးလေး…သနားပါတယ်"

ဆိုတဲ့စကားဟာ သူ့အသည်းထဲ သံမှိုစွဲသလို။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခွဲနေ့တတွဲတွဲဖြစ်ခဲ့တာ ဟိုးငယ်စဉ်ကတည်းက။ တက္ကသိုလ်တက်ကြတော့လည်း ရန်ကုန်မှာပဲတက်ဖို့ တိုင်ပင်ခဲ့တာ စိတ်တူကိုယ်တူ။ မေမေတို့က ပုသိမ်၊ ဖွဲ့အမေ အန်တီမာလာတို့က မြောင်းမြမို့ ပုသိမ်တက္ကသိုလ်မှာပဲ တက်ရန်ပြောပေမဲ့ သူတို့က အဆောင်မှာနေရင်း ရန်ကုန်၌ခြေချရန် ကြံစည်ခဲ့တာ ဘွဲ့မရခင်ကတည်းက။ ဘွဲ့ရပြီးတော့ လုပ်ငန်းတည်ထောင်ရန်အတွက်က နှစ်ယောက်စလုံး ဝါသနာပါတဲ့ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေရောင်းသော ရှိုးရှမ်းတစ်ခု ဖွင့်ခဲ့သည်။ အခု ကိုယ်တွေလုပ်ငန်းအောင်မြင်လာတော့ အမေနှစ်ယောက်ရဲ့ ဗီဇပိုး ပြန်ပေါ်လာတာက သားတွေရဲ့ အိမ်ထောင်ရေး သူ့ထက်သာစေရန်။

"ဒင်းအမေပြောတာ မှန်တယ်သား၊ မာလာဟာ အင်မတန်ပြိုင်ဆိုင်ချင်စိတ် ကြီးတဲ့မိန်းမ၊ ဖွဲ့ခေတ်ကလည်း မအေ့စကားမှ မအေ့စကား"

"ဒါတင်ဘယ်ကမလဲ အစ်ကိုရဲ့၊ ဟိတ်ဟန်ကလည်း ထုတ်တတ်တာ နှစ်ယောက်မရှိဘူး၊ ဟိုတစ်ခေါက် ရန်ကုန်လိုက်သွားတုံးကလေ သူက တကယ့်ဆိုင်ပိုင်ရှင်ကြီးအတိုင်းပဲ၊ လက်ညှိုး





တထိုးထိုးနဲ့ ညွှန်ကြားနေတာလေ၊ တကယ်တမ်းကျ ကိုယ့်သားက ရှယ်ယာအများဆုံး ထည့်ထားတာကို"

ဒါ အမြဲကြားရတဲ့စကား။ သူ့အလျှော့ပေးတာကိုတွေ့တိုင်း မေမေ့မှာ နာလိုခံခက်။ စည်းကလည်း ဖွဲ့အကြောင်း မသိလို့မဟုတ်ပေမဲ့ သိသမျှ ထုတ်ဖော်မပြောတတ်တာ သူ့အကျင့်မို့…

"မေမေပဲ ငယ်ငယ်တုံးကတော့ သည်းခံပါဆို"

"အေးလေ…အခု မင်းဟာက သည်းခံရုံမကဘူး၊ ဟိုက ရူလည်လုပ်သမျှ ငြိမ်ခံနေလွန်းလို့၊ အဲဒီလိုငြိမ်ခံနေလို့လည်း မေမေ့မှာ မနေနိုင်မထိုင်နိုင် ဝင်စီစဉ်ပေးရတာ၊ ဟိုနေ့ကတင် မာလာဖုန်းဆက်တယ်လေ၊ သူက အဲဒီ့ရွှေနန်းထိုက်ဆိုတဲ့ သူကို ချွေးမတော်ဖို့ ပြင်ဆင်ပြီးသားဆို"

"အလကားပါ မေမေရာ၊ ဖွဲ့ရှိုးတိုင်း အန်တီမာလာက ယုံနေတာ၊ ဟိုက အဖြေတောင်မပေးရသေးဘူး"

စည်းက ပေါ့ပျက်ပျက်နှင့်ပြောရင်း ဖန်းသီးတစ်စိတ်ကို ထပ်ဝါးကာ…

"ဒေါ်လေးမှုန်…လက်ဖက်လေးဘာလေးများ မစားရဘူး



www.burmeseclassic.com

www.burmeseclassic.com



လားဗျာ"

"လာပါပြီ လူလေးရဲ့၊ ဒီမှာ လူလေးအကြိုက် ချဉ်ငန်စပ်စပ်လေး"

ဒေါ်လေးမှုန်လာချပေးတဲ့ လက်ဖက်သုပ်ကို သူက လက်ပြောင်းယူရင်း တစ်ဇွန်းခပ်စားကာ...

"အားပါးပါး...အရသာကရှယ်ပဲဗျို့"

မျက်လုံးတွေဘာတွေမှိတ်ပြီး ကောင်းချီးပေးနေလေသည်။ ဒါကိုပဲ ဒေါ်ပွင့်ဖြူက မကြိုက်သလိုနှင့် သားဖြစ်သူလက်မောင်းအား ဝိတ်ရိုက်ရင်း...

"ဒီမှာ ထောင်တန်တဲ့စကားပြောမလို့၊ မင်းက နောက်တီးနောက်တောက်နဲ့၊ မင်းကို မေမေတို့ မိန်းမပေးစားမလို့ဆို"

"ကျစ်...ဒါပဲ အပ်ကြောင်းထပ်နေပြီ၊ ကျွန်တော်မှ မလိုချင်တာ မေမေရာ"

"မင်းလိုချင်ပါတယ်ဆိုတောင် ဟိုကမရှိဘူး"

"ဒီကိစ္စ ဖေဖေပါသိသလား"ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်တော့ ဖေဖေက ခေါင်းညိတ်ပြရင်း...





"မင်းစိတ်ကြိုက်ယူလာရင် မိဘတွေ စိတ်တိုင်းမကျဖြစ်မှာ မင်းမစိုးရိမ်ဘူးလား စည်း"

"ဟုတ်...အဲဒါလည်း ထည့်တွက်ထားပါတယ် ဖေဖေ"

မယုတ်မလွန် အဖြေပေးရသည်။ ဖေဖေပါဝင်သော ပွဲဆိုဖျက်ဖို့မလွယ်တာ သူသိပြီးသား။ ဘာကိစ္စမဆို စနစ်တကျ လေ့လာစနစ်တကျ စီမံတတ်တဲ့ ဖေဖေ့အမိန့်က သူ့အတွက် လွန်ဆန်စရာအကြောင်းရှာရန် မရှိတာ သေချာသည်။

"တခြားမစဉ်းစားနဲ့တော့ သား၊ ကလေးမလေးက မျိုးရိုးကောင်းတယ်၊ ပညာတတ်ပြီး တကယ့်တော်ဝင်မိသားစုက ဆင်းသက်လာတာမျိုး၊ သူနဲ့အဆက်အသွယ်ရတာနဲ့ သားကို လက်ထပ်ပေးဖို့ စီစဉ်မယ်"

"ဒါကြောင့် ဒီအတောအတွင်း မင်းမှာ တခြားရှုပ်ရှုပ်ယှက်ယှက်တွေ မကြားရစေနဲ့"

ညှပ်ပူးညှပ်ပိတ် ပြောကြတာက ဒီအဖေအမေမို့ သူ့မှာ ခေါင်းမခါနိုင်ဘဲ ခေါင်းငုံ့ဆိတ်ငြိမ်ခြင်းကပဲ လက်ခံခြင်းအဖြစ် ရောက်ပြီတဲ့လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဟင်"

ရုတ်တရက်မို့ လန့်သွားသည်။ သေချာစေရန် ကားနောက်ခန်းမီးဖွင့်ကြည့်မှာ…

"ဟာ…မင်း"

"ဟော့"

အလန့်တကြား အာမေဋိတ်သံအဆုံး၌ ကားပါ ဘရိတ်အောင့်နင်းပစ်တော့ သခင့်အမိန့်နာခံသလို ကားက လမ်းဘေး၌ တိခနဲရပ်သွားသည်။

"မင်း…ဘယ်လိုဖြစ်ပြီး ငါ့ကားပေါ်ရောက်နေရတာလဲ





ဟင်၊ အာကွာ….ဒုက္ခပဲ၊ ပုသိမ်နဲ့ကလည်း တော်တော်ဝေးနေပြီ၊ ဟော့ ဒီမှာ"

"ဒုက္ခမရောက်ပါဘူးရှင်၊ ရွှယ်ရွှယ် ရန်ကုန်လိုက်ချင်လို့ပါ"

ကားအတွင်းက မီးရောင်ကြောင့် စိတ်ညစ်နေသောသူ့မျက်နှာကို ရွှယ်ရွှယ် အထင်အရှားတွေ့နေရသည်။ လိုတာထက်ထူထဲထဲမျက်ခုံးတွေအောက်မှာ မျက်လုံးပြူးပြီး မျက်တောင်တွေရှည်လျားကော့ပျံနေတာက မိန်းကလေးတောင် အရှုံးပေးရမည်။ နှာတံကစင်းပြီး ပေါ်လွင်သည်။ နှုတ်ခမ်းကပါးပြီး ထောင့်ချိုးညီပုံကျတာကြောင့် ဘယ်နေရာကြည့်ကြည့် ဆွဲဆောင်မှုရှိနေတာအမှန်။ ဒါ ရွှယ်ရွှယ့်စိတ်ထင်ပဲလားတော့ မသိ။ သူကတော့ ရွှယ်ရွှယ်ကိုစေ့စေ့စပ်စပ်ကြည့်ကာ လှိုင်းတွန့်တွေနဲ့ ပွယောင်းယောင်းရှိသောကုတ်ထောက်ဆံပင်အား ကျစ်ခနဲ စုတ်သပ်ရင်းအော်သည်။ ပြီးမှစိတ်ရှုပ်ပုံနှင့် ထိုဆံပင်ရှည်အား နဖူးမှအပြောင်သိမ်းပြီး ဒတ်(ရှ်)ဘုတ်ထဲက ခေါင်းစည်းကြိုးနှင့် ယူစည်းပုံကိုကြည့်ရင်း ရွှယ်ရွှယ်မှာအထူးအဆန်းကိုဖြစ်လို့။ သူကတော့ လုပ်သမျှ မျက်လုံးပြူးပြီးလိုက်ကြည့်နေတဲ့ ရွှယ်ရွှယ်အား မျက်ခုံးတွန့်တွန့်နဲ့ ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်…မင်းကို မေမေတို့ဆီ ပြန်ပို့မယ်"

အပြောထက် လက်ကမြန်သည်။ ဝှန်းခနဲလှည့်ပြီး ကား စက်နှိုးဟန်ပြင်တော့ ရွှယ်ရွှယ်က အလန့်တကြားဖြစ်သွားရင်း…

"ဟင်..အဲဒီလိုမလုပ်ပါနဲ့၊ ရွှယ်ရွှယ် ရန်ကုန်လိုက်ချင်လို့ပါဆို"

"ဟ…ဘယ်ဖြစ်မလဲ၊ မင်းပျောက်သွားရင် ငါ့အမေတွေ မင်းကိုစိတ်ပူနေမှာပေါ့"

"မပူပါဘူး"

"ဟမ်…ဘယ်လို"

တထူးတဆန်းနှင့် မျက်နှာက နောက်ခန်းဘက်ဆီ ပြန်လှည့်သွားရပြန်သည်။ နောက်ခန်းမှ ကောင်မလေးက သူ့ကို မရဲတရဲကြည့်ရင်း…

"ဟို…စိတ်မပူအောင် ရွှယ်ရွှယ် စာရေးခဲ့တယ်"

"ဘယ်လိုရေးခဲ့တာလဲ"

"ရွှယ်ရွှယ် အိမ်ပြန်သွားပြီလို့"

"ဪ…ဒါဆို မင်းအိမ်က ရန်ကုန်မှာပေါ့ အဲဒီလိုလား"





စိတ်ထဲ အလုံးကြီးကျသွားသည်။ ကေ့ကွ အိမ်ပြေးမလေး က ရန်ကုန်ပြန်ချင်တာ သူနှင့်လမ်းကြုံလိုက်မည်။ ဒီလိုဆိုတော့လည်း မဆိုး။ ကားပေါ်တင်ခေါ်သွားရတာပဲ။ သည်းအတွက် ဘာအခက်အခဲမှမရှိနိုင်။ ရန်ကုန်ရောက်မှပဲ လိပ်စာလေးမေးပြီး လိုက်ပို့ပေးမည်ဆိုသော ကိုယ့်အတွေးနှင့်ကိုယ်က အဟုတ်။

"ဟို…မဟုတ်ဘူးရှင့်"

"ဘာမဟုတ်တာလဲ"

"ရွှယ်ရွှယ်က ရန်ကုန်ကမဟုတ်ဘူး"

"မင်းပဲ ရန်ကုန်ပြန်မယ်ဆို"

"ဟို…အဲဒါ သူ့အိမ်လိုက်မလို့"

"ဘာ"

ထိုးထားတဲ့ လက်ညှိုးက ကိုယ့်ဆီတည့်တည့်ကြီးမို့ ဒီ့ထက်သေချာတာ ထပ်မရှိတော့။ လူက ကားအမိုးကိုဖောက်ပြီး တောင် ပျံသန်းသွားချင်တဲ့အထိ အံ့သြတာရော၊ စိတ်ရှုပ်ထွေးတာ ရောနဲ့ ဒီနေရာက လွတ်ရာကျွတ်ရာ ရောက်ဖို့သာအဓိက။

"မင်းက ငါ့အိမ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ ခေါ်သွားပါ၊ အဲဒီအိမ်ကိုရောက်ရင် ဘာခိုင်းခိုင်း ရွှယ်ရွှယ် အကုန်လုပ်ပေးပါ့မယ်၊ ရွှယ်ရွှယ် ဒီပုသိမ်မှာ ဆက်နေလို့မဖြစ်လို့ပါ"

"နေပါဦး…မင်းက ဘာလို့ ငါ့အဖေအိမ်မှာ ဆက်မနေချင်တာလဲ"

"ရွှယ်ရွှယ်ရောက်နေကြောင်း ဟို ရပ်ကွက်ရုံးကလူကြီးကို အသိပေးရမယ်တဲ့"

"အေးလေ…ဒါ ထုံးစံပဲဥစ္စာ"

"ထုံးစံပေမဲ့ မရဘူး၊ အဲဒါဆို ရွှယ်ရွှယ်ကို ပြန်မိသွားမှာပေါ့"

"ဘာ…ပြန်မိသွားမှာ"

သူကမေးတော့ သူမက ခေါင်းတဆတ်ဆတ်ညိတ်ပြတာက ပါးပြင်ပေါ် ဆံပင်အိအိတွေ ဝဲခနဲကျလာတဲ့အထိ။

"ပြန်မိသွားမှာ မင်းကကြောက်နေတော့ နေပါဦး မင်းက ဥပဒေတွေ ဘာတွေနဲ့ မလွတ်ကင်းတာများ"

"သြော်…အဲဒီလိုမရှိပါဘူး"





"ဒါဆို…မင်း ဘာလို့အိမ်ကထွက်ပြေးလာတာလဲ"

"ဟို…အိမ်က ယောကျ်ားပေးစားလို့၊ ပြီးတော့"

ကောင်မလေးက စကားမဆက်ဘဲ ဖျတ်ခနဲခေါင်းငုံ့ကာ မျက်လွှာချသည်။ ကားအတွင်း၌ ရုတ်ခြည်းတိတ်ဆိတ်သွားပြီးမှ…

"ရွှယ်ရွှယ်…အစ်ကိုကို ပြန်ရှာချင်လို့ပါ"

အဖျားခတ်စကားသံဟာ တိုးတိတ်တိမ်ဝင်သွားပြီးမှ မျက်ရည်တစ်စက်သည် လေဟာနယ်ကို ဖြတ်သန်းပြီး သူမလက်ဖမိုးပေါ် ကြွေကျတာ သူမြင်ရသည်။ ဘယ်လိုအင်အားနှင့် သူ့ရင်ကို နူးညံ့စေမှန်းမသိ။ ကားရှေ့ခန်းမှ စီးမိုးမြင်နေရသော မျက်တောင်ဖျားတွေ။ အသံမထွက်ဘဲ ကျိတ်ရှိုက်နေသည့် နှုတ်ခမ်းတွေက အလင်းရောင်တစ်စွန်းတစ်စအောက်မှာပင် သူ့ကရုဏာတရားအား တိုက်စားဖွဲ့ခြွေယူသွားသည့်နောက်…

"မင်းအစ်ကိုက ဘယ်သွားလို့လဲ"

"ဟို…ရန်ကုန်လို့ပြောတာပဲ"

"ရန်ကုန်မြို့က အကျယ်ကြီးကို၊ မင်းဘယ်လိုရှာမလဲ"

"မရှာလည်း ရွှယ်ရွှယ် အိမ်ပြန်လို့မဖြစ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ရွှယ့်မှာ အားကိုးစရာဆိုလို့ ရှင်ပဲရှိတော့တာမို့ပါ၊ ကူညီပေးပါ၊ ရွှယ်ရွှယ့်ကို ရှင့်အိမ်ကိုပဲ''

''နေပါဦးကွာ…ငါ မင်းအတွက်ပြောတာနော်၊ ယောကျ်ားမလိုချင်တာနဲ့ မိဘအိမ်က ထွက်ပြေးပြီး တခြားသူ့စိမ်းအိမ် လိုက်နေတယ်ဆိုတာ သဘာဝမကျပါဘူး၊ မိဘနဲ့သားသမီးပဲ ပြန်ညှိနှိုင်းပြီး''

''ညှိနှိုင်းလို့မရလို့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ရွှယ်ရွှယ်မှာ မိဘအရင်းတွေ မရှိတော့လို့ပါ''

''ဘယ်လို''

စိတ်ဝင်စားခြင်းကြောင့် သူ့မျက်နှာက ရှေ့နှစ်ပေလောက် ထွက်သွားရသည်။ နှစ်ယောက်အကြား ရှေ့ခန်းနှင့်နောက်ခန်း အသံတိတ်နေပေမဲ့ တအိအိပျော်ဆင်းကျလာသည့် မျက်ရည်တွေက 'တိတ်တိတ်နေစမ်း' လို့ အမိန့်ပေး၍မရအောင် စကားဝါပါးပြင် နှစ်ဖက်မှာ မြစ်တစ်စင်းစီ ဖြစ်ထွန်း၏။ မျက်ရည်တစ်ပေါက်ကျတိုင်း လက်ဖမိုးနဲ့ ပွတ်ဆွဲလိုက်၊ အင်္ကျီခနဲ့ ရှိုက်လိုက်နှင့် လုပ်နေပုံကလည်း စည်းချက်ညီညီ။ ဖြစ်နိုင်လျှင် စည်းက အားရအောင်ငို





စမ်းဆိုပြီး ပစ်ထားချင်သည်။ ခက်တာက စည်းရဲ့အသံက ထိုမျှအထိ မမာနိုင်သောအခါ…

''မင်းကို လက်ထပ်ပေးဖို့စီစဉ်တာ မိဘတွေမဟုတ်ဘူးပေါ့''

''ဟုတ်…အဲဒါကြောင့် ရွှယ်ရွှယ့်အစ်ကိုကို တွေ့အောင်ရှာပြီးမှ တချို့ဖြေရှင်းစရာလေးတွေ ရှိသေးလို့ပါ၊ ရွှယ်ရွှယ် ထပ်တောင်းပန်ပါတယ်၊ ခေါ်သွားပေးပါနော်၊ ပြီးတော့ ရှင်ကြိုက်ရာခိုင်းပါ''

သူက မျက်နှာလွှဲကာ ခေါင်းတစ်ချက်ကုတ်ရင်း…

''မင်း…ငါ့အပေါ် ဘယ်လိုယုံကြည်သွားတာလဲ''

''အရေးကြီးလို့လား အဲဒါ''

မျက်လွှာပင့်မေးတော့ မျက်ရည်လက်ကျန်တွေက မျက်ဝန်းထဲ အရောင်လက်နေဆဲ။ စည်းက ခေါင်းညိတ်ပြမှ သူမက စည်းမျက်နှာအား စေ့စေ့ကြည့်ကာ…

''ရွှယ်ရွှယ့်ကိုကိုနဲ့ တူလို့ပါ''

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အင်း…တော်တော်တူတာပဲ"

စည်းက အိတ်ဆောင်ဓာတ်ပုံလေးကိုကြည့်ပြီး မှတ်ချက်ချတော့…

"မတူတာရှိတယ်"

"ဘာလဲ…ဆံပင်အတိုနဲ့ ငါက အရှည်လား"

"ဟင့်အင်း"

ထမင်းကြော်နဲ့ ကြက်ဥကြော်တဖွဲ့ကို ဖွန်းနှင့်ခပ်ပြီး ပါးစပ်ထဲသွင်းသည်။ ထို့နောက် ပါးစောင်တစ်ဖက်ကို ပို့ပြီး နှုတ်ခမ်းစေ့





ကာ ပါးဖောင်းတဲ့အထိ ဝါးနေတဲ့ သူမပုံစံကို စည်းက စိတ်ရှည်လက်ရှည် စောင့်နေရသေးသည်။ အပြီးသတ် ဟင်းချိုတစ်ဇွန်း ခပ်သောက်ပြီးမှ…

"ကိုကို့မျက်နှာက အမြဲတမ်း ပြုံးချိုနေတာပဲလေ၊ ကြည့်ပါလား"

ဓာတ်ပုံဆီ လက်ညှိုးပါထိုးပြတော့ စည်းက ယောင်မှားစွာ ထပ်ခါပြန်ကြည့်ဖြစ်သည်။ ဟုတ်သည်။ ဓာတ်ပုံက ရင်တစ်ပိုင်းလောက်မှ ဖြတ်ရိုက်ထားကာ တောင်ကြီးတန်ဆောင်တိုင်လို ပွဲတော်မျိုးကို နောက်ခံထား၍ ရိုက်ထားတာမျိုး။ ညအမှောင်ထဲမှာ နောက်ခံက မီးပုံးပျံကြီးတွေနှင့်။ သူမနဲ့ သူမအစ်ကိုက ပါးချင်းကပ်ပြီး တအားရယ်နေသည့်ပုံလေးမို့ ထိုထဲ၌ သူနဲ့သာ ရုပ်ချင်းတူသည်။ ဟိုတစ်ယောက်က အတော်ဖော်ရွေပျူငှာမည့်ပုံလို့ တွေးကာ

"သူနဲ့မင်းက အသက်ဘယ်လောက်ကွာလဲ"

"ကိုကိုက ရွယ်ရွယ်ထက် ငါးနှစ်ကြီးတယ်"

စည်း ကမ်းပေးသောဓာတ်ပုံကို လှမ်းယူကာ ပိုက်ဆံအိတ်လေးထဲ တယုတယ ပြန်ထည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကျတော့ ရွှယ်ရွှယ်ထက် ဘယ်နှနှစ်လောက် ပိုကြီးမလဲ၊ ကိုကိုနဲ့ရွှယ်တူတော့ မဖြစ်နိုင်ပါဘူး"

"ငါက နှစ်ဆယ့်သုံး"

"ဒါဆို နှစ်နှစ်ပဲကြီးတာ၊ ရွှယ်ရွှယ်က နှစ်ဆယ့်တစ်၊ ဒါနဲ့ ခင်ဗျားနာမည်က"

"တော်တယ်နော်၊ ငါ့အိမ်လိုက်နေမဲ့သူက အခုမှ ငါ့နာမည်မေးတာ"

စည်းက စားသောက်ခြင်းကို လက်စသတ်ပြီး ပြုံးမဲ့မဲ့နှင့် ပြောသည်။

"အခုမှမေးခွင့်ကြုံတာလည်း ထည့်ပြောလေ၊ ခင်ဗျားအိမ် လိုက်နေဖို့ တစ်လမ်းလုံး ငိုရရယ်ရ တောင်းပန်ရတဲ့"

စကားပြောရင်း အဆုံးသတ်ကျလျှင် မျက်စောင်းပါ အဆစ် ထိုးတတ်တာ သူမရဲ့အကျင့်ထင်သည်။ စည်းက ခုံမှာကျောမှီကာ ရင်း ခါးဆန့်လက်ပိုက်ကာ…

"ငါ့နာမည်က စည်းလုံး"

"စည်း…လုံး"





တစ်လုံးချင်း သံယောင်လိုက်ရွတ်ပြီးမှ…

"ကိုစည်းလို့ခေါ်ရမလား၊ ဒါမှမဟုတ် ကိုလုံးဆိုပြီး၊ ဟင် အဲဒါကြီးက မကောင်းပါဘူး"

တစ်ယောက်တည်း အဆိုပြု၍ တစ်ယောက်တည်း ပယ်ချ တော့ ခေါင်းရောလက်ပါခါပြီး…

"စည်းပဲခေါ်မယ်၊ ဖြစ်တယ်မဟုတ်လားဟင်၊ အသက် လည်း သိပ်ကွာတာမှမဟုတ်တာ"

"ရပါတယ်၊ ကဲ မင်းဗျူးလို့ပြီးရင် အခု ငါ့အလှည့်"

"ဟုတ်…မေးပါ"

စားပွဲပေါ်လက်တင်ပြီး ရင်သတ်နဲ့စားပွဲအစွန်း ဖိကပ်ကာ ကိုယ်ကို ရှေ့တိုးလိုက်ပုံက တကယ့်တလေးတစားဖြေတော့မည့် ဟန်နှင့်…

"မင်းနာမည်"

"ရည်ရွှယ်ရာ"

"မင်းအစ်ကိုနာမည်"

"ခင်ဗျားအိမ်မှာ ရွှယ်ရွှယ်ပဲ လိုက်နေမှာလေ၊ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



နာမည် သိဖို့လိုလို့လား''

မျက်လွှာပင့်ပြီး မေးခွန်းပြန်ထုတ်တိုင်း အပေါ်နှုတ်ခမ်းလေးက ရှေ့သို့ထွက်နေတာမို့ နှုတ်ခမ်းစူနေတာမျိုးလို။ မျက်နှာက လေးထောင့်ဆန်ချင်ပေမဲ့ ပါးလေးဖောင်းကာ နှုတ်ခမ်းတွေကို စုလုံး- နေတာမို့ ချစ်စဖွယ်လေးပါ။ ဒီကြားထဲ ဆံပင်က ကုတ်ဝဲပျော့ပျော့ အိအိလေးကို ရှေ့ဆံပင်တွေသိမ်းပြီး ဦးခေါင်းထိပ်ကျကျမှာ ဖဲပြား ကြီးကြီးနဲ့ ညှပ်တင်ထားတာမို့ ကလေးဆန်ဆန်ရုပ်ကလေးက အထင်းသား။ ဒါပေမဲ့ အရပ်ကျတော့ ရှည်ပြီး လည်တိုင်ရှင်းရှင်း မှာ ဝတ်သမျှက တီရှပ်ခါးတို။ ဒူးကျစကဒ်အကားတွေနဲ့မို့ ကလေး မကျ လူကြီးမဆန်သော ထိုကောင်မလေးက စကားပြောကျတော့ လည်း သွယ်ဝိုက်တာတွေမရှိဘဲ တဲ့တိုးကြီးမေးတတ်ပြန်သည်။ စည်းက သူမဖြေမချင်း မျက်လုံးကြီးပြူးပြီး စောင့်ကြည့်နေတဲ့သူမ ကြောင့်…

''နာမည်သိမှ ရှာရလွယ်မှာလေ၊ ရန်ကုန်ရောက်ရင် မင်းအစ်ကိုကို ရှာပေးဖို့ မင်းပဲအကူအညီတောင်းတာ၊ ပြီးတော့''

''ကိုကိုနဲ့ခင်ဗျားက ဒီလောက်ရုပ်ချင်းတူတာကိုပဲ နာမည်





တောင် မေးစရာမလိုဘူး၊ တွေ့တာနဲ့ လက်ဆွဲခေါ်လာခဲ့ ပြီးတာပဲ''

''ဩော်…ဗလိုင်းကြီး လက်သွားဆွဲလို့ ဟိုက ငါ့ကိုထ ထိုးမှာပေါ့၊ နေပါဦး…နာမည်လေးပြောဖို့ ဒီလောက်ကပ်သပ်နေရ အောင် မင်းအစ်ကိုကရော ပြစ်မှုတွေဘာတွေ ကင်းရှင်း''

''ဟော့လူ''

သတိလက်လွတ်နဲ့ စားပွဲခုံကို လက်ဝါးဖြင့် ဖြန်းခနဲ ရိုက်သည်။ ပြီးမှ ဘေးပတ်ဝန်းကျင်ကို သတိရသွားဟန်ဖြင့် မျက်လုံးဝေ့ကစားတော့ တခြားဝိုင်းတွေမှ အကဲခတ်အကြည့်တွေနှင့် တန်းတိုး၏။ ဒီတော့မှ ရှယ်ရှယ်က ဒေါသကိုလျှော့ချရင်း စည်းထံ မကျေမနပ်လှမ်းကြည့်ကာ…

''ကိုကိုက ခင်ဗျားပြောသလို မဟုတ်ဘူး''

''ဒါဖြင့်ပြောလေ နာမည်''

နှုတ်ခမ်းက မပြုံးပေမယ့် မျက်ဝန်းထဲ ရယ်မြူးရိပ်တွေ နဲ့ မေးသော စည်းမျက်နှာကိုကြည့်ကာ မျက်စောင်းမထိုးမိအောင် ထိန်းရင်း…

''မျှော်လင့်ရာ''



www.burmeseclassic.com

www.burmeseclassic.com



"အင်း…နာမည်တွေက အလန်းစားတွေပဲ၊ နေရပ်က"

"ခင်ဗျား…သန်းခေါင်စာရင်းကောက်နေတာလား"

"သိဖို့လိုအပ်မယ်ထင်လို့"

"ရွှယ်ရွှယ်ကတော့ မလိုဘူးထင်တာပဲ၊ ခင်ဗျားဆီက ဘာမှလိမ်လည်ဖို့ စိတ်ကူးမရှိဘူး၊ အဲဒါကိုယုံရင် လိပ်စာမမေးနဲ့၊ မယုံရင် ဒီဆိုင်ကနေပဲ လမ်းခွဲမယ်၊ ရတယ်"

"အကူအညီတောင်းတဲ့သူကလည်း မာရေကျောရေနဲ့"

"ဟုတ်တယ်လေ၊ လူတစ်ကိုယ်လုံး ခင်ဗျားနိုင်းတာ လုပ်ပါ့မယ်ဆိုတဲ့ ဂရမ်ဒီပေးထားတာတောင် မလုံလောက်ဘူးဆိုရင် ဆောရီး"

ပေါင်ပေါ်တင်ထားတဲ့ ကျောပိုးအိတ်ကို ပန်းတစ်ဖက်မှာ ပြီးစလွယ်ချိတ်ကာ ထိုင်ရာမှထသည်။

"ညစာအတွက်ရော လမ်းတစ်ဝက်ထိ ခေါ်လာတဲ့ အတွက် ကျေးဇူး၊ လျှော့တယ်လို့ သဘောထားပြီး သာမခေါ်ရင် ခင်ဗျား ကုသိုလ်ရမှာပါ"

ရွှယ်ရွှယ် ကျောခိုင်းထွက်ခဲ့သည်။





ပြောချင်သောစကားတွေက ရင်ဘတ်နှင့်အပြည့်။ ဒီလောက်ပြောခဲ့ရတာတောင် အားမရနိုင်ဘဲ ရင်ထဲတလှိုက်လှိုက် တက်လာတာက လက်ကျန်စကားများနှင့် ရောထွေးသွားသော ဝမ်းနည်းခြင်းများ။ ခြေလှမ်းတစ်ခါလှမ်းတိုင်း သိမ်ငယ်စိတ်က ရင်ဝကို ထိုးဆောင့်သည်။

"ဒီ…အိမ်…အရိပ်နဲ့ ဝေးရာကိုပြေး၊ ညည်းကိုမတွေ့ မချင်း သူတို့ဘာမှလုပ်လို့မရဘူး"

ထိုစကားတို့ကို ပြန်ကြားယောင်တော့ မျက်ရည်တွေက အသိမပေးဘဲ ဝေါခနဲ ပြိုဆင်းသည်။ နိုလှုံရာမဲ့သော နေ့ရက်တွေ ထဲမှာ သူမက တစ်ယောက်တည်း စမ်းတဝါးဝါး လျှောက်ရမည့် လမ်းက ဘယ်လောက်ရှည်လျားသလဲ။ ရွှယ်ရွှယ်မသိ။ ခုချိန်မှာ အလိုချင်ဆုံးဆန္ဒက အတိတ်ကို နောက်တစ်ခါပြန်သွားခဲ့ရလျှင်။

"ဟော့…ရည်ရွှယ်ရာ"

ခေါ်လည်းခေါ် လက်ပါဆောင့်ဆွဲခံရ၍ လှမ်းလက်စ ခြေလှမ်းတွေ တိခနဲရပ်သွားသည်။

"လာ…ကားပေါ်တက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ခင်ဗျားက လူကို"

"ပြောချင်တာနောက်မှပြော၊ မိုးကအော်လာပြီ၊ ရွာတော့မှာ"

ဒီတော့မှ ဝမ်းနည်းခြင်းထဲက ခေါင်းထောင်ကြည့်တော့ မိုးမှုန်တို့က သူမတို့ဆီ အရှိန်တပြင်း ပြေးဆင်းလာကြပြီ။ ရှယ်ရှယ်မှာ ရှန်းကန်ချိန်တောင်မရှိတော့ဘဲ သူဆွဲခေါ်ရာဆီ။ နှစ်ယောက်စလုံး ကားထဲဝင်ထိုင်ပြီးချိန်၌ မိုးစက်မိုးပေါက်တွေက မြည်သံပေးပြီး ခုန်ဆင်းလာကြသည်။ စည်းက ဒက်(ရှ်)ဘုတ်ထဲမှ ပဝါအပိုင်းလေးကို လှမ်းပေးရင်း…

"သုတ်လိုက်ဦး…ရေတွေရော၊ မျက်ရည်တွေရောပေါ့"

ပြုံးစစနဲ့ အပြောခံရမှ မျက်စောင်းထိုးရန် သတိရသည်။ စည်းက ဖဲပြားကိုဖြုတ်ပြီး ဆံပင်တွေကို ရှေ့နောက်ပွသုတ်နေတဲ့ သူမထံ တစ်ချက်ငဲ့ကြည့်ရင်း ကားစက်နှိုးကာ…

"မင်းပြောထားတယ်နော် ကြိုက်တာခိုင်းဖို့"

"ဟုတ်"

"ဘာတွေလုပ်တတ်လဲ"





"အချက်အပြုတ်"

စည်းရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။ လွတ်ပြီကျွတ်ပြီလို့ အော်ပစ်ချင်စိတ်အား မနည်းကြီး ထိန်းထားရ၏။ မျက်စိထဲ တန်းမြင်ယောင်တာက အိမ်သန့်ရှင်းရေးလုပ်နေသည့် ဖွဲ။ မီးဖိုချောင်ဝင်မည့် ရည်ရွယ်ရာနှင့် သူကတော့ ဂျာနယ်တွေဖတ်။ ချက်တင်ဝင်။ သီချင်းနားထောင်ခြင်း စသော စိမ်တွေ့မည့်အကြောင်းအရာတွေသာ တသီကြီး မြင်ယောင်ပြီးမှ…

"အကုန်ချက်တတ်တယ်ပေါ့"

"အဟီး"

လက်ညှိုးကိုက်ပြီး သွားဖွေ့ရယ်ပြကာ…

"မတတ်ဘူးလို့ ပြောမလို့၊ အဲဒါ"

အခုပဲဒို၊ အခုရယ်ပြန်တဲ့ သူမကိုကြည့်ရင်း စည်း မဲ့ရွဲ့ပြီး သက်ပြင်းချသည်။ အာရုံထဲ စောစောကစိတ်ကူးတွေက ကြက်ပျောက်ငှက်ပျောက်။ မိုးရေထဲ ကားမောင်းနေရတာတောင် အားကုန်သလို၊ မောပန်းသလို။ စည်းက ရှေ့သို့ အာရုံစိုက်ထားရင်းက…

"ဒါဖြင့် မင်းဘာလုပ်တတ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဘာလုပ်တတ်လဲဆိုတော့"

မေးဖျားကို လက်ညှိုးထောက်ပြီး စဉ်းစားနေပုံက အသည်းအသန်ဆိုတော့ စည်းက လူသူမသိအောင် သက်ပြင်းချရင်း မမေးနဲ့တော့ စည်း။ ထားလိုက်တော့လို့ ကိုယ့်ကိုယ်ကို သတိပေးသည်။ ကိုယ်ဘာလုပ်တတ်လဲဆိုတာ ပြန်စဉ်းစားနေတဲ့သူအတွက် သေချာတာက ဘာမှမလုပ်တတ်ခြင်းဆိုတော့လည်း။

ဒါနဲ့များ ပြောတော့ကြီးကြီးကျယ်ကျယ်။ ကြိုက်တာခိုင်းပါတဲ့။

◆ ◆ ◆



## အခန်း (၆)

"ဟာ…လုပ်ချလိုက်ပြန်ပြီ စည်းရာ"

"တိုးတိုးပြောပါကွ…မင်းကလဲ၊ ကောင်မလေး အားနာစရာ"

ဖွဲ့က စိတ်ရှုပ်တိုင်း လုပ်လေ့ရှိသည့် ဆံပင်တွေကို အလှမပျက်အောင် ရှေ့နောက်ထိုးဖွပြီးမှ စည်းရဲ့ပခုံးပေါ်မှနေ၍ ဆိုဖာပေါ်ထိုင်နေသော ကောင်မလေးထံ လှမ်းကြည့်သည်။ အောင်မာ ပုံစံက တစက်ကလေးမှ ရှိုးတိုးရှန့်တန့်မရှိ။ သူ့အိမ်သူ့ယာရောက်နေသည့်နှယ်။ ဆိုဖာပေါ် တင်ပလ္လင်ခွေပြီး အကျအနထိုင်ကာ ပေါင်နှစ်ဖက်ပေါ် တံတောင်နှစ်ဖက်ထောက်ပြီး ဂျာနယ်ဖတ်နေပုံက အကျ



www.burmeseclassic.com

www.burmeseclassic.com



အနေ။ ဖွဲက ဟွန့်ခနဲမဲ့ရင်း…

“အန်တီဖြူကလည်းကွာ ငါတို့နှစ်ယောက်တည်းလည်း အဆင်ပြေနေရဲ့သားနဲ့၊ ဒါကြီးက”

“မေမေက ထည့်ပေးလိုက်တော့ ငါလည်း မငြင်းသာဘူးလေ၊ လက်တိုလက်တောင်းခိုင်းရအောင်လို့ပြောပြီး ထည့်လိုက်တာပဲ၊ ငါတို့ကို ချက်ကင်ဝင်ချင်တာလားမှမသိတာ”

ရုပ်တည်နှင့် ဖွဲဆိုသောကောင် ယုံအောင် ဖြီးရသေမဲ့ စည်းမှာ လိပ်ပြာတော့ မလုံချင်။ လမ်းခရီးတစ်လျှောက် သူမလေးနဲ့ လက်ဝါးရိုက်ပြီး စကားတိုက်လာတာတောင် အိမ်ဝရောက်ရောက်ချင်း ဖွဲက တံခါးလာဖွင့်ပေးရင်း…

“ငါထင်သားပဲ၊ မင်းကိုလှမ်းခေါ်ပြီး မရှန်းနိုင်အောင် တစ်ခါတည်း မိန်းမပေးစားလိုက်ပြီ မဟုတ်လား”

တဲ့…ရုတ်တရက်မို့ သူမကို အားနာတာရော။ ကိုယ်တိုင်က ရှက်သွားတာရောနဲ့။

“ဟာ…ဒီကောင်”

ဆိုပြီး မျက်နှာအရိပ်အကဲပြလည်း နားမလည်။





“ရှက်မနေပါနဲ့ကွာ…မင်းကလည်း၊ တစ်နေ့ ဒါမျိုးကြုံရမှာပဲ၊ ဟဲ ဟဲ ဒါဆို ထိုက်က ငါ့အတွက်သီးသန့်ပေါ့”

ဘာညာနှင့် ထင်ရာစွတ်ရွတ်ပြောနေတာမို့…

“မဟုတ်ဘူး ဟကောင်ရ၊ ဒါ မေမေထည့်ပေးလိုက်တာ၊ လက်တိုလက်တောင်းခိုင်းရအောင်၊ ပြီးတော့ စာရင်းတွေဘာတွေ ကူစစ်ရအောင်၊ ငါတို့နဲ့ အမျိုးမကင်းဘူး၊ ဒါပေမဲ့ သွေးတော့ဝေးတယ်”

လို့ ပြောလိုက်မှ ဖွဲတစ်ယောက် ရှူးရှူးရှဲရှဲထဖြစ်တော့တာ။

“မင်းကလည်း ထိုက်ပြန်လာတော့မှာကွ၊ ငါတို့နဲ့ သူ့ကို တစ်အိမ်တည်းတွေ့ရင် ထိုက်ကကွိုင်မှာပေါ့”

“ဟ…ငါပြောတဲ့အတိုင်း ပြောရင်ပြီးတာပဲ”

“အေး‥မင်းကလွယ်လွယ်ပြောနော်၊ ငါတော့ ခေါင်းရောနားရော ကိုက်နေတယ်၊ ထိုက်က ရစ်တတ်တာ မင်းသိသားနဲ့”

“ထိုက်ရစ်ရင် ငါရှင်းမယ်”

“အေး…ပြီးရော၊ မင်းတာဝန်ယူနော် စည်း”



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ပြီး အာမခံနေချိန်မှာပဲ

"စည်း"

နောက်မှ မချောက လှမ်းခေါ်သည်။

"ပြောလေ"

"နားချင်ပြီ၊ ဘယ်အခန်းမှာ နေရမှာလဲ"

"အင်း…ဟုတ်သားပဲ၊ အောက်ထပ်၊ အောက်ထပ် အခန်း အားတယ်၊ ငါတို့က အပေါ်မှာနေတာဆိုတော့ မင်း အောက်ထပ်မှာပဲ နေလိုက်ပေါ့"

"အင်း…ရပါတယ်"

ကျောပိုးအိတ်လွယ်ပြီး ထရပ်တော့ သူက အခန်းပြပေး ရန်တာဝန်ကို အလိုလိုသတိရသွားသည်။

"လာ…ငါ့နောက်ကလိုက်ခဲ့"

ပြောပြီး ဖွဲ့ရှေ့က ထွက်ဟန်ပြင်တော့ သူ့ပခုံးတစ်ဖက်အား ဖွဲ့က ပခုံးတစ်ဖက်နှင့် ဝိတ်ကာထားရင်း…

"သေချာတယ် စည်း"

"ဘာသေချာတာလဲ"





"မင်းကို လက်တိုလက်တောင်းပြန်ခိုင်းမှာ"

ရည်ရွယ်ရာကြားအောင် တမင်အသံမြှင့်ပြီး ပြောမှန်းသိသာသည်။ ရွှယ်ရွှယ်ကလည်း သူတို့နှစ်ယောက်အား ဖြတ်ကျော်တက်သွားရင်း…

"ဟွန်း…အခိုင်းခံရမဲ့အထဲမှာ ကိုယ်တိုင်မပါအောင် သတိထား"

တဲ့။ ကဲကဲဆတ်ဆတ်နှင့် ဆတ်ဆတ်ထိမခံတို့ တွေ့ကြတဲ့ပွဲက စကတည်းက သရေကျနေသလို စကားနည်းရန်စဲစေရန် စည်းက သူ့မကျောပိုးအိတ်ကို နောက်မှတွန်းရင်း အခန်းဆီပို့ပေးကာ…

"လာ…ဒီအခန်းမှာနေ၊ ရေချိုးခန်း အိမ်သာတွဲလျက်ပဲ၊ ဧည့်သည်လာရင် တည်းလို့ရအောင် အဆင်သင့်ပြင်ထားတဲ့အခန်း"

စည်းက အထဲမဝင်။ တံခါးဖွင့်ပေးရင်း တံခါးဝမှနေ၍ ရှင်းပြသည်။ အခန်းထဲ တစ်ယောက်အိပ်မွေ့ယာတစ်ခုကို ခုတင် တစ်လုံးနဲ့ တွဲချထားပြီး မှန်တင်ခုံ၊ ဗီရို အပြည့်အစုံ။

"ဘယ်ဘက်က ရေချိုးခန်းနဲ့အိမ်သာ"

သူညွှန်သမျှ ရွှယ်ရွှယ်က တံခါးဖွင့်လျှောက်ကြည့်ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



"အင်း…အိုကေပါတယ်၊ ကျေးဇူးနော် စည်း၊ အခုနက ဟိုလူကို အမြင်ကတ်လို့ပြောမိတာ၊ အဲဒါလည်း ခွင့်လွှတ်"

စည်းရှေ့တည့်တည့် လာရပ်ပြီး လက်နှစ်ဖက်ရှေ့ယှက်ကာပြောပုံက အပြစ်လုပ်ထားသူက တကယ်တောင်းပန်နေတာမျိုး။

"ရပါတယ်…မင်းကိုပြောပြထားသားပဲ၊ ဒီကောင့်ပုံစံကို လမ်းမှာကတည်းက"

"မှတ်မိသားပဲ…ဟွန်း…အသန့်ကြိုက်၊ အလှအပမက်၊ ဘဝင်မြင့်၊ အတ္တကြီးလေ"

လက်တွေတစ်ချောင်းပြီးတစ်ချောင်း ထောင်ကာ ရေတွက်သွားပုံက အထစ်အငေါ့မရှိ။ ပြီးမှ လက်ပိုက်ကာ နံရံကို ပခုံးတစ်ဖက်နဲ့ ထောက်မှီတော့ သူရပ်နေသည့်နေရာနှင့် နီးနီးလေးလို ဖြစ်သွားသည်။

"နောက်ထပ်တစ်ခု ထပ်တိုးရမယ်သိလား စည်း"

"ဘာလဲ"

"အကြာဆွဲမဲ့ရုပ်လို့"

နှုတ်ခမ်းကိုထော်၊ မျက်လုံးပြူးပြီး ပြောပုံက တကယ့်





အားပါးတရ။ စည်းက သူမအပြောကြောင့် မျက်ခုံးတွေဘာတွေ ဝင့်သွားရတဲ့အထိ အထူးအဆန်းဖြစ်သွားရပြီး…

"ဘာလဲဟ၊ အကြာဆွဲတယ်ဆိုတာ"

"ဟွန်း…စည်းကလည်း တုံးပါ့၊ အဲဒါ ကိုကိုပြောပြထားတာ၊ မိန်းကလေးလှလှမြင်ရင် ပြတီတီနဲ့လူမျိုးလို့ ပြောတာ"

"သြော်…အဲဒါလား"

စည်းက အရယ်တစ်ဝက်နဲ့ ခေါင်းတဆတ်ဆတ်ညိတ်ရင်း စိတ်ထဲ ကောင်းချီးပေးမိတာက ဒီကောင်မလေး လူကဲခတ်မဆိုးဘူး။

"စည်းရဲ့ရုပ်ကျတော့"

"အံမယ်…ငါ့ရုပ်ကဘာဖြစ်လဲ"

ကိုယ့်အလှည့်ရောက်တော့ မရယ်နိုင်။ ချက်ချင်း စူပုပ်ပုပ်နဲ့မေးတော့ သူမကပါးတစ်ဖက်ကိုဖောင်းပြီး လက်ညှိုးနဲ့ထောက်ကာ စည်းကို ခြေဆုံးခေါင်းဆုံးကြည့်ပြီးမှ…

"ဒူးရင်းသီးရုပ်"

"ဟွန့်…မင်းကလည်း မနိုင်းစမ်းပါနဲ့၊ အဲဒီနံတဲ့အသီးကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့”

“ဟယ်…မန်ပါဘူး၊ မွေးတာပါစည်းရဲ့၊ ဒူးရင်းသီးဆိုတာ အပြင်ကဆူးတွေများပေမဲ့ အတွင်းကအနှစ်ကလေးက အရမ်းအရသာကောင်းတယ်လေ”

“အဲဒီတော့”

“စည်းလည်း အပြင်မှာ ရုပ်တည်ကြီးနဲ့ ဆူးများတယ်လို့ထင်ရပေမဲ့ အတွင်းက”

“ဟော့…အတွင်းမှာ ငါက ဘာအနှစ်မှမရှိဘူး”

စည်းက အလန့်တကြားထအော်တော့ သူမမှာ ခေါင်းလှန်ချကာ ရယ်တာ ဟက်ဟက်ပက်ပက်။ ဒါတင်အားမရဘဲ စည်းကိုလက်ညှိုးတထိုးထိုးနဲ့…

“သူ့မှာအနှစ်မရှိတာများ ကြော်ငြာဝင်နေသေးတယ်၊ ရှယ်ရှယ်ပြောချင်တာက အတွင်းစိတ်ထားဖြူတယ်လို့”

ပြောပြီး ထပ်ရယ်နေတာများ မျက်နှာတွေနီပြီး ဗိုက်တွေဘာတွေနှိပ်ရတဲ့အထိ။ သူမရယ်သံကို ထပ်မခံစားနိုင်ဘဲ ဒီဘက်လှည့်ထွက်လာတော့ လူတစ်ကိုယ်လုံး ရှိန်းတိန်းဖိန်းတိန်းဖြစ်နေတာ





သတိထားမိသည်။ နောက်တစ်ခါ ဒီကောင်မလေးရှေ့ စကားပြောဆင်ခြင်မှလို့တွေးရင်း အတွေးထဲ ထပ်ရောက်လာတာက ဒူးရင်းသီး။

တစ်ခါလောက်တော့ မကြိုက်ပေမဲ့ အားခဲစားကြည့်ရပါဦးမည်။ ကိုယ်နဲ့အတွင်းချင်းက အရသာတူတယ်ဆိုတော့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘာ"

"ဘာမနေနဲ့ . . . မင်းပါသဘောတူထားပြီးသား"

"အေး . . . သဘောတူထားတာက မင်းနဲ့ငါ နှစ်ယောက်တည်းရှိတုံးက၊ အဲဒါကြီးမပါဘူး၊ တော် . . . တော် စည်း မင်းအရှုပ်ထဲ ငါ့ကိုဆွဲမထည့်နဲ့"

ဖွဲ့က ခေါင်းတယမ်းယမ်း လက်တကာကာနဲ့ ငြင်းသည်။ တကယ်လည်း အဓိပ္ပာယ်မရှိလို့ ဖွဲ့ကထင်သည်။ ခေါ်လာတာက လက်တို့လက်တောင်းနိုင်းရန်တဲ့။ ကောင်မလေးရုပ်ကိုလည်း





ကြည့်ဦး။ အစေအခိုင်းရုပ် တစ်စက်မှမပေါက်ဘဲ ကောင်းကင်ကို မျက်နှာတက်ချိတ်ထားမည့်ရုပ်။ ဒါကိုပဲ စည်းက တသသနဲ့ အခုလည်း အဝတ်အစားဝယ်ပေးဦးမည်ဆိုတော့ ဝယ်ပေးတာ အကြောင်းမဟုတ်ပေမဲ့ အတူတွဲပြီး ပလာဇာအထိထွက်ရန်က အကြောင်းရှိသည်။ မြန်မာပြည်မှာ ထိုက်မရှိတော့ပေမဲ့။

"ထိုက်မှာ မျက်စိတွေနားတွေ အများကြီးချန်ထားခဲ့တာနော်၊ ဒီနှစ်ယောက် ဘာလုပ်လဲဆိုတာ ထိုက် နေ့မကူးဘူး ချက်ချင်းသိနိုင်တယ်ဆိုတာ မမေ့နဲ့"

ဆိုပြီး သွားကာနီး လေဆိပ်မှာကြိမ်းသွားတာ။ အဲဒီတုံးက စည်းဟာ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် ငြိမ်းချမ်းစွာထည့်ရင်း

"ငါ့အတွက်မပူနဲ့ ထိုက်၊ ငါကမစွံဘူး"

လို့ ရယ်ကျဲကျဲနဲ့ အပြောခံရတုံးက ထိုက်အကြည့်က ကိုယ့်ဘက်ရွေ့လာတာ အသိသာကြီး။

"ဘာပဲဖြစ်ဖြစ်လေ သူ့ အနေအထိုင်မတတ်ရင် စည်းက ငါ့ကိုလှမ်းပြောပေါ့"

"နေပါ . . . ငါက အဆင်းဘီးတပ်ရတာ ဝါသနာမပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူ့အရှိန်နဲ့သူ လိမ့်ပါစေ''

''အဲဒီလောက်လည်း မဟုတ်ပါဘူး ထိုက်ရ၊ ငါက ခင်တတ်တာပါ၊ ဒီကောင်က ရုပ်တည်ကြီးနဲ့နေတာဆိုတော့''

''ထားပါ…ခင်တတ်တဲ့လူရော၊ ရုပ်တည်ကြီးရော လိုရင်းက ငါ့အပေါ် သစ္စာရှိမှ ငါက တစ်ဘဝလုံးစာအတွက် ရွေးရမှာ၊ သူငယ်ချင်းအဖြစ် လေ့လာနေကတည်းက ဒီလူက ပွေတယ်၊ ရုပ်တယ်ဆိုရင်တော့ ယုံကြည်မှုက အနည်းနဲ့အများ လျော့နည်းမှာပဲ၊ ယုံကြည်မှုလျော့ရင် အချစ်ပါလျော့မှာ၊ အဟွန်း မယုံမရှိနဲ့''

မြှိမ်းခြောက်သလို၊ စနောက်သလိုနဲ့ ပြောသွားတာ ကိုယ့်ကို ဦးတည်ပြီးတော့သာ။ ထိုက်ကိုတော့ စမြင်စတွေ့ကတည်းက ဖွဲ့က စိတ်ဝင်စားခဲ့တာပင်။ ပြီးတော့ သူနှစ်သက်သည့်အထဲမှာ ထိုက်ရဲ့ ပညာအရည်အချင်းနဲ့ မျိုးရိုးဂုဏ်။ ဒါတွေဟာ ဒီခေတ်စကားနဲ့ ပြောရရင် တာကယ့်ဂရိတ်။

''မေမေ့ကိုတော့ ငွေမက်တယ်ပဲပြောပြော သားရေ၊ ထိုက် အမေက နာမည်ရ ဆောက်လုပ်ရေးပိုင်ရှင်ဆို၊ စိတ်ကူးမလွဲနဲ့၊ ထိုက်





ကိုပဲရွေးထား၊ ရအောင်ကြိုးစား၊ ဒီတစ်ကြိမ်တော့ စည်းတို့သားအမိ နောက်ကောက်ကျမှဖြစ်မယ်၊ နို့မို့ သူတို့ချည်း အသာရသွားတာကို မေမေ သဘောမကျဘူး''

လို့ ရန်ကုန်အလည်လာရင်း ထိုက်နဲ့ မိတ်ဆက်ပေးဖူးတော့ မေမေက ယတိပြတ် ထိုစကားကို ဆိုသည်။ ပြီးတော့မှ သူ့အား စေ့စေ့စပ်စပ်ကြည့်ကာ ကျေနပ်ပြုံးနှင့် သူ့ပါးပြင်ကို လက်ဖြင့်ဖွဖွ သပ်ရင်း…

''တော်သေးတာပေါ့၊ မေမေ့သားက ပွင့်ဖြူသားထက် ရုပ်ရည်က အများကြီးသာနေသေးတာကိုး၊ ဟိုက အသားညိုပြီး မျက်လုံးပြူးပြူး၊ နှာခေါင်းချွန်ချွန်နဲ့ အမွေးအမျှင်တွေက ထူထူထဲထဲ ဆိုတော့ ကြမ်းတောရုပ်ပေါက်ပါတယ်ဆိုမှ မျက်နှာက ခုနစ်ခေါက် ချိုး ရှစ်ခေါက်ချိုး''

တဲ့။ မေမေက အားပါးတရ ဝေဖန်သည်။ မေမေမသိသေး လို့ပါ။ ခင်းက အဲဒီရုပ်နဲ့ မိန်းကလေးတွေဆီက ယုံကြည်မှုကို အရယူတာလို့ ပြောပြချင်သေမဲ့ မေမေစိတ်ရှုပ်မှာစိုး၍ သူ မပြောဖြစ် ခဲ့။ အခုလည်း စည်းတို့ဘာအကွက်တွေ ထွင်နေမှန်းမသိဘဲ သူပါ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲခေါ်နေခြင်းကြောင့်။ စည်းကတော့ တွေတွေဝေဝေနဲ့ သူ့ရှေ့ရပ်နေသော ဖွဲ့ခေတ်အား လှမ်းကြည့်သည်။ ကိုယ် အိမ်ရောက်လာတော့ ကိုယ့်တာဝန်လေ။ မနက်က ဘရိတ်ဖတ်(စ်)အတွက် သူပြင်ဆင်နေတုံး အနားသို့ရောက်လာသော ရည်ရွယ်ရာက…

"ကော်ဖီ…ရွယ်ရွယ် ဖျော်ပေးမယ်"

ဆိုပြီး ကူလုပ်ရင်းနဲ့ သူမအဝတ်အစားကို သတိပြုမိတာ

"မင်းမှာ ဒီဝတ်စုံတစ်စုံထဲ ပါတာလား"

လို့ မေးတော့…

"ဟို…ညအိပ်ဝတ်တဲ့ဂါဝန်တော့ ပါတယ်၊ ညကလဲအိပ်တာပါ"

"ဒါပေမဲ့ မနေ့ကတစ်နေ့လုံး ဒီဝတ်စုံနဲ့လေ၊ မနေ့က မေမေတို့အိမ်မှာကတည်းက"

သူ့က မှတ်မိဟန်နှင့်ဆိုတော့ သူမက အနေခက်သလို လည်ပင်းပွတ်လိုက် ခေါင်းကုတ်လိုက်နှင့်။ ဒီအတိုင်းထား၍ မဖြစ်ဟု ကိုယ့်ကိုယ်ကို သတိပေးရင်း ရှော့ပင်(န်)ထွက်ရအောင်ဆိုတော့ ဖွဲ့ခေတ်တို့က ဂျစ်တစ်တစ်။ စည်းက ဆိုဖာလက်တန်းပေါ်





လက်ထောက်အားပြုရပ်ရင်း…

"ဒါဆိုလည်း…မင်းနေခဲ့လေ၊ မင်းစားချင်တဲ့ဟင်းရဲ့တွေကို ငါမသိတော့ ဒီတစ်ပတ်လုံး ငါချက်တဲ့အတိုင်း မင်းစားရမှာနော်၊ အဲဒါ မှတ်ထားဦး"

သဘောတူညီချက်ထဲမှာ တစ်ပတ်တစ်ခါ ဈေးဝယ်ထွက်လျှင် အတူတူလို့ပါပြီးသား။ ဒါမှ တစ်ယောက်တည်းတာဝန်မဟုတ်တော့သလို ကိုယ်နှစ်သက်ရာ ရွေးချယ်စားသုံးခွင့်ကြောင့် နှစ်ယောက်စလုံး အဆင်ပြေနေတာကို အခုမှ ဖွဲ့ခေတ်က ဂျီဂျောင်ထလုပ်တာ သူက အမြင်ကတ်သည်။

"အဲဒီလိုတော့မရဘူးလေ စည်းရာ၊ ဟို ငါစားချင်တာ စာရင်းရေးပေး"

"ဟောကောင် ငါက မင်းရဲ့ငယ်ကျွန်မဟုတ်ဘူး"

"ကျစ်…အဲဒါဆိုလည်း အဲဒီကောင်မလေးကို မခေါ်နဲ့ကွာ၊ သင့်တော်တာဝယ်ပေးလိုက်"

"ဩော်…သင့်တော်တာဆိုတော့ သူ့အတွင်းခံဘာညာ သာရကာကိစ္စ မင်းတာဝန်ယူမလား"



www.burmeseclassic.com

"ဟ…ဒါကတော့"

"အေး…အဲဒါကြောင့်ခေါ်ရတာ၊ ပြီးတော့ ယောကျ်ား လေးနှစ်ယောက် မိန်းကလေးတစ်ယောက်နဲ့သွားတာ ဘာမှမသင့်တော်စရာမရှိဘူး၊ ပတ်ဝန်းကျင်က သူငယ်ချင်းလို မောင်နှမလို တောင်ထင်ဦးမှာ၊ ငါက အဲဒါကြောင့် မင်းကိုခေါ်တာ"

"စည်း…ပြီးပြီလား"

ဒီမှာ အကျေအလည်ဆွေးနွေးတုံး ဒင်းအသံက အနောက်မှ စာခနဲထွက်လာသည်။ စည်းက လှည့်ကြည့်ရင်း…

"အင်း…ပြီးပြီ"

လို့ဖြေကာ…

"ကဲ…ဘယ်လိုလဲ မင်း"

ဖွဲ့က ရှုတည်တည်အောက်သိုးသိုးနှင့်ပင်…

"ပြီးရော…လိုက်မယ်"

တစ်ဖက်လှည့်ပြီး စည်းက သွားတွေပေါ်အောင် ရယ်သည်။ ဒီမှာလည်း ကိုယ့်အကွက်နဲ့ကိုယ်။ အဲဒေါကြီးကတည်းက ဖေဖေက အမှာတော်ရှိသည်ပဲ။ အရှုပ်တွေမလုပ်ဖို့တဲ့။ တော်ကြာ





စည်းလိုမိန်းကလေးတစ်ယောက်နဲ့ တွဲပြီး ပလာဇာမှာ တွေ့သည် ဘာညာဆိုလျှင် ဖြေရှင်းရခက်မည်။ အခုတော့ ဖွဲ့ကို ကာဗာယူရန် က အလွယ်လေး။ ဒီကောင်က မိန်းမကိစ္စဆို ၐ,ကလေးနဲ့ကိုး။ စည်းက ဦးအောင် အရင်ထွက်ရင်း မောင်းသူနေရာ ဝင်ထိုင်သည်။ ဖွဲ့က သူမထွက်အလာကိုစောင့်ရင်းက အိမ်သော့၊ ခြံသော့ခတ်ရင်း ကားပေါ်လာထိုင်တော့ ဆောင့်ဆောင့်အောင့်အောင့်နှင့်။ ပြီးတော့ သူ့အား ကပ်ပြောသေးသည်။

"ဒင်းရာထူးက လက်တိုလက်တောင်းနိုင်းဖို့နော်"

စည်းက မျက်မှန်တပ်ရင်း ခေါင်းညိတ်ပြတော့…

"အေး…ငါကတော့ တကယ်နိုင်းမှာ၊ သူ့ရာထူးနဲ့သူ ကိုက်ညီအောင်"

တဲ့။ ဖွဲ့ရုပ်က အငြိုးနဲ့အတိုးချ ယုတ်ရန် ကြံစည်ထားတဲ့ ပုံစံ။

◆ ◆ ◆

www.burmeseclassic.com

## အခန်း (၈)

"အ…အား…ကျွတ်…ကျွတ်…ကျွတ်"

ကိုင်ထားတဲ့ အဝတ်စိုအစကို လွှတ်ချပစ်လိုက်ရသည်။ လက်ဖဝါးကို ဖြန့်ကြည့်တော့ နီရဲနေသော အရေပြားပေါ် ပွန်းရာပဲ့ ရာတွေအပြင် ပေါက်ပြဲသည့်နေရာက သွေးစလေးတွေတောင် စို့ထွက်နေတာ လက်ဖဝါးတစ်ပြင်လုံး။ နာလွန်း၍ လက်ဖဝါးတောင် ဆန့်ဆန့်မဖြန့်နိုင်တဲ့အဖြစ်။ နာကျင်မှုကြောင့် တဆတ်ဆတ်တုန်နေ သော လက်ဖဝါးကိုငေးကြည့်ရင်း အမြင်တွေ ဝေဝါးခြင်းဟာ မျက်ရည်ကန့်လန့်ကာကြောင့်ဆိုတာ သိလိုက်ရသည်။





"ညီမလေးက သူဌေးဇာတာကွ"

"အံမယ်…ကိုကိုက ဗေဒင်ဆရာလား"

"ဗေဒင်ဆရာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သိနေတယ်၊ ဒီမှာကြည့်ပါလား လက်ဖဝါးလေးတွေက နီရဲပြီး ပြည့်ဖောင်းနေ တာ စစ်ကြည့်လိုက်ရင် ဥမ်းစလေးအတိုင်းပဲ၊ နုနုဖတ်ဖတ်လေး"

"ဟား…ဟား အဲဒါနဲ့ သူဌေးဇာတာဖြစ်ရောလား ကိုကို ရ"

ကိုကို့ပခုံးပေါ် ခေါင်းမှီချရင်း အကျယ်ကြီးအော်ရယ်ဖူး သည်။ ကိုကိုကတော့ ချစ်စနိုးနှင့် သူမဦးခေါင်းအား ဖိအုပ်ထား တာ သူ့ပါးတစ်ဖက်နှင့်။ ပြီးမှ ရွယ်ရွယ့်လက်ဖဝါးတွေပေါ် ကိုကို့ လက် ဖိဆုပ်ရင်း…

"တွေ့လား…ကိုကို့လက်က လက်ကြမ်းကြီး"

"လက်မဲကြီးပါကွ…ဒီမှာ ရွယ်ရွယ်က ဖြူဖြူလေး"

ဝင်လုဆဲဆဲ နေရောင်အောက်မှာ အသားအရောင်တွေ ယှဉ်ပြီး ပြိုင်ခဲ့ကြဖူးသည်။ ဘဝတစ်လျှောက် ရွှေအိမ်စံသော မင်းသမီးလေးနှယ် နေခဲ့ပြီးမှ အခုတော့…



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တာရွေး ရွှယ်ရွှယ်ရာ၊ မင်းဝတ်ချင်တဲ့ပုံစံမျိုးပေါ့၊ လိုအပ်တာအားလုံးနော်၊ တစ်ခါတည်းပါအောင်ဝယ်၊ ငါက ဒီတစ်ရက်ပဲအားတာ"

လို့ ပြောသူက တကယ်တမ်း ဖုန်းဝင်လာတဲ့အခါ မအား လပ်တော့တဲ့အဖြစ်။

"ဟ…အဲဒီလို ကွန်ပလိန်းတက်တိုင်း အသစ်တစ်လုံးနဲ့ လဲပေးရင် ငါ့ဆိုင် အမြန်ဆုံး ဒေဝါလီခံသွားရမှာပေါ့၊ ဂရမ်ဒီထဲမှာ အသစ်နဲ့လဲပေးပါ့မယ်မှမပါတာ၊ အေး…ခဏဆွဲထားလိုက် ငါလာခဲ့မယ်"

ဖုန်းပိတ်ရင်း လှမ်းကြည့်တော့ သူမထံအရင်။

"မင်းဝယ်လို့ပြီးပြီလား"

"ဟုတ်…ပြီးပါပြီ"

ရွှယ်ရွှယ်က အဝတ်အစားတွေ တပွေ့ကြီးနဲ့ ကောင်တာဆီ သွားတော့ သူက နောက်မှလိုက်ကာ ငွေရှင်းပေးသည်။ ထို့နောက် အထုပ်အပိုးတွေနှင့် ကျောပိုးအိတ်တစ်လုံး လွယ်ထားသော ရွှယ်ရွှယ် အား…'





"ဆိုင်ကိုလိုက်ခဲ့"

ခေါ်ပြီး လှည့်အထွက်…

"မခေါ်သွားနဲ့တော့ စည်း"

နောက်နားက လှမ်းပြောသူဟာ ဖွဲ့။

"ငါနဲ့သူ မီးဖိုချောင်အတွက် လိုအပ်တာတွေထပ်ပြီး ဝယ်လိုက်မယ်၊ မင်းကမ်စတမ်မာက အရေးကြီးပါတယ်၊ စိတ်ဖြောင့် ဖြောင့်နဲ့သွား"

ပြောပုံက ခါးညွှတ်လက်ဆန့်ပြီး အရိုအသေပေးသလိုလို နှင့်။ စည်းက အိုကေဟုပြောပြီး ထွက်သွားတာနှင့် ဖွဲ့ ခေါ်သွား တာက စည်းနှင့် ဆန့်ကျင်ဘက်လမ်းဆီ။ ဝယ်သမျှပစ္စည်းတွေ အတွက် ရွှယ်ရွှယ်က ခြင်းတောင်းဆွဲပြီး နောက်ကလိုက်ရသည်။ တစ်ခုပြီးတစ်ခု သူထည့်သမျှက အင်မတန်လေးသော ဘီယာဗူး တွေ။ ကုတ်ဗူးတွေ။ ပြီးတော့ အသီးအနှံတွေလည်း ပါသေးသည်။ ရှပါမားကတ်ထဲ နှစ်ပတ်လောက်လျှောက်တာနှင့် ရွှယ်ရွှယ်လက်ထဲ ခြင်းတောင်းနှစ်တောင်းက အပြည့်။ ဝယ်ထားသည့် အဝတ်အစား အိတ်တွေက တစ်ဖက်နှင့် လူက လမ်းလျှောက်တာတောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းတန်းမတ်မတ်မလျှောက်နိုင်။ ဟိုယိုင်ထိုးဒီယိုင်ထိုး။

"ယော့…မြန်မြန်လာ၊ တက္ကစီငှားပြန်ရမှာ၊ မင်းကိုပြန်ပို့ရဦးမှာလေ၊ ဟိုကောင်က ကားယူသွားတာကို၊ ဟင်း အလုပ်ကို ရှုပ်တယ်၊ အရေးထဲ မြန်မြန်လျှောက်ပါ မချောရဲ့၊ မင်းကို အလှကြည့်နေတာမဟုတ်ဘူး"

လှုသူရှေ့မရှောင် အော်ဟစ်နေတာ။ အထုပ်အပိုးတွေ နင့်နေအောင်ဆွဲနိုင်းတာက တမင်ပညာပေးမှန်း သိပါသည်။ ဒါပေမဲ့ ကိုယ့်အဖြစ်က ဒီအရပ်မှာ ခိုင်းစေရန်ဆိုတဲ့အမည်နဲ့ ရောက် လာသူ။ အိမ်ရောက်တဲ့အထိ အထုပ်တွေနေရာချပြီး ထိုင်မယ်ကြံ ရုံရှိသေး…

"ငါက ဆိုင်ပြန်သွားရမှာ၊ ပေါ်တီကိုအောက်က ပန်းအိုးတွေ မြက်ခင်းအစပ်ဆီရွှေ့ထား"

"ရှင်"

မျက်လုံးပြူးပြီး ပန်းအိုးတစ်လှည့် သူ့ကိုတစ်လှည့်ကြည့်ပြတော့…

"ဘာမှပြူးပြဲပြမနေနဲ့၊ မင်းကို အန်တီဖြူက ခိုင်းဖို့လွှတ်ထားတာဆို"





"ဒါပေမဲ့ ဒီပန်းအိုးတွေလည်းကြည့်ဦး၊ အကြီးကြီးတွေ"

ရှယ်ရှယ်က တမင်အတွန့်တက်တာပါ။ လိုအပ်၍ခိုင်းတာမျိုးဆို ဒီက အရိုးကြေကြေ အရည်ခမ်းခမ်း လုပ်ပေးမည့်သူ။ အခုတော့ သူပညာခန်းပြတာ သိသိကြီးနှင့်မို့ သူ့ရွဲ့လျှင် ကိုယ်က စောင်းရန် စိတ်က အလိုလိုပါမစ်ချပစ်လိုက်သည်။ ဒါကို သူက လည်း ရိပ်မိပုံပေါ်သည်။ ရှယ်ရှယ့်ဘက် ခါးထောက်လှည့်ရပ်ရင်း

"မင်း…ဒီအိမ်လာနေတဲ့ ရည်ရွယ်ချက်က ဘာလဲ၊ အရိပ်နိုဖို့ ထမင်းတစ်နပ်စားဖို့၊ ပြီးတော့ ရေသာခိုဖို့စီမံကိန်းပါ ဆွဲထားသလား"

"ဒီမှာ"

ဆတ်ခနဲ ရှယ်ရှယ်က ဖြတ်အော်တော့ သူက လက်ကာ ပြီးတားသည်။

"မြို့ထဲမှာ ထမင်းတစ်လုပ်အတွက် နေပူကြီးထဲ ဒီထက် လေးတာတွေ အသယ်အပို့လုပ်နေရတဲ့ မိန်းမတွေ တပုံကြီးပဲ၊ အရိုးများသလေး၊ ချေးခါးသလေးနဲ့ ရွေးချယ်ခွင့်မရှိတဲ့ ဘဝထဲမှာ မင်းလည်းပါတယ်၊ မင်းက ငါတို့ခိုင်းဖို့အတွက် အန်တီဖြူလွှတ်



www.burmeseclassic.com

www.burmeseclassic.com



တာဆို''

ပြောသွားတဲ့စကားတွေက လစ်ဟာကွက်မရှိအောင် အကျအန ပိတ်ဆို့ပြီးသား။ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မျက်လွှာချနေရပေမဲ့ ပြန်ပြောချင်သည့်စကားတို့က နှုတ်ခမ်းဖျားထက်မှ လှုပ်လှုပ်ရွရွ။

''ပန်းအိုးတွေရွှေ့ပြီးရင် အောက်ထပ်တစ်ထပ်လုံး ကြမ်းကိုက်ထား၊ အပေါ်ထပ်တော့ မတက်နဲ့နော်၊ မင်းနဲ့ အပေါ်ထပ် ဘာမှမဆိုင်ဘူး''

ကားပေါ်တက်တဲ့အချိန်ထိ အမိန့်တွေတသီကြီး ချသွားပြီးမှ...

''ငါ...ခြံသော့ကို အပြင်ကခတ်သွားမယ်''

တဲ့။ လူကိုများ သူခိုးဂျပိုးလို။ ပြေးထွက်သွားတဲ့ကား နောက်မြီးဆီ လက်သီးရွယ်တာတောင် လက်သီးဆုပ်က မပီပြ တဲ့အထိ။ နာကျင်ခြင်းက ဒေါသကို သပ်လျှိုရှန် သတိပေးသည် အခုတော့ ဘာကိုင်ကိုင် မပြဲခြင်းသို့ ရောက်နေတဲ့ လက်ဖဝါးတွေ ကို ငေးရင်း မျက်ရည်တို့ စိမ့်အိုင်လာတာက ရင်ထဲက အနာ

ဝို : ဝို : ၀၁၆ ၀ ပ



ကြောင့်ဟုဆိုလျှင်...

''ရည်ရွယ်ရာ''

ခေါ်သံက ကိုယ့်ရှေ့နီးနီးလေးမှာ။ ဖျတ်ခနဲ မော့ကြည့်တော့...

''ဟင်...ခင်ဗျား''

''ရောက်နေတာကြာပြီ၊ ကားရပ်သံတောင် မင်းမကြားဘဲ ဘာတွေဖြစ်နေတာလဲ''

မေးခွန်းထက် ခြေထောက်တွေက လှစ်လှစ်ပါအောင် မြန်သည်။ အနားရောက်လာတာ လေဟုန်ပဲ စီးလာသလိုလို။ ဖြူးခနဲ ဖျတ်ခနဲ လက်ဖဝါးနှစ်ဖက်ကို ဆွဲယူတော့...

''အ...နာတယ်''

အော်လည်းအော် ကိုယ့်လက်တွေ ပြန်ဆွဲရင်း မမြင်အောင် ဝှက်ထားဖို့ ကြံရွယ်ပေမဲ့...

''ကြည့်စမ်း...လက်ဖဝါးတွေ ပေါက်ပြဲနေတာ ရစရာ မရှိဘူး၊ ထ...ထ...ထစမ်း၊ ဒါတွေက ဘာလုပ်နေတာလဲ၊ ငါ အိမ်ကိုဖုန်းခေါ်နေတာ၊ ဖုန်းခေါ်မရလို့ စိတ်ပူပြီး''

ဝို : ဝို : ၀၁၆ ၀ ပ

www.burmeseclassic.com

www.burmeseclassic.com



စကားက ဒီမှာတင်ရပ်သည်။ ဖုန်းပလပ်ကို ဆွဲဖြုတ်ထားတာ သူတွေ့လိုက်တာကိုး။ ရည်ရွယ်ရာကတော့ ဘာမှသိပုံမရဘဲ

"ဖယ်ပါ…ခင်ဗျားကိုင်ထားတာနဲ့ ဒီမှာ ပိုနာနေပြီ"

"လက်ကို ရေနဲ့သေချာဆေးရမယ်၊ ပြီးမှ ဆေးထည့်ပေးမယ်"

စည်းက ဘေစင်အထိ တောက်လျှောက်ဆွဲခေါ်လာရင်းရင်ထဲတနုံ့နုံ့ဖြစ်တာက ဒေါသတွေ။ ဆိုင်ကိုရောက်လာတဲ့ဖွဲ့ကကားသော့ကို လေထဲပစ်မြှောက်လိုက်၊ ပြန်ဖမ်းလိုက်လုပ်ရင်းက

"ငါ ပုံစံပေးခဲ့တယ်၊ ပါးပါးလေးပါ"

လို့ မချိုမချဉ်မျက်နှာနဲ့ ဆိုကတည်းက စိုးရိမ်စိတ်ဖြငယ်ထိပ်တက်ဆောင့်နေတာ။ အိမ်ကိုဖုန်းခေါ်တော့လည်း ဖုန်းမဝင်။ ဒီကြားထဲ ကပ်စတမ်မာတွေ ပြုကျသမျှ ရှင်းနေရတာစိတ်ထက် နောက်ကျစွာ လူကရောက်လာတော့ ဒီမှာ သူမလေးက ငုတ်တုတ်မျက်ရည်ကျနေရတဲ့အဖြစ်။

"စည်း"

"ဘာလဲ"





မကြည်တဲ့စိတ်ဟာ တရားခံကို သိပေမဲ့ အပြစ်ပေးလို့မရတာကြောင့် လေသံကအစ မပျော့ပျောင်းချင်။

"ဟို…ဆေးကစပ်မှာလားဟင်"

လှည့်ကြည့်တော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် မျက်နှာက သနားစဖွယ်။ စည်းက ရေဆေးပြီးသား သူမလက်ဖဝါးတွေကို မွေးပွတဘက်နှင့် ဖွဖွသုတ်ပေးရင်း…

"နည်းနည်းပါ"

"ဟင်…စပ်ရင်တော့ မထည့်ချင်ဘူး"

"မထည့်လို့တော့မရဘူးလေ၊ ဒီလက်မှာ ပေါက်ပြဲနေတာက ဒီတိုင်းထားလို့မှမရတာ၊ စပ်လည်းခဏပဲ"

"ဒါပေမဲ့"

ပြောရင်းက ငိုမဲ့မဲ့လေးဖြစ်သွားတဲ့ မျက်နှာကို စည်းက စိုက်ခနဲငေးမိသွားသည်။ မျက်ရည်ကျချင်တာကို မျက်တောင်နဲ့တဖျပ်ဖျပ်ခတ်ပြီး ထိန်းတာကအစ မျက်ခမ်းစပ်တွေ နှာသီးဖျားလေးတွေ အပြိုင်အဆိုင် အရောင်ရင့်လာတာအဆုံး သူမြင်နေရသည်။ မြင်နေရသမျှက သနားစဖွယ်မို့ ရင်ထဲနူးညံ့လာလိုက်။



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ခနဲ ဆောင့်ခုန်သွားလိုက်နဲ့ ကိုယ့်ရင်တွင်းဖြစ်စဉ်က ဘယ်လို ခေါင်းစဉ်တပ်ရမှန်းမသိအောင် ထူးထွေဆန်းပြားလျက်။

"စပ်တော့စပ်မှာပဲမဟုတ်လား၊ ဟို ဘီတာဒိုင်းတို့ ဘာတို့တော့ မထည့်ချင်ဘူး၊ သူက တအားစပ်တာ၊ ကိုကိုနဲ့တုံးက စက်တီးမှောက်လို့ ဒူးပြဲတာလေ၊ ဘီတာဒိုင်းထည့်တာ တအားစပ်လို့ အာခေါင်ခြစ်ပြီးငိုရတယ်၊ အဲဒါ အခု မထည့်ချင်ဘူး"

ခေါင်းခါရင်း ပြောရှာမကာ သူ့လက်ထဲရောက်နေသော သူမလက်ဖဝါးကိုပါ မသိမသာနဲ့ ဆွဲယူနေတာ။ သူမထံမှ မျက်ရည်စတွေတွေ့တိုင်း ကိုယ့်ရင်ဘတ်ထဲ တင်းခနဲဖြစ်ဖြစ်သွားတတ်တာကို စည်းက ခံစားတတ်နေပြီမို့…

"အဲဒါဆိုလည်း ညှစ်ဆေးတောင့်လေးတွေရှိတယ်၊ မစပ်ဘူး၊ ဒါပေမဲ့ စေးကပ်ကပ်နဲ့၊ မင်းနေတတ်ပါ့မလား"

"နေတတ်တယ်၊ မစပ်ရင်ပြီးရော"

ပါးမို့တွေတက်သွားအောင် ရယ်ပြီးပြောတော့ မျက်တောင်တွေပါ ပူးယှက်ပိတ်ကပ်သွားတာကို စည်းက ငေးကောင်းကောင်းနဲ့ ငေးနေပြီးမှ ချက်ချင်းမျက်နှာလွှဲသည်။ အခုန်ကြမ်းလွန်းတဲ့ ရင်ခုန်





သံကြောင့် ရင်ဘတ်ထဲရှိ အသည်းနှလုံးတွေတောင် ကမြောင်းထမြန်ဖြစ်ကုန်ပြီလားမသိ။ သူမသဘောကျ ဆေးထည့်၊ လက်နှစ်ဖက်စလုံး ပတ်တီးစည်းပေးတော့မှ ရည်ရွယ်ရာက နှုတ်ခမ်းအစွန်းတွေ ကော့တက်သွားအောင် ပြုံးပြရင်း…

"ကျေးဇူး…သိလား"

"ရပါတယ်"

ပြောပြီးတာနှင့် ချက်ချင်း မတ်တပ်ရပ်ကာ ကျောခိုင်းသည်။ သူမမျက်နှာပေါ်က အစိတ်အပိုင်းတွေကို အသေးစိတ်ဖတ်ရှုရင်း ရင်ခုန်သံက ထပ်ခါ သောင်းကျန်းလာဦးမည်။ ရွယ်ရွယ်ကတော့ ကျောခိုင်းထားတဲ့ သူ့ကျောပြင်ကျယ်ကျယ်အား ငေးရင်း

"ခင်ဗျားက ကိုကိုနဲ့ ရုပ်ချင်းတူရုံတင်မကဘူး ကြင်နာတတ်ပုံချင်းလည်း အတူတူပဲ"

တဲ့။ ကိုယ် ကြင်နာသမျှ သူမအသိအမှတ်ပြုပုံက စည်းဟုခွဲခြားမမြင်တော့ ရင်ထဲနာကျင်သွားရသည်။ တူချင်လို့လုပ်တာမဟုတ်ပေမဲ့ သူမက တူတာတွေချည်း တွေ့နေတော့လည်း။

စည်းအဖြစ်က တူဆို သံရိုက်တူတောင် စိတ်နာချင်ချင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟော့…ရရဲ့လား"

"ဟုတ်"

ဟုတ်ဆိုပြီး ခေါင်းညိတ်ပေမဲ့ ကြက်သားကြော်ကို မတို့ထိဘဲ စားတာက ထမင်းဖြူတွေကိုသာ။ စည်းက ပုတ်တီးဖြူဖြူစည်းထားတဲ့ လက်ဖဝါးပိုင်ရှင် သူမကိုငေးရင်း ဖွန်းနဲ့ခက်ရင်းကို ချပစ်ကာ ထိုင်ခုံ၌ ကျောမှီထိုင်သည်။

"စားလေ…စည်းရဲ့၊ ဘာဖြစ်လို့လဲ"

"မင်းကို အလုပ်တစ်ခုခုခိုင်းရင် ကောင်းမလားလို့"

စည်းက ဘာသဘောနှင့်ပြောတာမှန်း မသိဘဲ သူမလေး





က ခေါင်းညိတ်တာ ဝမ်းသာအားရ။ စည်းမှာ သူမကို စိတ်မချ၍ အိမ်ပြန်လာရသည်။ အိမ်ရောက်တာနှင့် ဆေးအရင်ကုပေးရသည်။ ပြီးတော့ ဝယ်ခြမ်းလာသမျှ နေရာချပြီး အလွယ်ဆုံးနှင့် အမြန်ဆုံး ရနိုင်သည့် ကြက်သားကြော်၊ ဝက်အူချောင်းနှင့် ကြက်ဥကို ရောမွှေကြော်ကာ အောရိန်း(ချ်)မှ ဝယ်လာသော အသင့်စားငပိကြော်ပုလင်းနှင့်ဆိုတော့ မဖွယ်ရာပေမဲ့ စုံတကာစေ့သွားသည့် ထမင်းဝိုင်းကိုဖြစ်လို့။ သူမကတော့ ထမင်းနှင့် ငါးပိကြော်ကို တစ်ဖွန်းခပ်စားရင်း

"ပြောထားပြီးသားပဲကို၊ စည်းဘာခိုင်းခိုင်း လုပ်ပါ့မယ်ဆိုတာ၊ ဒါပေမဲ့"

မျက်တောင်ဖျားတွေ တစ်နေရာတည်း စိုက်ချကာ ငြိမ်ကျသွားတာကြောင့် စည်းက စားပွဲပေါ် လက်တံတောင်ဆစ်ကွေးတင်ရင်း…

"ဆက်ပြောလေ၊ ဘာဖြစ်လဲ"

"ဟိုလူနဲ့ မထားခဲ့ပါနဲ့လို့၊ သူက စိတ်မှုပ်ပြီး အကျင့်လည်းယုတ်တယ်"

ရှယ်ရှယ်က စိတ်ထဲရှိသည့်အတိုင်း ပြောပစ်တာပင်။



www.burmeseclassic.com

စည်းကို အားကိုးတာလည်းပါသည်။ ယုံကြည်တာလည်းရှိသည်။ ထို့ကြောင့် စည်းရှေ့ဆို သူမ ခံစားရတာကို မခြွင်းမချန် ပြောပြရသည်။ ပုသိမ်မှာ စတွေ့တုံးကဆိုလျှင် ရွယ်ရွယ့်စိတ်ထဲ ကိုကိုများလားလို့ ထင်မှတ်ရတဲ့အထိ။ ရင်ထဲမှာ ကိုကိုမရှိတော့ဘူးဆိုတာ သိသိကြီးနဲ့တောင်။

"ဒေါ်လေးမှုန်…အဲဒီလူက ဒီက ဦးတို့အန်တီတို့ရဲ့သားအရင်းလားဟင်"

လို့ တိုးတိုးတိတ်တိတ်မေးယူရတဲ့အထိ။ ဒေါ်လေးမှုန်က သူမကို တအံ့တသြကြီးကြည့်ပြီး….

"ညည်းနှယ်အေ…ဘယ့်နှယ်မေးရတာတုံး၊ မမဖြူတို့သာကြားရင် စိတ်ဆိုးလိုက်မဲ့ဖြစ်ခြင်း၊ အဲဒါ ဆရာကြီးနဲ့ မမဖြူတို့ရဲ့ တစ်ဦးတည်းသောသားအရင်း"

"ဒေါ်လေးမှုန်က ငယ်ငယ်ကတည်းက သူ့ကိုထိန်းခဲ့တာမို့လို့လား"

ဆိုပြီး ခန်းဆီးစအသာလှပ်၍ ချောင်းငေးကာ ဒေါ်လေးမှုန်ကို အစ်အောက်ရတဲ့အထိ သူဟာ ရွယ်ရွယ်ရဲ့ကိုကိုမှ ကိုကို





အစစ်။ ဆံပင်ရှည်တွေကို နားထင်နှစ်ဖက်မှ သိမ်းယူစည်းထားတာကြောင့် မျက်ခုံးမျက်လုံးတွေကို ရှင်းရှင်းကြီး တွေ့ရအောင် ဖော်ပြထားသလို။ သေချာကြည့်လေ သေချာကိုတူလေ။ ဒေါ်လေးမှုန်ကတော့ သူမအား မျက်စောင်းကြီး တရွယ်ရွယ်နဲ့…

"ဒီကလူလေးက ကျုပ်မမွေးရုံတမယ်ပါတော်၊ မမဖြူအပြင်သွားတာတို့၊ နေထိုင်မကောင်းဖြစ်တဲ့အချိန်တို့ဆိုရင် ကျုပ်ပဲ ဒီကလေးကို နို့ဗူးတိုက်ပြီး ထိန်းခဲ့ရတာ၊ ကဲ ဒီထက်သေချာတာဘာရှိဦးမှာလဲ"

အာပေါင်အာရင်းသန်သန်နဲ့ ပြောပြီးမှ ရွယ်ရွယ်အား စေ့စေ့အကဲခတ်ရင်း…

"နေပါဦး…ညည်းက လူလေးအကြောင်း အဲဒီလောက်အထိမေးရအောင် ဘာကိစ္စများရှိလို့တုံး"

အမေးခံရတော့ ရွယ်ရွယ့်မှာ ဖြေစရာစကားက အသင့်မရှိ။ ထိုအခါ လက်ဖဝါးနှစ်ဖက်ကို အကြောင်းမဲ့ပွတ်ရင်း…

"အဟင်း…သူနဲ့တူတဲ့သူကို တွေ့ဖူးသလားလို့"

ဆိုကာ လျှော့ချရသည်။ အဲဒီတုံးက ဒေါ်လေးမှုန်က

www.burmeseclassic.com



သူမထံ အားပြင်းသော မျက်စောင်းတစ်စင်း ဒိုင်းခနဲထိုးချကာ…

“ဒါများအေ…လူတူမရှား နာမည်တူမရှားတဲ့၊ စကားပုံ တောင်ရှိသေးတာပဲ”

တဲ့။ ရွယ်ရွယ်ကတော့ ဒီလိုတူခြင်းက မရှားပေမဲ့ ထူးဆန်းစွာ တိုက်ဆိုင်ခြင်းမျိုးက ရှားပါးတာပဲမဟုတ်လား။

“ဦးလေးမောင်ကိုရှာ၊ သူက ညည်းအတွက် လုံခြုံတဲ့ တစ်နေရာ စီစဥ်ပေးလိမ့်မယ်၊ ကိုကို မရှိတော့ရင်ပေါ့”

ဒါ ကိုကိုရဲ့ နောက်ဆုံးမှာကြားခြင်းလား။ တွေးရင်းပင် အတိတ်က သူမကို တစ်ဖန်ပြန်ဝမ်းနည်းစေသောအခါ…

“ရွယ်ရွယ်ရာ…ဟော့ ရွယ်ရွယ်ရာ”

ခေါ်မကြားအော်မကြားဆိုတာ ဒါမျိုးလား။ စည်းမသိတော့။ ထမင်းပန်းကန်ကြီးရှေ့ချ၊ ထမင်းစားပွဲမှာ ငုတ်တုတ်ထိုင်ပြီး ရှေ့မှာ လူတစ်ယောက်လုံးထားပြီးတော့ တွေးချင်ရာတွေး ငေးချင်ရာငေးတာက တရားလွန်။ စည်းက မျက်နှာချင်းဆိုင်ခုံမှ ထလာကာ သူမအားခုံ ဝင်ထိုင်ရင်း…

“ရည်ရွယ်ရာ”





နားနားကပ်ခေါ်မှ…

“ရှင်”

ဆတ်ခနဲထူးပြီး သူ့ဘက်က အလန့်တကြား လှည့်ကြည့်ဖော်တော့ ရသေးသား။ ပြီးမှ စည်းနေရာရွှေ့ထိုင်တာကို သိသွားဟန်ဖြင့်…

“စည်းက”

“အင်း…မင်း ငုတ်တုတ်ကြီး အိပ်ပျော်သွားလို့ လာနှိုးတာ”

ပြောရင်းနဲ့ သူမရှေ့က ထမင်းပန်းကန်ကို စည်းက ဆွဲယူတော့…

“ဘာလုပ်မလို့လဲ”

“ကြက်သားနွှာပေးမလို့၊ မင်းက လက်တစ်ပြင်လုံး နာနေတော့ အဆင်ပြေမှာမဟုတ်ဘူးလေ”

ခက်ရင်းနဲ့ ကြက်သားတုံးကို ထိုးထားရင်း ဓားနဲ့ အသားမျှင်တွေကို စိတ်ရှည်စွာနွှင်ပေးသော စည်း။ ရွယ်ရွယ်သည် ထူထဲသော မျက်ခုံးအောက်က စိုက်ချထားတဲ့ မျက်တောင်ကော့ငွေ၊



www.burmeseclassic.com

www.burmeseclassic.com



နှာတံထိပ်ဖျားနှင့် ထောင့်ချိုးညီသော နှုတ်ခမ်းတွေကို ငေးရင်း ရင်ထဲ လှိုက်တက်လာသည်။ နားသယ်စပ်တစ်လျှောက် တွေ့ရသော စိမ်းမြမြမွေးညှင်းတွေကအစ ကိုကိုနဲ့တစ်ထပ်တည်း။ အခုနေများ သူဟာ ရွယ်ရွယ့်ရဲ့ကိုကို ဖြစ်ခဲ့လျှင် ရင်ထဲတဝုန်းဝုန်း ပြိုကျနေတာ ဘာအစိတ်အပိုင်းတွေမှန်း မသိပေမဲ့ ကိုကို့ကို သူမအနား ပြန်ရောက်စေချင်ခြင်းက အဓိကဆိုလျှင်…

"ရော့…ရပြီ စားတော့"

စည်းက ဘမင်းရောဟင်းပါ အဆင်သင့် ဖွန်းပေါ်ခပ်ပုံ ပေးထားလျက် သူမရှိရာ ပန်းကန်ကို ထိုးပေးသည်။ ပြီးတော့ မေးဆတ်ပြကာ စားလေဟု တိုက်တွန်းတာကို သူမက ကြောင်စီစီလေး ကြည့်နေရင်း ထိုမျက်ဝန်းထဲတွင် တရစ်ရစ်အိုင်ဖွဲ့တက်လာတာက မျက်ရည်တွေ။ သူ တအံ့တသြ ကြည့်နေဆဲမှာပင် လွန့်ခနဲ တွန့်ခနဲဖြစ်သွားသော နှုတ်ခမ်းပါးလေးတွေကို မချိတရိ ဖိကိုက်ထားလျက်က…

"စည်း"

ငိုသံပါကြီးနဲ့ခေါ်ကာ သူ့ရင်ခွင်ထဲ တစ်ကိုယ်လုံး ပစ်ကျ





ကာ ဖက်တွယ်ပစ်ခြင်း ခံရတာဖြစ်သည်။ ရုတ်တရက်မို့ စည်းက အငိုက်မိသွားသူလို။ ဘာလုပ်လို့ဘာကိုင်ရမှန်း မသိ။ တစ်ကိုယ်လုံး ထူထူပူပူကြီး ဖြစ်နေရာမှ သူသတိထားမိတာက သူ့ရင်ခွင်ထဲရှိ သူမ တသိမ့်သိမ့်တုန်ခါသည်အထိ ငိုကြွေးနေခြင်းပင်။

"ဟော့…ရည်ရွယ်ရာ၊ ဟော့…ဒီမှာ"

တဆတ်ဆတ်တုန်ခါနေသော ပခုံးသားအား တို့ခေါ်ပေမဲ့ ရွယ်ရွယ်က ခေါင်းမော့မလာဘဲ ရင်ခွင်မှဲ့ခဲ့သည့် နေ့ရက်တွေအတွက် အတိုးချပြီး ငိုနေသလားမသိ။ စည်းကလည်း စေတနာဗလပွနှင့် ဒီရင်ကို ခိုလှုံရာပေးချင်ပေမဲ့ ခက်တာက ရင်ခုန်သံဟာ ထိန်းမရအောင် မြန်ဆန်နေတော့လည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟား…စည်း ဘာတွေလုပ်နေတာလဲ၊ ငါ ဒီမှာဖုန်းခေါ်နေတာ ငါးမိနစ်လောက်ရှိပြီ၊ မင်းဖုန်းကိုဆက်တာလည်းမကိုင်၊ အိမ်ဖုန်းကျတော့ ရှောရှောရှုရှုဝင်သွားပေမဲ့ ချက်ချင်းလာမကိုင်တော့"

"မင်းဘိုးအေ…ဖုန်းပလပ် မင်းဟာမင်းဖြုတ်ပြီး ခေါ်ရသေးတယ်နော်"

ခေါ်သဖြစ်ဖြစ်နှင့် စည်းက ပြောပေမဲ့ ဖုန်းထဲက ဖွဲ့ရယ်သံက အမြင်ကတ်စရာ နားထဲတိုးဝင်လာရင်း…





"ငါသိပြီးသားပါ၊ အဟွန်း မင်းအိမ်ရောက်ရင် ပလပ်ပြန်တပ်မယ်ဆိုတာ၊ မင်းဘာလို့ ဟင်း(န်)ဖုန်းကို မကိုင်တာလဲ"

"ဖုန်းက ကားပေါ်မှာနဲ့တူတယ်၊ အဲဒါကြောင့် မကိုင်တာ"

"အဟွန်း…ငါထင်သားပဲ၊ မင်း ဆိုင်ကနေ အိမ်ကိုတန်းပြေးကတည်းက ဘယ်လိုလဲ စည်း၊ ကောင်မလေးကို ငါပညာပေးထားတာ တွေ့တယ်မဟုတ်လား"

"မင်း…အဲဒီလောက်အထိတော့ လုပ်ဖို့မကောင်းဘူး ဖွဲ့"

ဖုန်းပခက်ပါယူရင်း ဆိုဖာလက်တန်းပေါ် ထိုင်ချကာ ပြောရသည်။ သူမက ဝမ်းနည်းတာတွေရော၊ အားငယ်တာတွေရော ရောထွေးပြီး စည်းမှာ ရင်ခွင်တောင် မျက်ရည်စိုဖို့ ခဏငှားပေးရတဲ့အပြင် အကြောင်းစုံ ဘာမှမသိသော ဖွဲ့ကတော့ သူလုပ်ရပ်သူ ကျေနပ်စွာ တဟိဟိရယ်ကောင်းဆဲ။

"သူ့ခမျာ အားကိုးရာမဲ့နေတာကို၊ ကိုယ့်အိမ်ရောက်တော့ ကိုယ့်စည်းသည်ပေါ့ကွ"

"မင်းပဲ လက်တိုလက်တောင်းခိုင်းဖို့အတွက်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ဒါပေမဲ့ တမင်တကာကြီး လုပ်တာကျ

မေမေပြန်သိရင် ငါပါမကောင်းဘူးပေါ့"

မေမေနဲ့ လှည့်ခြောက်မှ ဖွဲထဲက အသံတိတ်သွားတ

ဒါတောင်…

"အနံတိဖြုသိပြီး ပြန်ခေါ်သွားလည်း အေးတာပဲ၊ အိမ်

အလကားအရှုပ်ထုပ်"

လို့ ပြောပြီးမှ…

"မင်းဆီ…ထိုက် ဖုန်းခေါ်နေတယ်၊ အဲဒါ ခေါ်မ

တဲ့ ငါ့ဆီလှမ်းဆက်ပြီး ပြောခိုင်းတာ၊ ဖုန်းကို အနားယူထာ

ဟော့ကောင်"

"ဒါများ စောစောကမပြောဘူး"

"အေး …ဖြစ်နိုင်ရင် မပြောချင်ဘူး၊ ထိုက် သိသွာ

ငါက သဘောထားသေးတဲ့ကောင် ဖြစ်သွားမှာစိုးလို့ ဒါပဲဟော့ေ

ငါ ညအပြန်နောက်ကျမယ်၊ မိုးကျော်တို့နဲ့ လိုက်သွားမလို့"

ပြောချင်ရာပြောပြီး ဖုန်းချသွားမှ စည်း ဒီဘက်လှည့်

ဓော့





"ရှော့"

မျက်နှာနားအထိ ထိုးပေးလာတဲ့သူ့ဖုန်း။ မော့ကြည့်တော့ မျက်ရည်တွေ မရှိတော့ပေမဲ့ တစ်မျက်နှာလုံး ပွတ်ဆွဲသုတ်ထားတဲ့ အရှိန်ကြောင့် ပြောင်သလင်းခါနေသည့်ကြားထဲ မျက်ခွံတွေက မို့အစ်နီရဲနေသေးသည်။ စည်းက ဖုန်းကိုလှမ်းယူရင်း…

"ကားထဲကတွေ့တာလား"

"အင်းလေ…စောစောကပဲ စည်းပြောသံကြားလို့ သွားယူတာ"

"ငိုလို့ရော ဝသွားပြီလား"

"အဟီး"

ပခုံးကျုံ့ရယ်ရင်းက…

"စိတ်ကလွတ်သွားတာ စည်းကိုကြည့်ရင်း ကိုကို့ကို အရမ်းသတိရလာလို့"

"အင်း…တော်ပါပြီ၊ သတိရတဲ့အကြောင်းတွေ မပြောနဲ့တော့၊ တော်ကြာ ထပ်ငိုနေမှဖြင့်"

"အဟင်း…မငိုတော့ပါဘူးစည်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလား"

"တကယ်"

ခေါင်းညိတ်တော့ မျက်ဝန်းတွေပါ မှိတ်ပြသည်။ စည်းက စိတ်လွတ်ကိုယ်လွတ် အော်ရယ်ပြီးမှ…

"ဒါဆို အကျီချွတ်သွားလဲ"

"ဟင်…ဘာလုပ်ဖို့"

"မင်းကို တစ်ယောက်တည်းထားခဲ့လို့ မရဘူးလေ၊ ထပ်ငိုနေရင် တော်ကြာ ဒီအိမ်ကြီး မျက်ရည်မြစ်ထဲ မျောသွားဦးမယ်၊ မင်းကို ဆိုင်ခေါ်သွားမလို့"

"ဟယ်…တကယ်"

မေးရင်း လွှင့်ခနဲ ခုန်ပေါက်ကာ…

"ဒါဆို အကျီချွတ်သွားလဲမယ်နော်၊ စည်း သုံးမိနစ်ပဲစောင့်သိလား"

တဲ့။ အိပ်ခန်းထဲ အပြေးသွားတာ ကမူးရှူးထိုးနဲ့၊ စည်းက မျက်စိတဆုံး လိုက်ငေးရင်း သွားတန်းတွေပေါ်အောင် ရယ်မိသည့်ခဏမှာပဲ လက်ထဲကဖုန်းက ဆူဆူညံညံ အသံပေး၍ မြည်လာပြီ။





"ဟဲလို"

"စည်း"

အက်ရှခြင်းအသံထဲမှာ မာကျောခြင်းတွေပါ ပေါင်းစပ်ထားသည့် ဟန်ယန်။

"ထိုက်"

"ကြည့်စမ်း…ငါ့ကိုမှတ်မိလို့ တော်သေးတာပေါ့၊ နင်ဖုန်းတခြား လူတခြားနဲ့ ဘာတွေအလုပ်ရှုပ်နေတာလဲ စည်း"

ကြည့်…မေးပုံကိုက ဆရာကြီးအထာအပြည့်နှင့်။ ရွှေနှန်းထိုက်တို့ဟာ နာမည်နဲ့လိုက်အောင်ကို တကယ့် ကြီးကြီးကျယ်ကျယ်။ တက္ကသိုလ် စတက်ခါစက ပထမနှစ်မှာ သူတို့မေဂျာရဲ့ကွင်း(န်)။ နာမည်ကြီးသလောက် အရှိန်အဝါကကြီးသည်။ ထို့ကြောင့် ရွှေနှန်းထိုက်က မာနလည်းကြီးပါ၏။ ထိုကြီးသုံးကြီးမဒီအား လောလောဆယ်မှာ ချစ်ခွင့်ပန်ထားသူ ဒုနဲ့ဒေးကြားမှာ ဖွဲ့က ဦးစားပေးအဆင့်တဲ့လေ။

"စည်း"

"အာ…ဖြည်းဖြည်းအော်၊ ဒီမှာ နားတောင်အူသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အမှာပေါ့…နင်က ဖုန်းကိုင်ထားပြီး အသံတိတ်နေတာကိုး၊ နင့်သတင်းတွေ ငါကြားတယ်နော် စည်း"

"အင်း…ဒါဆို ငါက တော်တော်နာမည်ကြီးနေတာမျိုးပေါ့၊ နိုင်ငံရပ်ခြားအထိတောင် သတင်းက ပြန့်နေတော့"

"အေး…ကောင်းသောပြန့်ခြင်းမျိုး မဟုတ်တာ သေချာတယ်"

"ထားပါ၊ နင့်ဘယ်တော့ပြန်လာမလဲ ထိုက်"

စကားလမ်းကြောင်း လွှဲ၍ မေးခြင်းမျိုး။ ထိုက်က တစ်ဖက်မှ ခပ်သဲ့သဲ့ရယ်ရင်း…

"မပြောပြဘူး"

"ဒါလည်းကောင်းတာပဲ၊ လာကြိုရတာ သက်သာတယ်"

"စည်း…နင်ဟာလေ"

ထိုက်ကပြောပြီး ရယ်ပြန်သည်။ ဘယ်အခါမှ စကားကို တစ်ဖက်လူနားဝင်ချိုအောင် မပြောတတ်။ ဒါကို အပြစ်လုပ်ပြောလျှင် 'ငါက ဝက်ဝံတွေ ရှုတ်ရတာ နှုတ်မရဲဘူး' ဆိုပြီး ပြောတတ်





သူငယ်ချင်းကောင်လေးက ဒီတစ်ယောက်ပဲရှိပါသည်။ ဖွဲ့ကတော့ ဒီလိုမဟုတ်။ တွေ့လျှင် တစ်ဖက်လူ အရည်ပျော်ကျအောင် အနှဲ့ပိုင်ပြီး ကတိပေးရဲသည့်လူ။

"နင်…ဘာအထွေအထူးရှိလဲ ထိုက်"

"ဟဲ့…ဒါ ဖုန်းချတော့မယ်လို့ အချက်ပေးတာလား"

"ငါ ဆိုင်ပြန်သွားရတော့မယ်၊ ဖွဲ့ အပြင်သွားစရာရှိတော့ ငါ့ဂျူတီပေါ့"

"အေး…အေး ဒါဆို လည်းသွားလေ၊ ငါက အကြောင်းကိစ္စမှမရှိဘူး၊ အဟင်း နင်တို့ကိုချက်ကင်ဝင်တာ"

"ဝင်တော့ ဘာတွေ့လဲ"

"ဖုန်းနဲ့ဆိုတော့ မတွေ့ဘဲကြားနေရလို့ ခက်နေတာ"

ထိုက်က အရယ်အမောတွေနဲ့ စကားဆိုပြီး နှုတ်ဆက်ချသွားသည်။ ဒီတော့မှ စည်းက ဖုန်းပိတ်ပြီး ညှို့ခန်းဘက်ညှို့ရပ်တော့ သွန်းနောက်နားမှာ တောင့်တောင့်လေးရပ်စောင့်နေတဲ့ ညှို့ရှယ်ရာ။ အစိမ်းဖျော့တာဆက်တည်း ဂါဝန်က ဒူးကျနားမှာ ကားကားလေးဖြစ်အောင် ခါး၌ ခါးပတ်အဖြူရောင်ကြီး ပတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည်။ အစိမ်းရောင် ပင်(န်)ဆယ်(လ်)ဟီးနှင့်။ ထုံးစံအတိုင်း နဖူးစပ်နားက ဆံမြိတ်တွေကို ဖဲပြားအစိမ်းကြီးနှင့် အကုန်လှန်တင်ထားသည်။ လက်နှစ်ဖက်ကတော့ ပတ်တီးအဖွေးသားနှင့်။

"အဆင်ပြေရဲ့လား စည်း"

စည်းက မတ်မတ်ရပ်ရင်း ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်စလုံး ထည့်ကာ သူမကိုကြည့်ပုံက ဇွေဇွေစပ်စပ်။ ပြီးမှ နှုတ်ခမ်းတွန့်ရှုံပြုံးပြီး…

"အင်း…လှသားပဲ"

သူ့ ချီးမွမ်းတာကို ရှက်သွားခြင်း၊ မလုံမလဲဖြစ်သွားခြင်းတွေ ရည်ရွယ်ရာမျက်နှာ၌ မတွေ့ရဘဲ စည်းကိုတောင် ကျေကျေနပ်နပ်ကြီး ပြန်ပြုံးပြကာ…

"အဲဒီလို ပြောတာလည်း ကိုကိုနဲ့တူတယ်"

တဲ့လေ။ စည်းမှာ ကိုယ့်အဖြစ်ကိုယ် အီလည်လည်ကြီးနဲ့။ အရာတိုင်း ဒီကိုကိုဆိုသူနှင့် လွတ်ကင်းရာမရှိတော့ပြီလား။

◆ ◆ ◆



# အခန်း (၁၁)

"အဟင်း…ရွယ်ရွယ်ပြောရင် စိတ်ဆိုးမှာလား"

"ဘာကိုလဲ"

စည်းက စတော်ဘယ်ရီမစ်(စ်)ရှိတ်ကို တစ်ငုံချင်းစုပ်သောက်ကာ မျက်လွှာပင့်မေးသည်။ ရွယ်ရွယ်က စည်းမျက်နှာကို သေချာအကဲခတ်ပြီးမှ…

"ပြောလေ…စိတ်ဆိုးမှာလားလို့"

"သနားသောအားဖြင့် ခွင့်လွှတ်ပေးပါ့မယ်"

"အမယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှယ်ရွှယ်က မျက်စောင်းလှမ်းထိုးပြီးမှ ရုံးခန်းထဲရှိ မှန်ဘောင်သွင်းထားသော ဓာတ်ပုံလေးကို လှမ်းကြည့်လိုက်၊ လက်(ပ်)တော့ထဲက ပုံကိုကြည့်လိုက်နှင့် အလုပ်ရှုပ်နေရာက

"စတွေ့ကတည်းက ရွှယ်ရွှယ်ပြောချင်တာ သိလား၊ စည်း မကြိုက်မှာစိုးလို့"

"ဘာလဲ...ထိုက်အကြောင်း ဝေဖန်ရေးလား"

"အင်း"

ခေါင်းညိတ်ပြတော့ နားဦးဆွဲထားသော နားကွင်းအဝိုင်းကြီးက ယမ်းခါသွားသည်။ ဝတ်လိုက်သမျှ တီရှပ်ခါးတိုနှင့် ဒူးကျ စကဒ်အကားတွေသာများပြီး ဒီနေ့မှ ထူးထူးဆန်းဆန်း အပေါ်ထပ် ချိုင်းပြတ်အင်္ကျီတစ်ထည် ထပ်ဝတ်လာသော ရွှယ်ရွှယ်က သူ့လက်(ပ်)တော့၌ တင်ထားသော ဓာတ်ပုံတွေကို ပြောင်းကြည့် ရင်း...

"သူ့ရုပ်ကလည်း အီကြာရုပ်ပဲ သိလား စည်း"

"အင်း...ဟောပါဦး၊ အင်္ဂလိပ်စာဆရာမကြီးရဲ့"

စည်းက တစ်နေ့တာပစ္စည်းအရောင်းနှင့် ရောင်းရငွေအရင်း





ကို တိုက်ကြည့်ရင်းက သူမကို လှည့်မကြည့်အားဘဲ ပြောသည်။ ဖွဲ့နဲ့ ပြဿနာဖြစ်ပြီးသည့်နောက်ပိုင်း၌ စည်းက သူမကို အိမ်မှာ တစ်ယောက်တည်းထားလေ့မရှိ။ မနက်ဆို သူဆိုင်ထွက်တာနှင့် ရွှယ်ရွှယ်ပါ တပါတည်းခေါ်တာမျိုး။ နှစ်ယောက်အတူ မီးပိုချောင် ဝင်၊ အတူချက်ကြပြုတ်ကြရင်း ဖွဲ့ရဲ့မျက်စောင်းဒဏ်ကို ခံရတာမျိုး လည်းရှိသည်။ ဖွဲ့ကတော့ ရွှယ်ရွှယ် နေ့တိုင်းဆိုင်လိုက်တာကို မကျေမနပ်နှင့်...

"နင်က ဘာကိစ္စ စည်းနားတကပ်ကပ်ဖြစ်နေတာလဲ"

နှစ်ကိုယ်ကြားမေးလျှင် ရွှယ်ရွှယ်ကလည်း မခံ။

"ဆိုင်မှာ စာရင်းအလိမ်ခံရမှာစိုးလို့၊ စာရင်းတွေ ကူပြီး လိုက်စစ်ပေးနေတာ"

"အောင်မာ...နင်ကပဲပြောရတယ်ရှိသေး၊ ငါတို့ဆိုင်ကို ဝင်လေ့လာပြီး နင်လက်ထောက်ပြန်ချမှာတောင် ငါက စိုးရိမ်သေး တာ"

"သွားစမ်းပါ နို့ဆီခွက်လောက်ရှိတဲ့ ဆိုင်သေးသေးလေး များ စိတ်မကူးဘူး၊ သဘောပေါက်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ…နင် နာမယ် ရှည်ရှယ်ရာ၊ ကြပ်ကြပ်သတိထား"

လို့ အကြိမ်းမောင်းခံရလျှင်တော့ သူမမှာ စည်းအနားက မခွာရဲတော့။ ဖွဲ့ဟာ ပဲများသလောက် သူများကို ဒုက္ခပေးရန် အကြံအစည်ကလည်း ဒင်းဦးနှောက်ထဲ တသီကြီးရှိတတ်သည်။ အရင်ကလို အလုပ်တွေ မတရားခိုင်းတာမျိုး ထပ်မလုပ်ရန် စည်းက တားမြစ်ထားဟန်တူသည်။ အဲဒါမျိုးမလုပ်တော့ပေမဲ့ သူ့အိမ်မှာရှိတဲ့နေ့ဆို ရှယ်ရှယ်တို့မနားရ။

"ရေတစ်ခွက် ခပ်ခဲ့"

ရေခပ်ခိုင်းပြီး အနားရောက်မှ…

"ရေမသောက်ချင်ဘူး၊ သံပရာရည် သောက်ချင်တာ"

လို့ဆိုကာ စည်းထံတစ်ချက်လှမ်းကြည့်ပြီး…

"ငါက အကူအညီတောင်းတာနော်"

ဆိုကာ ရောချတာမျိုးလည်းရှိသည်။ ဒါပေမဲ့ ရှယ်ရှယ်စိတ်ထဲ မုန်းတာတွေ၊ နာကြည်းတာတွေ ဖြစ်ရတဲ့အထိ မခံစားမိပါ။ စည်းအနားမှာနေပြီး ဘာပဲလုပ်ရလုပ်ရ လုံခြုံမှုရှိနေခြင်းက ရှယ်ရှယ့်အတွက်တော့ စိတ်ကျေနပ်စရာ။





"စည်း"

"အင်"

စည်းက မော့မကြည့်ဘဲ ထူးသည်။ ရှယ်ရှယ်က တက္ကသိုလ်ပရဝုဏ်ကို နောက်ခံထားပြီး ရိုက်ထားတဲ့ပုံတွေကို မေးထောက်ငေးရင်း…

"အဲဒီရွှေနန်းထိုက်က အပြင်မှာချောလားဟင်"

"အင်း…ကျောင်းတုံးက ကွင်း(န်)"

"အခုရော"

"မသိဘူးလေ၊ သူက ဒီမှာမရှိတာကြာလှပြီ"

"ဪ"

အသံအကြာကြီး တိတ်သွားပြီးမှ…

"ဖွဲ့က ချစ်ရေးဆိုထားတာဆို့.စည်းကရော သူ့ကို ခံစားချက်က ရှိုးရှိုးပဲလား"

"အဟွန်း"

စည်းက အသံထွက်ရယ်ရင်း စာရင်းစာအုပ်ကို ပိတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပေးရာတွန်းရွှေ့သည်။ ထို့နောက် ပိုက်ဆံထည့်ထားသော အံဆွဲကို သော့အကြီးခတ်ကာ မတ်တပ်ထရပ်ရင်း...

"ဘာတွေမေးနေတာလဲ၊ ကလေးက ကလေးလိုမနေဘူး ထတော့ ထမင်းသွားစားမယ်"

"ဟင့်...မေးတာလည်းမဖြေသေးဘဲနဲ့"

ရွှယ်ရွှယ်က စူပုပ်ပုပ်နှင့်ဆိုတော့ စည်းက ပခုံးတွန့်ရယ်ရင်း...

"ဖြေစရာမှမလိုတာ"

"ဘာလဲ...ဖွဲ့ကို ဦးစားပေးလိုက်တာလား"

အတင်းကြီး မျက်နှာရှေ့ ခြေဖျားထောက်ပြီး မေးတဲ့ပုံကြောင့် စည်း ရယ်ချင်သည့်နှုတ်ခမ်းပါးတွေကို အတင်းကြီးဆွဲကာ...

"မဟုတ်ပါဘူး၊ တကယ်ချစ်ရင် သိကြားမင်းတော ဦးစားမပေးဘူး"

"ဒါဆို စည်းက သူ့ကိုမချစ်ဘူးပေါ့"

"ထင်တာပဲ၊ သွားရအောင်လေ၊ မနေ့က ထိုင်းအစားအ





ဆိုင်က ကောင်းတယ်ဆို"

စည်းက ဦးဆောင်ပြီး အခန်းထဲကထွက်ခဲ့သည်။ ရှိုးရွမ်းထဲမှာ ရှိနေသော ဖွဲ့က သူတို့ထွက်လာတာမြင်တာနှင့် ခပ်ထေ့ထေ့ ပြုံးပြရင်း...

"သွားစားကြသလား၊ ငါ့အတွက် ယောင်မှားပြီးတောင် နေ့လည်စာဝယ်မလာနဲ့"

လှမ်းအော်သည်။ စည်းက လက်တစ်ဖက်မြှောက်ပြပြီး ဆိုင်ထဲက ထွက်လာ၏။ သူတို့ဆိုင်က ရှော့ပင်(န်)မောအကြီးကြီးထဲ ဖွင့်ထားတာမို့ အပြင်ထွက်စရာမလိုဘဲ ဒီထဲမှာတင် စားစရာဆိုင်ခန်း အစုံအလင်ရှိပြီးသား။ ထို့ကြောင့် စားရသောက်ရတာ အဆင်ပြေသည်။ ရွှယ်ရွှယ်က ထုံးစံအတိုင်း စည်းရဲ့နောက်နားမှာ ကျန်ကျန်နေခဲ့ကာ နေ့တိုင်းတွေ့ရသော ဆိုင်ခန်းတွေကို ဟိုဒီမော့ငေးမဆုံး။

"ဟိတ်...ငေးမနေနဲ့ လာ"

ရပ်စောင့်ပြီး စည်းက အဲဒီလိုခေါ်လျှင် အမြန်ပြေးလာလိုက်၊ တစ်ခါပြန်ငေးလိုက်နှင့် သံသရာလည်နေသော ရွှယ်ရွှယ်က ဒီတစ်ကြိမ်မှာတော့ အပေါ်ထပ်က ဆင်းလာသော ဓာတ်လှ



www.burmeseclassic.com

www.burmeseclassic.com



ကားဆီ အကြည့်အရောက် ဓာတ်လှေကားက ရုတ်ခြည်း တံခါး ပွင့်သွားပြီး အထဲမှ လူနှစ်ယောက်နှင့် အကြည့်ချင်းအဆုံ။

"ဟင်"

ရွှယ်ရွှယ် နားထင်နှစ်ဖက်၌ အသံတိတ် ပေါက်ကွဲခြင်း တစ်ရပ်ဖြစ်ပြီးနောက် တစ်ကိုယ်လုံး၌ လည်ပတ်နေသော သွေးတို့က ရုတ်ခြည်းအချက်ပေးခေါင်းလောင်းအဖြစ် အသွင်ပြောင်းသွား သလို။

"စည်း"

"ဟင်"

စားသောက်ဆိုင်တန်းဘက် ချိုးကွေ့တော့မည့် စည်းရဲ့ လက်ကို ရွှယ်ရွှယ်က ဆောင့်ဆွဲကာ ဈေးဝယ်သူတွေနှင့် စည်ကား နေသော စီးတီးမတ်(ထ်)ထဲ ပြေးဝင်တာ တဟုန်ထိုး။ စည်းက သူမဆွဲခေါ်ရာ ပြေးလိုက်ရင်း…

"ဟော့…ရည်ရွှယ်ရာ ဘာလို့ပြေးတာလဲ ဟော့"

"မပြေးလို့မရဘူး စည်း၊ သူတို့ ရွှယ်ရွှယ့်ကိုတွေ့သွားပြီ"

"သူတို့ ဘယ်သူလဲ"





"ရွှယ်ရွှယ့်ဦးလေးရဲ့ လူတွေ"

ပြေးရင်းလွှားရင်း ရွှယ်ရွှယ်က လှည့်ဖြေသည်။ နောက်နား ဆီ စည်းကလှည့်ကြည့်တော့ မဝေးတော့သော အကွာအဝေးမှာ လူနှစ်ယောက်က သူတို့နောက် သည်းကြီးမည်းကြီး လိုက်ဟန်ရှိ၏။

"ဒီတိုင်းဆက်ပြေးနေရင် မိတော့မှာပဲ ရည်ရွှယ်ရာ"

"ဘယ်လိုလုပ်မှာလဲ သူတို့မိသွားရင်"

"ရှေ့ထောင့်ချိုးကိုကွေ့လိုက်"

သူအမိန့်ပေးတဲ့အတိုင်း ရည်ရွှယ်ရာက ကွေ့ချတော့ ဘေးလှေကားနှင့် တံခါးဟစိလေးဖွင့်ထားသော အခန်းတစ်ခန်း။

"လှေကားက ဆင်းရမှာလား"

"မဟုတ်ဘူး၊ အဲဒီအခန်းထဲ လာ"

စည်းက သူမရှေ့မှ ကျော်တက်ပြီး အခန်းထဲဝင်ကာ သူမကိုပါ တစ်ခါတည်း ဆွဲသွင်းလိုက်သည်။ ထို့နောက် တံခါးကို တွန်းအပိတ် တံခါးနောက်နား၌ စီထပ်ထားသော ကတ္တူပုံးတွေက ယိုင်အိပြီး ပြိုကျလာရာ…



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

လန့်ပြီး ရွယ်ရွယ်က ယောင်အော်ကာ မျက်ဝန်းတို့ကို မှိတ်ချသည့်ခဏ သူမကို စည်းက ဆွဲလှည့်၍ ရင်ခွင်ထဲထည့်ကာ နောက်ကျောပေးကာလိုက်ရာ…

"အင့်"

စည်းထံမှ မချိမဆန့်အသံ ထွက်လာ၏။

"စည်း"

"ရှူး"

တိတ်တိတ်နေရန် အချက်ပြပြီး နောက်ကလေးလွှန်းသော ကတ်ထူပုံးကြီးတွေအား ခြေကန်ကာ ကျောနှင့်ကန်ထားရသဖြင့် သူ့ရင်ခွင်ထဲ ရောက်နေသော ရွယ်ရွယ့်မှာလည်း မလှုပ်ရဲ။

"ဒီအောက်ဆင်းသွားတာဖြစ်မယ် ကျော်ခေါင်၊ မင်းဆင်းလိုက်စမ်း၊ ငါ ဆရာကြီးဆီ ဖုန်းဆက်မယ်"

အသံက ကိုယ့်အခန်းအပြင်ဘက်နား နီးနီးလေး။ နှစ်ယောက်သား ရပ်ထားသည့် အနေအထားကို မလှုပ်ရဲဘဲ တံခါးနားကပ်၍ နားစွင့်သည်။ အပြင်မှ တတီတီနှင့် ဖုန်းခလုတ်နှိပ်သံ





တွေ ကြားနေရပြီးနောက်…

"အာစီ…တွေ့လိုက်တယ်၊ သူ ရန်ကုန်မှာ သေချာတယ် အာစီ၊ ဦးမောင်မောင်ကြီးက ပြန်မရောက်သေးဘူး အာစီ၊ ဟုတ် စိတ်ချ အာစီ၊ ဟုတ်၊ တွေ့တာနဲ့ ပါအောင်ပြန်ခေါ်ခဲ့ပါ့မယ်၊ ရည်ရွယ်ရာတစ်ယောက်တည်းမဟုတ်ဘူး အာစီ၊ နှစ်ယောက်၊ ဟုတ် သေချာအောင်စုံစမ်းပါ့မယ် အာစီ"

တဟုတ်ဟုတ်အသံတွေနှင့်ပင် ဖုန်းပြောခြင်းအား အဆုံးသတ်လိုက်ဟန်တူသည်။ လှေကားထစ်တွေဆီ တဒိုင်းဒိုင်းပြေးဆင်းသွားသော ခြေသံကို ကြားရတာ နောက်ဆုံး။

"သွားပြီနဲ့တူတယ်နော် စည်း"

မော့မော့လေးအမေး စည်းရဲ့ထွက်သက်နွေးနွေးက နဖူးပြင်ပေါ် ရိုက်ခတ်သွားမှာ လက်ရှိအခြေအနေကို နှစ်ယောက်စလုံးသတိထားမိသွားသည်။ ရွယ်ရွယ့်တစ်ကိုယ်လုံးက စည်းရင်ခွင်ထဲ နစ်မြုပ်နေပြီး သူမကလည်း ကြောက်လန့်တကြား ပြန်ဖက်တွယ်ထားတာ စည်းရဲ့ကျောပြင်ကို။

"ဆောရီး"



www.burmeseclassic.com

www.burmeseclassic.com



စည်းက ဖက်ထားသောလက်တွေကို ဖြေချပေးသည်။ သူမကလည်း အလန့်တကြား ရုန်းထွက်လိုက်တာမို့ စည်းကျောပြင်နှင့် ထိန်းထားသော ကတ်ထူပုံးကြီးတွေက အရှိန်နှင့် ပြုတ်ကျလာကာ စည်းအား တွန်းပစ်သလိုရှိရာ…

"အို…စည်း"

လိမ္မော်ရောင် စိုအိသော နှုတ်ခမ်းပါးတွေဆီက မွှေးပျံ့သော နှုတ်ခမ်းနီရနံ့နှင့် စည်းနှုတ်ခမ်းတွေက နဖူးတွေ့ဒူးတွေ့ မိတ်ဆက်သွားရသည်။ ရွှယ်ရွှယ်က နှုတ်ခမ်းကို လက်ဖမိုးနှင့်ကာရင်း မျက်နှာကို တစ်ဖက်သို့လွှဲသည်။ စည်းက ဆင့်ကဲဆင့်ကဲကျလာသည့် ပုံးတွေအား နေရာတကျပြန်စီရင်း ဒီဘက်လှည့်လာတော့ သူမမျက်နှာထက်က ဆေးသားတွေ အရောင်ရင့်နေတာတွေ့ရသည်။ စည်းက ကုတ်ထောက်ဆံပင်ရှည်တွေကို ဖြစ်သလိုထိုးသိမ်းတင်လိုက်၊ ခါးထောက်လိုက်နှင့် ဆောက်တည်ရာမရဖြစ်နေရင်းက…

"ရည်ရွှယ်ရာ"

ခေါ်လည်းခေါ် ရွှယ်ရွှယ်မျက်နှာနားထိ လိုက်ငုံ့ကြည့်ရင်





"ဟို…မတော်တဆ"

"သွားရအောင် စည်း"

ရွှယ်ရွှယ်က ပြောပြီး တံခါးကိုဆွဲဖွင့်သည်။ ထို့နောက်ရှေ့က ခပ်သုတ်သုတ်လျှောက်သွားတဲ့အထိ နှုတ်ခမ်းတွေမှာကွယ်ထားမိတဲ့ လက်ကို မချရသေး။ ဒါကိုမြင်တဲ့ စည်းက နောက်မှအပြေးလိုက်လာရင်း သူမနားကပ်ကာ…

"မင်းလက်ကြီးကို ချတော့လေ"

"သြော်…ဟုတ်"

တဲ့။ အကာအကွယ်မဲ့သွားသော လိမ္မော်ရောင်ပြယ်နေသည့် နှုတ်ခမ်းပါးတွေဆီ စည်းအကြည့်ရောက်တော့ သွေးတွေရုတ်ခြည်းပူနွေးကာ ရင်ခုန်သံက လိမ္မော်ရနံ့ မွှေးလာသလို။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

"ငါဖြင့် နင့်ကို တကယ်ထူးဆန်းလို့မဆုံးဘူး၊ သိလား ထိုက်"

"ဘာဖြစ်လို့လဲ"

"နင့်မှာ အဲဒီလောက် ကောင်းတဲ့သူငယ်ချင်းတွေရှိတာ တောင် နင် ပညာတော်သင်ထွက်တာလေ"

ထိုက်က ပြုံးရင်း မျက်မှန်ကို နဖူးပေါ်အထိ ပင့်တင်တော့ မယော်ဂနီရောင် ဆံပင်အခွေအလိပ်တွေဟာ ပခုံးပေါ် တစ်ဆင့်ကျော် ကျနေပုံက ဘဲဥပုံမျက်နှာလေးအား လှသထက်လှအောင်

စိုး:မိုး:ဓ၁၆ပ



သောင်ခတ်ပေးလိုက်သလို။ ထိုက်က လပ်ဂေ့(ချ်)ကို ဟန်ပါပါဆွဲ ရင်း…

"သူငယ်ချင်းပဲဖြစ်ဖြစ် မိဘပဲဖြစ်ဖြစ် နောက်ဆုံးတော့ ကိုယ့်အားကိုယ်ကိုးရတာမျိုး ငုဝါရဲ့"

"အမယ်…ဒါဆို နင့်အားနင်ကိုးပြီး နင့်အိမ်မှာ မတည်း ဘဲ ဘာလို့ နင့်သူငယ်ချင်းတွေအိမ်မှာ တည်းမှာလဲ"

"ဒါကတော့ မြန်မာပြည် လာအလန်းဖြေတာလေ၊ အပွန်း သူတို့အိမ်မှာ အပျင်းကြောထူမှဲ့ စတိုင်(လ်)အသစ်ပေါ့"

"ဖြစ်ပါ့မလားဟယ်"

"ဘာကိုလဲ"

"ဟဲ့…အကြောင်းမကြားဘာမကြားနဲ့ သူတို့အိမ်သွား တည်းတော့၊ ပြီးတော့ ငါပါအပိုပါသေးတာလေ"

ငုဝါက သူမရင်ဘတ်ကို လက်ညှိုးထိုးပြီး ပြောသည်။ ထိုက်က ဟက်ခနဲတစ်ချက်ရယ်ရင်း…

"ဘာမှမဖြစ်ပါဘူးဟဲ့၊ သူတို့နဲ့ငါက တက္ကသိုလ်ရောက် မှ ခင်တယ်ဆိုပေမဲ့ ငယ်သူငယ်ချင်းထက် ပိုရင်းနှီးတယ်၊ သူတို့က

စိုး:မိုး:ဓ၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



နယ်ကလေး၊ ဒီမှာ ကျောင်းလာတက်ရင်း ကိုယ်ပိုင်စီးပွားရေးလုပ်ထားတာ''

''ဟယ်…ဒါဆို ဟိုက်ဘော့(စ်)ပေါ့''

''ဆိုပါတော့''

ထိုက်က ပန်းတွန့်ပြောရင်း လေဆိပ်ကထွက်ခဲ့သည်။ ထို့နောက် ရှေ့သို့ ထိုးရပ်လာတဲ့ တက္ကစီကို လိပ်စာပြောရင်း ကားပေါ်တက်၏။ တကယ်ဆို တက္ကသိုလ်ရောက်မှ ရင်းနှီးရတယ် ဆိုပေမဲ့ စည်းနဲ့ဖွဲ့က သူမအပေါ် ဘာမဆို သည်းခံတတ်မှန်း သူမသဘောကျ ဖြည့်ဆည်းပေးတတ်မှန်း ထိုက်ကသိပြီးသား။

''သူက ဘယ်တစ်ယောက်ညာတစ်ယောက်နဲ့ ကိုယ့်ရဲ့ တော်တပ်မှူးတောင် သူများလို တစ်ယောက်တည်းမဟုတ်ဘူး နှစ်ယောက်''

''မှတ်ထား…သုံးယောက်ပူးတွဲတွေ့ပြီဆိုရင် အလယ်က မိန်းကလေးက ရွှေနှန်းထိုက်ပဲ''

''စည်းလုံးနဲ့ ဖွဲ့ခေတ်တဲ့၊ တစ်ယောက်တစ်မျိုးစီ ချောတယ်၊ ဒါပေမဲ့ မစဉ်းစားနဲ့၊ အဲဒါ ရွှေနှန်းထိုက်ရဲ့ အပါးတော်မြဲ''





ဒီအသံတွေဟာ သူမတို့ ကျင်လည်ခဲ့သော တက္ကသိုလ်ပရဝဏ်အတွင်း အမြဲပွက်လောရိုက်ခဲ့သောအသံ။ ပြောကြသလောက်လည်း တွဲခဲ့သည်။ တွဲသလောက် သံယောဇဉ်ကြီးကြသည့်အထဲမှာ အရင်ဆုံး အရောင်ပြောင်းချင်လာသူက ဖွဲ့ခေတ်။

''နှင့်ကိုငါ စတွေ့ကတည်းက ချစ်ခဲ့တာ''

ဖွင့်ဟပြောခဲ့တုံးက စည်းလုံးရှေ့မှာတင်။ ထိုက်က ပေါ့ပျက်ပျက်မျက်နှာပေးနှင့်ပင်…

''ချစ်လေ…ချစ်ပါ၊ ဒါ မင်္ဂလာတစ်ပါးပဲ ဖွဲ့ရဲ့၊ ကမ္ဘာကြီးမှာ လူသားတွေ မုန်းတီးကြပြီး စစ်တွေဖြစ်၊ လက်နက်အသစ်အဆန်းတွေ ထုတ်ပြီး သေကြေပျက်စီးနေတဲ့ အငြိုးတွေကြားမှာ နှင် ငါ့ကိုချစ်တာ ငြိမ်းချမ်းရေးသဘောဆောင်တယ်''

''ငါပြောတဲ့အချစ်က အဲဒါမျိုးမဟုတ်ဘူး ထိုက်''

''အေးပါ…ငါသဘောပေါက်ပါတယ်''

ခမ်းနားဆန်းပြားတဲ့ ချစ်အဘိဓာန်ကို ဖွင့်မယ်ကြံရွယ်တဲ့ ဖွဲ့ရဲ့နှုတ်ခမ်းတွေ အလိုလိုစေ့ပိတ်သွားရသည်။ ထိုက်က အခုချိန်ထိ ငြိမ်နေလျက် ကြိုးကြာရုပ်တွေ ကြယ်ပုံတွေကို ချိုးနေသော



www.burmeseclassic.com

www.burmeseclassic.com



စည်းအား ပခုံးချင်းပစ်တိုက်ရင်း…

"စည်း"

"ဟင်"

နှုတ်ခမ်းမဖွင့်ဘဲ ထူးပေမဲ့ အကြည့်က သူမထံ ရောက်မလာတော့ ခေါ်ရသူက အသည်းတယားယား။

"ဟဲ့…စည်း"

"အင်း…ပြောလေ၊ နားထောင်နေတယ်"

"နင် ငါ့ကိုမှမကြည့်တာ"

"နင်က စကားမပြောဘဲ အမူအရာလုပ်ပြမှာမို့လား"

"ဟဲ့"

ဒေါသနဲ့ ခြေဆောင့်လည်း စည်းက မတုန်မလှုပ်။ ထို့ကြောင့် ထိုက်ကပင် စိတ်လျှော့လိုက်ရပြီး…

"ဖွဲ့ပြောတာ နင်ဘယ်လိုသဘောရလဲ"

"သူက ငါ့ကိုပြောတာမှမဟုတ်တာ"

"ဒါပေမဲ့ နှစ်ယောက်ရှိတာ ညီတူညီမျှပေါ့"

"နင်က နှစ်ယောက်ပြိုင်ယူလို့ရတာမှ မဟုတ်တာ"





ဖွဲ့က မကျေနပ်သလို စူပုပ်ပုပ်နှင့် ဝင်ပြောသည်။ ထိုက်ကတော့ နှုတ်ခမ်းမဖွင့်ဘဲပြုံးရင်း…

"ယူလို့မရပေမဲ့ ရွေးချယ်လို့ရတာပဲကို၊ နှစ်ယောက်တည်းကတစ်ယောက်ပေါ့"

လို့ပြောရင်းနဲ့ပဲ စည်းဟာ ချစ်ခွင့်မပန်၊ ချစ်ရေးမဆိုရဘဲ အလိုလိုကို ဖွဲ့နဲ့အတူ ပူးတွဲချန်ပီယံ ဖြစ်သွားခဲ့တာ။

"အဲ့ဒီနှစ်ယောက်ထဲက တကယ်တမ်း နင် ဘယ်သူ့ကို ချန်ခဲ့မှာလဲ ထိုက်"

စင်ကာပူမှာ အတူကျောင်းတက်။ တစ်ခန်းတည်းနေသူ ငွဝါက မေးခွန်းထုတ်မှ ထိုက်က အတိတ်ကျောင်းသူဘဝမှ ပြန်ရုန်းထွက်ဖြစ်တာ။

"နင့်…မေးပုံကလည်း ဘယ်သူ့ကို ချန်မှာလဲတဲ့၊ ရွေးမှာ မဟုတ်ဘူးလား၊ ပြောင်းပြန်ကြီး"

"ဩော်…နင်ချန်ခဲ့တဲ့သူ ငါ့အတွက် စဉ်းစားရင် ကောင်းမလားလို့"

"အံမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က မျက်စောင်းရှယ်ပြီး ကြည့်တော့ ငဝါက သူမ မေးဖျားကို လှမ်းဆွဲခါရင်း...

"လောဘမကြီးနဲ့၊ တစ်ယောက်ဆို တော်ရောပေါ့"

"ခက်တာက နှစ်ယောက်စလုံးက လက်မလွှတ်ချင် စရာ"

ပြောပြီး သူငယ်ချင်းနှစ်ယောက် ပြိုင်တူရယ်မိတာ အကျယ်ကြီး။ ကားလေးက စည်းနှင့်ဖွဲ့ ရှိရာသို့ အမြန်ဆုံးနှုန်းနှင့် ပြေးလွှားနေသလို ထိုက်ကလည်း အမြန်နှုန်းနဲ့ ရင်ခုန်ချင်ပြီ။

ဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ကို။

◆ ◆ ◆



## အခန်း (၁၃)

"ဟာ...ဟ ပေါက်တယ် စည်းရ"

အေး...အဲဒါ မျက်လုံးကိုစင်ရင် ကန်းရောနော်၊ ဝေးဝေး ရှောင်နေလို့ ပြောနေတာ"

"အာ...စည်းကလည်း ကူလုပ်ပေးချင်လို့၊ အမေ့"

"ကဲ...ပြောနေတဲ့ကြားထဲက စင်ပြီမဟုတ်လား၊ ပြစမ်း"

စည်းက ယောင်းမကြီး တစ်ဖက်ကကိုင်ရင်း ရှယ်ရှယ့် လက်ကို ဆွဲကြည့်သည်။ လက်ဖျံနားမှာ ဆီပူဝင်သွားသည့်နေရာ က ချက်ချင်းရဲတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား၊ အဲဒါ အရှည်ကြည့်ဖုကြီး ထလာတော့မှာ၊ အဲဒါကြောင့် ငါပြောတယ် ဝေးဝေးနေပါလို့"

"စည်းကလဲ"

"ဘာ…စည်းကလည်းလဲ"

မီးဖိုခန်းထဲ၌ထားသော နံရံကပ်ဆေးဗီရိုနားအထိ ဆွဲခေါ်လာတော့ ရှုံ့မဲ့မဲ့နှင့် အနားပါလာသည်။ အပူလောင်လျှင် လိမ်းသော ဂျဲ(လ်)ဆေးဗူးကြီးအားထုတ်ပြီး ဆီပူလောင်တဲ့နေရာမှာ စည်းက လိမ်းပေးတာတောင် ရွှယ်ရွှယ်က အနားမှာ အာရုံမရှိ။ မီးဖိုပေါ်က တရှဲရှဲအသံပေးနေသော ငါးကြော်အိုးဆီ လည်ပင်းရှည်ကြည့်ရင်း

"တူးကုန်တော့မှာပဲ"

"သိတယ်၊ လျှာမရှည်နဲ့"

"လျှာရှည်တာ မဟုတ်ဘူးလေ၊ ဟို တူးသွားရင် ခါးသွားရော၊ ခါးသွားရင် စားရတာ အရသာမရှိနဲ့၊ အဲဒီအခါကျရင် စည်း အပင်ပန်းခံထားရတာတွေ အလကား ဖြစ်သွားမှာစိုးလို့"





တွေ့လား။ ယောက်တိုင်း ကြောက်သွားတာမျိုးမရှိ။ မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်နှင့် ဆင်ခြေပေးပြီး ပြန်ရှင်းပြနေတာ အရှည်တလျား။ စည်းက မျက်မှောင်ကုပ်ကြည့်လည်း ခထာပါပဲ။ ဇက်ကလေးပု လျှာကလေးထုတ်ပြီးရင် ပြောချင်တာထပ်ပြောတာပင်။ အခုလည်း စည်းက မျက်ထောင့်နီနှင့်ကြည့်ကာ ဆေးလိမ်းပြီးသွားသော လက်ကိုလွှတ်ပေးရင်း

"စားဖို့မှုးလုပ်လာတာ မီဘနဲ့ခွဲနေကတည်းက၊ အနံ့ရှူကြည့်ရုံနဲ့ ဟင်းကျက်တယ်၊ မကျက်ဘူးဆိုတာ သိပြီးသား။ မင်းသာ အနားမလာနဲ့၊ တစ်ခါလာ တစ်ခါထိ၊ တစ်ခါဆေးပြန်ကုပေးရတာ ပင်ပန်းတယ်"

ပြောပြီး ထွက်သွားတော့ ရွှယ်ရွှယ်က သူကျောပြင်အား မျက်စောင်းထိုးရင်း

"ထစ်ခနဲရှိ ရွှယ်ရွှယ့်ကိုပဲ ပြောနေတာ၊ သူ့ငါးကျတော့ မပြောဘူး"

"ငါးကို ဘာပြောလို့ရမှာလဲ"

စည်းက ကျောခိုင်းထားပေမဲ့ ကြားဖြစ်အောင်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက တကယ့်ဝှစာ။ ငါးကိုပြောရမည်တဲ့။ ရွယ်ရွယ်ကတော့ အနားသွားမရစ်ရဲတော့တာ ဆီပူစင်မှာစိုးလို့ မဟုတ်လို့ဘဲ စည်း ထပ်အော်မှာ ကြောက်တာကြောင့် ထမင်းစားပွဲမှာ ဝင်ထိုင်ရင်း

"စည်းရဲ့ငါးက ပေါက်တာလေ"

"ဩော်...အဲဒါနဲ့ပဲ မပေါက်ပါနဲ့ ငါးကလေးရယ် ပြောရမှာလား"

"အဲဒါဆို ဘာလို့ လူကိုဖိဟောက်လဲ"

"မင်းက ငါ့စကားမှ နားမထောင်တာ"

"ရွယ်ရွယ်က စေတနာနဲ့လေ"

"အဲဒီလောက်စေတနာက ငါ ပိုပင်ပန်းတယ်"

ထမင်းစားခန်းထဲ ဝင်တာနဲ့ တစ်ယောက်တစ်ခွန်း အနိုင်လုပြောနေတဲ့ စကားသံတွေကြောင့် ဖွဲမျက်နှာ ရှုံ့မဲ့သွားသည်။ ဒီလိုအသံတွေက ဆိုင်ပိတ်ရက် တနင်္ဂနွေဆို စတင်ကြားလာရတာ ရည်ရွယ်ရာ ဒီအိမ်ရောက်ကတည်းက။ အခါများစွာက တနင်္ဂနွေဆို နှစ်ယောက်သား နေ့လည်ခင်းရောက်အောင် အိပ်မည်။ အိပ်ရာထသောအခါ ထိုက်ထံ အီးမေး(လ်)ပို့ ဘာပို့နဲ့





အပြင်မှာ သွားစားတဲ့အခါရှိသည်။ အိမ်မှာချက်စားကြရင်လည်း စည်းက သူ့တာဝန် သူကျေသလို သူကလည်း ကိုယ့်ဝတ္တရား ကိုယ်လုပ်ရန်သာမို့ တစ်အိမ်လုံးက တိတ်တိတ်ဆိတ်ဆိတ်။ အခုတော့ ဆူညံပွက်လောရိုက်နေတာ မီးဖိုခန်းထဲတင်မဟုတ်။ ဧည့်ခန်းထဲလည်း ကြည့်သူမရှိပါဘဲ မျိုးကြီးရဲ့(Live show )ခွေက အကျယ်ကြီး ဖွင့်ထားသည်။ မီးဖိုချောင်ထဲမှာလည်း ငြင်းသံခုန်သံနှင့် ဒီကြားထဲ ညှော်နံ့က တိုက်နေသေးတော့။ ဖွဲက ထမင်းစားခန်းထဲဝင်ကာ ခုံဆွဲထုတ်ထိုင်ရင်း

"ဆူညံနေတာပဲ၊ တစ်အိမ်တည်းကွက်ပြီး သူပုန်ဝင်နေလား ထင်ရတယ်၊ ဟဲ့...ကောင်မလေး၊ ငါ့အတွက် ဘရိတ်ဖက်(စ်) ဘာရှိလဲ"

"ဘာမှမရှိဘူး"

"ဘာ"

ဂျဲ(လ်)အစွမ်းနဲ့ ထောင်ထားတဲ့ဆံပင်တွေ ပိုထောင်သွားတဲ့အထိ ဒေါသက ငယ်ထိပ်တက်ဆောင့်သည်။ ရှေ့တွင် ထိုင်နေသော ပေစောင်းစောင်းရုပ်နှင့် ရည်ရွယ်ရာက



www.burmeseclassic.com

www.burmeseclassic.com



"နာရီလည်းကြည့်ဦး၊ ဒါ ဘာရိတ်ဖတ်(စ်) စားတဲ့အချိန် လား"

"အောင်မာ ပြောပုံက သွား…ရှိတာလုပ်ပေး"

ရွှယ်ရွှယ်ကလည်း ခံတန်တန်ပြန်အော်သည်။ ဒင်းများ စရောက်ကတည်းက လုံးဝကြည့်မရ။ လူကိုနှိမ်သလို။ ချိုးသလို နှင့် ကြည့်တဲ့အကြည့်ကိုက မတူမတန်။ ဒီကြားထဲ သူ့ဗွေ ဝိုက်(ဒ်)ဆိုက်(ဒ်)က ဖမ်းသေးတာ။

"တကယ်ဆို…ဒီဆိုင်က ကိုစည်း ရှယ်ယာအများဆုံး ထည့်ထားတာ ကိုစည်းအပိုင်ပေါ့၊ သူက စတိုင်(လ်)တခွဲသား ရွှယ်ရွှယ်ရဲ့၊ ဒီဆိုင်က ဝန်ထမ်းတွေဆို သူလာတာနဲ့ ထကြို သူ့အိတ်ဆွဲရနဲ့၊ သူ့အမေ အန်တီမာလာဆိုလည်း ဒီအတိုင်းပဲ"

"ဟုတ်တယ်၊ ကိုစည်းကျတော့လည်း ဘာစတိုင်(လ်) မထုတ်လို့ ခက်နေတာ၊ တစ်ခါတလေ ဝယ်သူလာရင် ကျွန်တော် တို့နဲ့အတူတူ ဝင်ရှင်းပြ၊ အတူတူရောင်းနဲ့ တကယ်ညီအစ်ကိုတွေ နေတာ၊ ပြီးတော့ ကိုစည်းက မပွေဘူး"

ရွှယ်ရွှယ်က ဝင်ပြောတော့ သူ့ဆိုင်ရဲ့ ဝန်ထမ်းတွေ





လက်သင့်မခံခဲ့ပါ။

"အယ်…ကိုစည်းက စွံပါတယ်"

"ဟုတ်ပ…ဟိုတစ်ယောက်လေ ထိုက်ဆိုတဲ့သူဆို ကိုစည်းမှကိုစည်း၊ ကိုစည်းဆွတ်ရင် ညွှတ်ရုံမကဘူး တစ်ကိုယ်လုံး ပြိုလဲကျပေးမှာ"

"ဟုတ်တယ် ရွှယ်ရွှယ်ရဲ့၊ ကိုစည်းက ခပ်တည်တည် နေလို့သာ၊ ကျွန်တော် တွေ့ဖူးသမျှထဲမှာ ကိုစည်းက ရွှယ်ရွှယ် တစ်ယောက်ကိုပဲ ဦးစားအပေးဆုံး"

"ဪ…ဒါကတော့ မယှဉ်နဲ့လေ ကျော်စွာရဲ့၊ ရွှယ်ရွှယ် က ကိုစည်းရဲ့ညီမကိုး၊ တစ်ဦးတည်းသော သားလည်းဖြစ်၊ မွေးချင်း က မရှိတော့ ညီမကျတော့ တစ်ဝမ်းကွဲပဲဖြစ်ဖြစ် အလိုလိုက် ရှာမှာပေါ့"

ဆိုင်ရဲ့စာရင်းစစ် မရီမြင့်က ဝင်ပြောသည်။ စည်းက သူမကို ဆွေမျိုးနီးစပ်ညီမအဖြစ် အသိပေးထားခဲ့တာ ဖွဲ့ခေတ်ပါ အပါအဝင်။ ဖွဲ့ခေတ်ရဲ့ သတင်းကတော့ စည်းနဲ့တခြားစီပင်။ ဂုဏ် လုပ်တာ၊ ပလွှားတာအပြင်…



www.burmeseclassic.com

www.burmeseclassic.com



"သူက ငွေကိုကြည့်ပြီး လူပေါင်းတာ ရွှယ်ရွှယ်ရဲ့၊ တွဲသမျှလည်း လှပေ့ ချမ်းသာပေ့ဆိုတာမှ၊ အခု ရွှေနှန်းထိုက်ကို သူကချိတ်ထားတာ"

"တကယ်ချစ်လို့ မဟုတ်ဘူးလား"

လို့မေးတော့ ရွှယ်ရွှယ့်ကိုကြည့်ပြီး ဝန်ထမ်းတစ်စုက ဝိုင်းရယ်ကြတာများ ရွှယ်ရွှယ်က မသိနားမလည်သော ကလေးတစ်ယောက်လို။

"သူ…တကယ်ချစ်တာ၊ ရွှေနှန်းထိုက်ရဲ့ အသိုင်းအဝိုင်းနဲ့ ငွေအင်အားကိုနေမှာ"

"ဒါပေမဲ့…ရွှေနှန်းထိုက်ကလည်း လူလည်ပါ၊ သူက စည်းမှစည်း"

"အင်း…သုံးပွင့်ဆိုင်က စိတ်ဝင်စားစရာ"

လို့ မှတ်ချက်ပေးကြသည့်အထဲမှာ ဇွဲခေတ်က နေမက်သူ၊

"ဟ…ပြောနေတာ မကြားဘူးလား"

"ဟင်…ဘာလဲ"

စားပွဲခုံကို လက်ဝါးနဲ့ ဖြန်းခနဲရိုက်သံ။ ကုန်းကြီးအော်





သံကြားမှ ရွှယ်ရွှယ်က အလန့်တကြား ပြန်မေးရသည်။ ဇွဲကတော့ အုကြောင်ကြောင် ဖြစ်နေသော ရည်ရွှယ်အား မှုန်တေတေနှင့် ကြည့်ကာ…

"နင်…နားများကန်းနေလားဟင်၊ ငါ့အတွက် ကော်ဖီယူခိုင်းတာ၊ သွား ကော်ဖီသွားယူ"

ရွှယ်ရွှယ်က အဟောက်ခံရသဖြင့် ဇက်ကလေးပုကာ ခုံမှ ထပြီး ကော်ဖီဖျော်ရန် ပြင်ဆင်ချိန်၌

"ဒီအချိန် ကော်ဖီသောက်မနေနဲ့တော့ ဇွဲ၊ ထမင်းစားချိန် ရောက်နေပြီ ထမင်းစားကြမယ်၊ ဒီမှာ ငါ့လက်ရာ ငါးချိုချဉ်ကြော် ရပါပြီ"

"ဟား…မွှေးလှချည်လား"

ဇွဲက အခုန ဒေါသတွေလည်းမေ့၊ ကော်ဖီလည်းမေ့ကာ ငါးကြော်နံ့ကြောင့် ဗိုက်ထဲက တကျုတ်ကျုတ်မြည်အောင် ဆာလာရသည်။ တူတစ်ချောင်းကောက်ကိုင်ပြီး အကောင်မပျက် ကြော်ထားသော ငါးအသားကိုဖွဲ့ရန် လက်အရွယ်…

"ကော်ဖီရပြီ"



www.burmeseclassic.com

www.burmeseclassic.com



ငါးပန်းကန်ကို ဖျတ်ခနဲရှေ့ပြီး ကော်ဖီပန်းကန်ကို အစား ထိုးတာကြောင့် ဖွဲ့ရဲ့ထူက အရှိန်လွန်ပြီး ကော်ဖီခွက်ထဲ နစ်သွားသည်။ ဖွဲ့ကတမင်လုပ်တာမှန်းသိ၍ ရွှယ်ရွှယ့်ကို မျက်စောင့်နီနဲ့ ကြည့်သည်။ ရွှယ်ရွှယ်က မင်သေသေရှုပ်တည်လေးနှင့်။

"ကော်ဖီက မွှေပြီးသား၊ တူနဲ့မွှေစရာ မလိုဘူး၊ ရပြီ သောက်လေ"

"ရည်ရွှယ်ရာ"

ခေါ်သနှင့်ကျိတ်ခေါ်တော့

"ရှင်"

တဲ့။ ထူးပုံကိုက မထီလေးစား။ ဖွဲ့က ကြည့်မရတော့ဘဲ သူ့မနှပ်ူးကို ပိတ်ထုရန် လက်အရွယ်…

"ဟာ…ဟေ့ ဖွဲ့"

စည်းက နှစ်ယောက်အကြား ဝင်ရပ်သည်။ ဖွဲ့ရဲ့မကျေ လည်ခြင်းတွေက စည်းအပေါ် အားကောင်းစွာ စိုက်ဆင်းသွားပြီး

"အေး…မင်း အဲဒီလို ကျပ်ကျပ်လုပ် သိလား စည်း"

"မင်းကလည်းကွာ စားကာနီး သောက်ကာနီးကို၊ ကဲ…





ထမင်းစားဖို့ပြင်မယ်၊ ရည်ရွှယ်ရာ လာခဲ့ မီးဖိုထဲ ဟင်းခွက်တွေ ကူသယ်"

လိမ္မာပါးနပ်စွာ စည်းက လူစုခွဲသည်။ ဖွဲ့ကတော့ မကျေ မနပ်နှင့် ထမင်းစားပွဲမှာ ထိုင်ကောင်းဆဲမှာပင် ရုတ်တရက် ဖွဲ့ရဲ့ဖုန်းက ထမြည်လာသည်။

"ဟဲလို"

"ဖွဲ့…ထိုက်ပါ၊ ဖွဲ့ ခဏခြံဝထွက်ခဲ့ပါလား"

"ခြံတံခါးနားလား"

"အင်း…ခဏထွက်ခဲ့ပါ"

"အိုခေ…အိုခေ"

ဖွဲ့က ဖုန်းကိုင်လျက်နဲ့ပဲ ခြံထဲဆင်းသည်။ စိတ်ထဲမှာတော့ မင်ကာပူမှာ ကျောင်းတက်နေသူက ဘာကြောင့် သူ့ခြံတံခါးနား ခေါ်သလဲ။ စဉ်းစားမရသော ပဟေဠိတွေနှင့်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

"ထိုက်"

ခြံတံခါးဖွင့်သွားတာနှင့် တွေ့ရသူကထိုက်။ ဆံပင်အရွေ အနွယ်တွေကြားမှာ ထိုက်က စီးရောင်မျက်မှန်ကြီးကို ဆွဲချွတ်ရင်း သူ့ကိုပြုံးပြတာ အားပါးတရ။ ဖွဲ့က ခြံအပြင်ဘက် ပြေးထွက်ရင်း ထိုက်ကို ခေါင်းဖျားခြေဆုံးအထိ လှည့်ပတ်ကြည့်သည်။ ပြီးမှ ခါးထောက်ကာ သဘောတကျရယ်ရင်း

"ဟား ဟား…ထိုက်၊ နင် ပိုလှလာတယ်"

ထိုက်က လပ်(စ်)ဂေ့(ချ်)ကိုင်းကို တင်ပါးနှင့် ခွဲ့ခွဲ့လေး





မိုထားရင်း

"နင်က ဘစ်စနစ်မင်း(န်)ပုံ ပေါက်လာတယ်"

"အေးပါ၊ နင်…အကြောင်းမကြားဘဲနဲ့၊ ဖုန်းဆက်လေ ငါ လေဆိပ်မှာလာကြိုမှာပေါ့"

"ဟွန့်…နင်တို့က အားမှန်းမအားမှန်း မသိ"

ထိုက်က ခွဲ့ခွဲ့လေးပြောပြီး ကိုယ်ကိုပြင်ရပ်သည်။ အနက် ရောင်အင်္ကျီက လည်ဟိုက်လက်ပြတ်မှာ အသားက ပျော့ပျော့လေး ကို ခါးအောက်နားကျကျမှာ ကြိုးစည်းလေးနဲ့မို့ ထိုက်ပုံစံက ပေါ့ပေါ့ ပါးပါး။ စကာဒ်လိုလို ဘောင်းဘီလိုလို ပွပွကြီးကလည်း အနက် ရောင်ပေမဲ့ ဟိုက်ဟီး(လ်)အမြင့်စီးတတ်သော ထိုက်ကိုယ်ပေါ်မှာ ချပ်ချပ်ကပ်ကပ်လေး ရှိသည်။ ဖွဲ့က ထိုက်လက်ထဲမှ လပ်ဂေ့(ချ်) ကိုလွဲယူရင်း

"နင်တစ်ယောက်တည်း ပြန်လာတာလား"

"အေးပေါ့ဟဲ့၊ ဒယ်ဒီက ခွင့်မရဘူးလေ၊ မာမီလည်း လိုက်လာလို့မရဘူး"

"နင်…အပြီးပြန်လာတာပေါ့၊ ဖုန်းထဲမှာပြောတော့ ဘွဲ့မ



www.burmeseclassic.com

www.burmeseclassic.com



ယူရသေးဘူးဆို"

"အေး…ဘွဲ့ယူမယ့်ရက် ပြန်သွားရမှာ၊ ဒီမှာ နှစ်လ လောက်ကဲမလို့"

"နှစ်လမကဘူး၊ နှစ်နှစ်ဆယ်လောက်နေ၊ ငါ နင်နဲ့ခွဲနေရတာ အဆင်မပြေဘူး ထိုက်ရ"

ဖွဲ့က မျက်စိတစ်ဖက် ဖျတ်ခနဲမှိတ်ပြီးပြောတော့ ထိုက်က

"ကောင်စုတ် တွေ့တာနဲ့ဒါပဲ၊ ငါ ဒီမှာနေမှာနော်၊ ပြီးတော့ ငါ့သူငယ်ချင်းပါတည်းမှာ"

"ဘယ်မှာလဲ နင့်သူငယ်ချင်းက"

ဖွဲ့က ထိုက်နောက်ပါးကိုကျော်ပြီး ရှာသည်။

"ငုဝါ"

ထိုက် အသံပြုမှ ငုဝါက ခြံတံခါးဘောဘက်က ထွက်လာကာ ဖွဲ့ကိုပြုံးပြတာတောင် ရှက်ရွံ့ရွံ့။ ထိုအခိုက်

"ဖွဲ့…အာ ဒီကောင် ထမင်းစားခါနီးမှ၊ ဖွဲ့ ဘယ်ရောက်သွားတာလဲ"

"ငါဒီမှာ၊ အလှူခံဝင်နေလို့"





ဖွဲ့က ခေါင်းလှည့်ပြောရင်း ထိုက်တို့ဘက် ပြန်လှည့်လာတော့ ရုပ်ကအစ မချိုမချဉ်နဲ့။

"ဒီနားရောက်အောင်လာမှ နင့်ကိုမြင်ရင် အံ့သြသွားအောင်"

"ဟဲ့…ငါ ပုန်းနေမယ် ဖွဲ့"

ထိုက်တို့တတွေက ငယ်ဘဝသို့ ပြန်ရောက်သွားသလို။ ထိုက်က ငုဝါလက်ကိုဆွဲပြီး ခြံတံခါးဘေးနား ကပ်ရပ်သည်။ ရင်ထဲမှာ အူမြူးပြီးရယ်ချင်စိတ် အူထဲတလိပ်လိပ်တက်လာသဖြင့် မနည်းထိန်းထားရသည်။

"ဖွဲ့"

"အေး…ဒီမှာ အလှူခံက"

"လှူလိုက်လေ၊ ပြီးရင် ထမင်းစားမယ်၊ ပွတုံးလေးစားရတာ အရသာရှိတယ်ကွ"

"အေးပါ"

ဖွဲ့ကခေါင်းညိတ်ရင်း တံခါးနားက မခွာနိုင်တော့ စပ်စုချင်စိတ်နဲ့ စည်းက ထွက်အကြည့်…



www.burmeseclassic.com

www.burmeseclassic.com



"ဝါး"

မျက်နှာနားကပ်အော်တဲ့ အသံကြောင့် စည်းက လန့်ဖျပ်သွားပြီးမှ

"ထိုက်"

"နင် ဘယ်လိုလုပ်ပြီး"

"အမလေး...ငါရောက်လာတာပဲ အတူးအဆန်း ကျနေတာပဲ၊ ဟဲ့ ငါ ဒီမှာတည်းမှာနော်၊ နှစ်လ"

ပန်းချင်းချိတ်ကာ ပစ်တိုက်လိုက်ရင်း ထိုက်က ငုဝါလက်ကိုဆွဲပြီး ခြံထဲ ဦးဆောင်ဝင်သည်။ ပြီးမှ နောက်သို့ ခေါင်းငဲ့ရင်း

"ဒါ...ငုဝါတဲ့၊ ဟိုမှာငါနဲ့ တစ်တန်းတည်းတက်တာ၊ သူ့အိမ်က မိတ္ထီလာမှာ၊ ငုဝါ ဒါ ငါပြောတဲ့ စည်းနဲ့ဖွဲ့"

"ဟုတ်...တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

ငုဝါက နောက်လှည့်ပြီး တလေးတစား နှုတ်ဆက်သည်။ ထိုက်ကတော့ ငုဝါလက်ကိုဖြုတ်ကာ စည်းတို့နှစ်ယောက်ကြားဝင်ရပ်ရင်း လက်တစ်ဖက်စီ ချိတ်ထားကာ...

"ဟမ်...ပြန်ပြောလိုက်လေ၊ တွေ့ရတာ ဝမ်းသာပါတယ်လို့"



စည်းနဲ့ဖွဲ့က အမြဲတမ်း ဆရာကြီးလုပ်နေကျ ထိုက်အားမြုံးပြီးငဲ့ကြည့်ပြီးမှ ငုဝါကိုပြန်ကြည့်ကာ...

"ဟုတ်ကဲ့...သူပြောတဲ့အတိုင်းပါပဲ"

"အယ်...စည်း၊ ဒါ ငါ့ကိုရွဲ့တာပေါ့"

"ဟား...ဟား မဟုတ်ပါဘူး၊ ငါပြောရင် အမှားပါသွားမှာစိုးလို့"

"နင်က နဂိုကတည်းက ဆရာမကြီးဥစ္စာ၊ နင်ပြောတဲ့အတိုင်းပဲပေါ့"

ဖွဲ့ကပါ မချိုမချဉ်နဲ့ ဝင်ပြောတော့ ထိုက်က အောက်နှုတ်ခမ်းကို အပေါ်သွားနှင့်ဖိကိုက်ရင်း...

"ကြည့်စမ်း...နင်တို့နှစ်ကောင်ပေါင်းပြီး ငါ့ကို၊ အေးတွေ့မယ်၊ ငါ့လက်စာ မမိတာကြာတော့ ကျောကော့သွားအောင် ဗျောတင်ပေးမှ"

ထိုက်က နီးရာလူကို လှမ်းထုရန် ကြံစည်ပေမဲ့ မအောင်မြင်။ ဖွဲ့က ကိုယ်ကိုတိမ်းကာ ထွက်ပြေးသည်။ ဒီဘက်လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ စည်းက အနားမရှိတော့။ ပြုံးစိစိနှင့်အဝေးရောက်နေပြီ။

"အေး…ငါလာပြီ"

ဖွဲ့ထံ တရှူးထိုးပြေးလိုက်တော့ ဖွဲ့ကထွက်မပြေးဘဲ

"အေး…မိတဲ့သူ ဖက်နမ်းကြေး"

တဲ့။

"ဟဲ့…ဖွဲ့နော်"

မျက်နှာလေးနီပြီး ထိုက်က

"တော်ပြီ…နှင့်ကိုမလိုက်ဘူး၊ စည်းကိုပဲ"

"အေး…ငါ့ကိုမိရင် ဖွဲ့ဆီပို့ပေးမှာ၊ ဖွဲ့ ငါ့အစား မင်းပဲ"

"မဆိုးဘူး၊ အဲဒီအစီအစဉ်ကောင်းတယ်"

အတိုင်အဖောက်ညီနေတဲ့ ထိုနှစ်ယောက်ကြောင့် ထိုက်က

ခြေဆောင့်ရင်း

"တော်ပြီ…ကောင်စုတ်တွေ၊ အညစ်အပတ်ကောင်တွေ

မဆော့တော့ဘူး"

ပြောပြီး အိမ်ဘက်မျက်နှာမူရာမှာပင် ထိုက်ကိုကြည့်နေ

သော မျက်ဝန်းတစ်စုံနှင့် တန်းတိုးတော့သည်။ အရပ်မြင့်မြင့်





ဆံပင်ကုတ်ဝဲ ကလေးမျက်နှာနှင့်ကောင်မလေး။ အနီရဲရဲ ပခုံးဖိုတ်ရှုံ့ အင်္ကျီခါးရှည်လေးနှင့် ဒူးကျကျအသားကပ်ဘောင်းဘီ အနီရောင် ကြောင့် ဖြူနုသောအသားက ပန်းဆီရောင်သမ်းနေသည်။ တောင့်တောင့်လေးရပ်နေသော ထိုကလေးမအား ထိုက်က ငေးကြည့်ရင်း တစ်ခြံလုံး စကားသံတွေ ရယ်သံတွေ တိတ်ကျသွားပြီးမှ…

"သူဘယ်သူလဲ"

ဒါ ထိုက်နှုတ်ဖျားမှ အေးစက်စွာ ထွက်ကျသွားသော စကား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ကိုကို…ကိုကိုရေ ခဏ ခဏ နေပါဦး၊ ဒီမှာ ရွှယ်ရွှယ် ကို စောင့်ဦး"

အော်ခေါ်ရင်း နောက်က ပြေးလိုက်ပေမဲ့ ခြေလှမ်းက ထင်တိုင်းမပေါက်။ အောက်ကမြေက သဲမြေမို့ တစ်လှမ်းချပြီးတိုင်း ပြန်နှုတ်ရန်မလွယ်။

"ကိုကို"

အာခေါင်ခြစ်၍အော်မှ ရှေ့တွင်သွားနေသော ကိုကိုက ရပ်သွားသည်။ ဝမ်းသာအားရနှင့် အနားထိ ရွှယ်ရွှယ်က ပြေးသွားကာ လက်တစ်ဖက်ကိုဆွဲ၍ ဒီဘက်လှည့်တော့…





"ဟင်…စည်း"

နားသယ်စပ်နားမှ ဆံပင်တွေကို တစ်ဝက်စည်း တစ်ဝက်ချနှင့် စည်းက သူမကို စိုက်ကြည့်ရင်း

"သွားမယ်လေ"

"နေဦး…စည်းရဲ့၊ ကိုကို့ကို ရွှယ်ရွှယ် တွေ့လိုက်တယ်၊ ဒီနားလေးမှာပဲ"

"မင်းရဲ့ကိုကိုမှ မရှိတော့တာ"

"ရှိပါတယ်၊ ဒီနားမှာပဲ အခုတင်တွေ့လိုက်တာ"

စည်းက လက်ကို မလွှတ်တမ်းဆွဲထားရင်း ခေါင်းတစ်ခုလုံး ချာလပတ်ယမ်းအောင် ကိုကို့အား လိုက်ရှာသည်။ ဒါပေမဲ့ ကြည့်ရာ မြင်လေရာမှာ အနီရောင်လွင်ပြင်ကြီးကိုသာ တစ်ခုံးတစ်စ တွေ့ရပြီး လူသူအရိပ်အယောင်ကင်းရှင်းလျက်။

"ညီမလေး"

နူးညံ့သောခေါ်သံ။ ရွှယ်ရွှယ် ချာခနဲလှည့်ကြည့်သည်။

"ကိုကို"

တအံ့တဩခေါ်ခြင်းပါ။ ရွှယ်ရွှယ် မလွှတ်တမ်းဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူက အခုတော့ စည်းမဟုတ်တော့။ ကိုကိုပြန်ဖြစ်သွားပြီ။

"ကိုကို…စည်း ပျောက်သွားပြန်ပြီ"

ကိုကိုက ငိုမဲ့မဲ့နှင့်ပြောနေသော ရွယ်ရွယ်အား ခပ်နစ်နစ် စိုက်ကြည့်ရင်း တစ်နေရာဆီ လက်ညှိုးညွှန်ပြ၏။ ကိုကိုညွှန်ပြရာ မျက်နှာလေးလည်အောင် လိုက်ကြည့်မိတော့…

"စည်း"

တစ်ယောက်တည်းကြားရုံသာ ရေရွတ်မိသည်။ စည်း… မမထိုက်ရယ်။ တစ်ယောက်ကိုတစ်ယောက် လက်ချင်းတွဲပြီး အပြုံးတွေ ဖလှယ်နေသည်။ ထိုအခိုက်မှာပင် ရွယ်ရွယ်တွဲထားသော လက်တစ်ဖက်က ပြည်ထွက်သွားပြီး

"ကိုကို…သွားမယ် ညီမလေး"

"မဟုတ်ဘူး…ကိုကို နေပါဦး"

လက်ဆန့်ပြီး လိုက်ခေါ်ပေမဲ့ ကိုကိုက သူမနဲ့ဝေးရာသို့… ထိုအခိုက်မှာပင် စည်းက သူမအနား ရောက်လာသည်။ စည်းကို လှည့်ကြည့်တော့ စည်းရဲ့ဘယ်ရင်အုံမှာ ဓါးသေးသေးလေးစိုက် လျက်။





"စည်း…ဒီမှာ"

ဓါးကို အထိတ်တလန့်နှင့် ညွှန်ပြတော့မည့်ဆဲဆဲ။ ဓါး ဘေးနားက သွေးစက်ကလေးက တစ်စထက်တစ်စ စိမ့်ထွက်ကျယ် ပြန့်လာပြီးနောက် သွေးကွက်ကြီးက အကြီးမားဆုံး ဖြစ်သွားသော အခါ…

"အား…စည်း"

ရှူးရှူးဝါးဝါးအော်ရင်း ဝုန်းခနဲထထိုင်သည်။ ရင်အစုံသည် တစ်စုံတစ်ခု၏ ဖိအားမှ လွတ်ထွက်သွားသလို။ အသက်ကို ခဲယဉ်း စွာ လောဘကြီးစွာ ရှူရှိုက်ရင်းက ဒါ အိပ်မက်ပါလားဟု ထပ်ကာ ထပ်ကာ အသိပေးရတာ ကိုယ့်ကိုကိုယ်။ ခုတင်ပေါ်က ခြေချပြီး ဘေးစားပွဲရှိ ရေတကောင်းဆီ လက်လှမ်းပြီးမှ ညက ရေမဖြည့်မိတာ သတိရ၏။ ဟုတ်သားပဲ။ ညက ချည့်သည်နှစ်ယောက်နှင့် စည်းတို့ စကားတွေ ထိုင်ပြောနေကြ၍ သူမ အိပ်ခန်းထဲ စောဝင်တာ သတိရ သည်။ ရွယ်ရွယ်က ခုတင်ပေါ်ကထပြီး ဗီရိုဆီလျှောက်သွားသည်။ ဒီဗီရိုထဲ၌ သူမရောက်လာကတည်းက စည်း ဝယ်ပေးထားသော အဝတ်အစားများစွာရှိသည်။ ရွယ်ရွယ်က ဗီရိုဖွင့်ကြည့်ရင်း မမထိုးဒ်



www.burmeseclassic.com

www.burmeseclassic.com



ပြောသောစကားတွေကို ပြန်ကြားယောင်၏။

"စည်းရယ်…လက်တိုလက်တောင်း နိုင်းဖို့ပြောသေး၊ အပွန်း ဆင်ထားတော့ မင်းသမီးရှူးလောက်ပါလား"

"ငါ့ရဲ့ဆွေမျိုးနီးစပ်"

"နီးစပ်စပ် မစပ်စပ်လေ၊ လူတွေအမြင်မှာ တစ်မျိုးထင်အောင်၊ အေးပေါ့ နင်တို့ယောက်ျားလေးတွေဆိုတော့ ဒါမျိုးဘယ်တွေးတတ်ပါ့မလဲ၊ ငါရောက်လာပြီပဲ၊ ဒီနှစ်လအတွင်း ပုံစံတွေကို ငါချိန်းမယ်၊ ဖွဲ့ နင်လည်းပါတယ်နော်၊ ဘီယာသောက်တာလျှော့၊ ကလပ်တက်တာလျှော့"

ဖွဲ့မျက်နှာက အပြောခံရတုံး ရှုံ့မဲ့သွားပြီးမှ…

"ငါ့ချည်းပဲမပြောနဲ့၊ စည်းကိုပြော"

"စည်းကလျှော့တော့ လျှော့ရမယ်"

"ဘာကိုလဲ"

"မျက်နှာကြော"

တဲ့လေ။ ပြောပြီးရယ်ကြတဲ့အထဲမှာ စည်းမျက်နှာက အချိုဆုံးလို့ ရွှယ်ရွှယ်ထင်ပါသည်။ အမြဲအတွန့်ချိုးထားသည့်





မျက်ခုံးတန်းတွေဟာ မမထိုက်နဲ့ကျတော့ ပြေပြစ်စွာ။ ရွှယ်ရွှယ်ကို ဦးစားပေးဆက်ဆံပေမဲ့ မမထိုက်ကိုကျတော့ အလေးထားဆက်ဆံတာမျိုးလည်း တွေ့ရသည်။

"ငါ့စိတ်က အရင်အတိုင်းပဲနော်၊ ငါသဘော ငါ့အမိန့်တည်မှ"

လို့ မမထိုက်ကပြောတော့ စည်းက…

"နှစ်လပဲနေမှာ မဟုတ်လား၊ သည်းခံရမှာပေါ့"

ပြောတဲ့အထဲမှာ ချစ်စနိုးရိပ်တွေပါလေမလား။ ရွှယ်ရွှယ်က ခေါင်းကိုခါပစ်ရင်း အတွေးထဲက ငိုချင်စရာ ညနေခင်းကို မောင်းထုတ်သည်။ ကိုယ်က ကိုယ့်ဘဝ ကိုယ့်အကြောင်းကြောင့် ဒီအိမ်ရောက်နေခြင်းဟာ အသည်းကွဲဖို့ မဟုတ်တာ။ ရွှယ်ရွှယ်က ဗီရိုဆီအကြည့်ရွှေ့တော့ အောက်အဆင့်ထောင့်၌ကပ်ထားသော သူမကျောပိုးအိတ်ကလေး။ လှမ်းယူပြီး ဇစ်ကိုဖွင့်တော့ သူမဝတ်စုံအဟောင်းတွေရဲ့အောက်မှာ SONY တံဆိပ် စီဒီယိုကင်မရာအသေးစားလေး။ ဒါလေးက ရွှယ်ရွှယ်ဘဝ။ ရွှယ်ရွှယ် နှလုံးသည်းပွတ်။ ပြီးတော့ ရွှယ်ရွှယ့်အနာဂတ်တွေ ဒီထဲမှာ ရှိနေလျှင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်...ဒေါက်"

ရုတ်ချည်းထွက်ပေါ်လာသော တံ...းခေါက်သံကြောင့် ရွှယ်ရွှယ့်တစ်ကိုယ်လုံး တုန်သွားသည်။ လန့်သွားတာမျိုး မဟုတ်ပေမဲ့ ထူးတော့ထူးဆန်းတာပဲ။ နံနက်ခင်း ဝေလီဝေလင်းကြီးမှာ ရွှယ်ရွှယ့်အခန်းတံခါး ခေါက်တဲ့သူက ရှိမှမရှိခဲ့တာ။

"ဒေါက်...ဒေါက် ဒေါက်"

ဒုတိယအကြိမ် ခေါက်သံက ပထမအကြိမ်ထက် ပိုပြင်းသည်။ ထို့ကြောင့် ကင်မရာကို အိတ်ထဲပြန်ထည့်၍ ဇီရိုဝိတ်ရင်း

"လာပြီ...လာပြီ"

အသံပြုရင်း တံခါးကိုပြေးအဖွင့်။ သူမအခန်းဝမှာ အားကစားဝတ်စုံအဖြူရောင်နှင့် မမထိုက်။ ဆံပင်အလိပ်တွေအား ခပ်မြင့်မြင့် စုစည်းထားပြီး လည်ကုပ်ပေါ်မှတစ်ဆင့် မျက်နှာသုတ်ပဝါတစ်ထည် သိုင်းချထားသည်။

"မမထိုက်"

ထိုက်က ခေါင်းလည်းမညိတ်။ မရယ်မပြုံး မျက်နှာနဲ့ ရွှယ်ရွှယ်အား ကြည့်ပြီး...





"ဘယ်အချိန်ရှိပြီလဲ"

"ရှင်"

ဒီအချိန်နာရီမကြည့်ဖူးသဖြင့် ရွှယ်ရွှယ် ကြောင်အအဖြစ်သွားသည်။ နာရီကြည့်ရအောင်လည်း နိုးလေ့နိုးထမှ မရှိတာ။ ဒီမနက်တောင် အိမ်မက်ဆိုးကြောင့် လန့်နိုးရတာမျိုး။ ထိုက်ကတော့ အဲဒီ့ အုတ်အုကြောင်ရုပ်အား သဘောမကျသလို ကျစ်ခနဲလုပ်ကာ မျက်နှာလွှဲပစ်ရင်းက စိတ်ပျက်လက်ပျက်။ ပြီးမှ ခါးထောက်၍ အခုထိ ညအိပ်ဂါဝန် မလဲရသေးသော ရွှယ်ရွှယ်ထံ အကြည့်က အစုန်အဆန်ကြည့်ပြီးမှ...

"အခု...ခြောက်နာရီရှိပြီ၊ ခါတိုင်း မင်းဘယ်အချိန်အိပ်ရာကထလဲ"

"ဟို...စည်း ဆိုင်သွားခါနီး"

"စည်းလို့မခေါ်နဲ့"

ခပ်ပြတ်ပြတ် ထအော်တဲ့ လေသံထန်ထန်ကြောင့် ရွှယ်ရွှယ် ဆတ်ခနဲ တုန်သွားရသည်။

"မင်းနဲ့ရွယ်တူလည်း မဟုတ်ဘူး၊ အသက်ချင်းလည်း မတူသလို အဆင့်ချင်းလည်း မတူဘူး၊ ဒီတော့ ရှေ့ကနေ "ဖိုး



www.burmeseclassic.com

www.burmeseclassic.com



တပ်ခေါ် ကြားလား”

“ဟုတ်…မမထိုက်”

“နောက်ပြီး…မနက်ဆို ငါးနာရီခွဲ အိပ်ရာကထရမယ်၊ နားလည်တယ်နော်၊ ခြံထဲက ပန်းပင်တွေ ရေဖြန်း၊ စည်းနဲ့ခြံရဲ့ ကား ရေဆေး၊ ပြီးရင် ခြံနောက်ဖက်မှာ ဗာဒံပင်ကြီးက ကြွေကျနေတဲ့ ရွက်ခြောက်တွေ စုလှည်းပြီး မီးရှို့ပေး ကြားလား”

“ဟုတ်”

“အဲဒါ…နေ့တိုင်းလုပ်ရမှာနော်”

“ဟုတ်”

ရွှယ်ရွှယ်က ခေါင်းလေးငုံ့ပြီး မမထိုက်ရှေ့က ဖြတ်ဖို့ အသင့်ပြင်တော့…

“ဟဲ့…နေဦး”

ခပ်ကြမ်းကြမ်းဆောင့်ဆွဲခံရ၍ လူက ယိုင်သွားကာ ပန်းတစ်ဖက်က တံခါးဘောင်နှင့် တိုက်မိသွားသည်။

“အ”

“မယ်နလုပ်မနေနဲ့၊ ဒီဂါဝန်တကားကားနဲ့ နင်ခြံထဲဆင်းလို့ သင့်တော်မလား စွေးဦး၊ ဟွန်း စိတ်ညစ်ပါတယ်၊ စည်းတို့

နိုးနိုး၈၁၆ပ



များ နိုင်းဖို့ခေါ်ထားတဲ့သူက နန်းမတော်မယ်နှ ဖြစ်နေပြီ”

သူဟာသူပြော။ သူ့ဟာသူ စိတ်တိုင်းမကျပဲ ထွက်သွားတာ ရွှယ်ရွှယ့်အနားမှ ဆောင့်ဆောင့်အောင့်အောင့်။ အိခနဲပိုင်းတက်လာသော မျက်ရည်တွေကို မျက်တောင်တဖျပ်ဖျပ်ခတ်ရင်း ရအောင်သိမ်းဆည်းသည်။

“ဒါ…ငါတို့ကျောင်းကတည်းက ဆရာမကြီးဘွဲ့ခံယူထားတဲ့ ရွှေနန်းထိုက်တဲ့၊ မင်းမြင်ဖူးသားပဲ၊ လက်(ပ်)တော့(စ်)ထဲကပုံ ပိုင်ရှင်လေ၊ သူက အရာရာခေါင်းဆောင်ရမှ စိတ်တိုင်းကျမှာတဲ့လေ၊ အုပ်ချုပ်ရေးမှူးဝင်စားတာ”

မိတ်ဆက်ပေးတုံးက စည်းဟာ အပြုံးတွေနဲ့ ရွှန်းရွှန်းဝေ။ စည်းကိုယ်တိုင်က စိတ်တိုင်းကျ လုပ်ပိုင်ခွင့်ပေးထားတဲ့သူကို ရွှယ်ရွှယ် မဆန့်ကျင်ရဲပါ။

ဒါနဲ့များ စည်းရယ် ရွှယ်ရွှယ်မေးတုံးကတော့ မချစ်ဘူးလို့ထင်တာပဲတဲ့။ စည်း နှလုံးသားက မရေရာတဲ့အဖြေကို ရွှယ်ရွှယ်က ယုံခဲ့မိတာကိုး။

◆ ◆ ◆

နိုးနိုး၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟဲ့...လုပ်ကြပါဟဲ့၊ ကိုးနာရီထိုးနေပြီ ငုဝါ နှင်ပြီး ပြီလား"

"အေး...ပြီးပြီဟေ့"

"နှင့်အိမ်ပေးဖို့ လက်ဆောင်ထုပ်ရော"

"ငါယူပြီးပါပြီ ထိုက်ရဲ့၊ နှင်သာ ငါ့ကိုပို့ပြီး အပြန် နှင့်အမျိုးတွေဆီ လှည့်ဝင်ဦးမှာဆို၊ အဲဒါ သူတို့မှာတဲ့ ပစ္စည်းထုပ် က"

"ပါပြီ၊ ငါ ဖွဲ့ကားပေါ်တင်ခိုင်းထားတယ်လေ၊ ဟုတ်တယ်နော် ဖွဲ့"





"အေး...ငါတင်ထားပြီးပြီ၊ နှင် ဟိုအိမ်က အကျိုးဆောင် မိန်းမဆီ ဝင်ဦးမှာလား"

ဖွဲ့ အမေးကို ထိုက်က ခေါင်းညိတ်ရင်း

"ဝင်ရမှာပေါ့...ရှေ့လဆို ငါတို့အိမ်နဲ့ နိုင်ငံခြားသား တွေချုပ်ထားတာ နှစ်စေ့ပြီဟဲ့၊ မာမီက အဲဒီကိစ္စကို သေချာမှာ လိုက်တာ၊ အဲဒါဝင်ရမယ် သိလား၊ ဩော် ငုဝါရေ နှင့်အမေ ရောအဖေအတွက်ပါ ငါဝယ်လာတဲ့အားဆေး ပေးလိုက်ဦးနော်"

"ငါ မေ့ပြီး မယူထားပါဘူး၊ တကတည်း နှင်ဟာ လေ ကိုယ့်သူငယ်ချင်းမို့လို့၊ တခြားလူသာဆို မနာလိုစရာ သိပ် ကောင်းမှာ၊ သူများ အဖေအမေကို နယ်ကျော်ပြီး မျက်နှာလုပ်သေး တာ"

"အမယ်လေး မျက်နှာလုပ်စရာ အရေးကြီးပုဂ္ဂိုလ်တွေ ကျန်သေးတယ်"

"ဘယ်သူလဲ"

ဖွဲ့က ငုဝါရဲ့ လပ်ဂေ့(ချ်)ကြီးကို ကူဆွဲပြီး ဧည့်ခန်းထဲ ထုတ်လာရင်းက မေးသည်။ ထိုက်က စကောင်(န်)နီ ဂျင်းမီးခိုး



www.burmeseclassic.com

www.burmeseclassic.com



ရောင်နှင့် ကြိုးတစ်ချောင်းတည်းနှင့် ကိုယ်ကျပ်ဇွပ်ကျယ် အင်္ကျီ ပေါ် အနက်ရောင် ဂျက်ကက်အတိုလေးထပ်ဝတ်ရင်းက…

"ဘယ်သူရှိရမလဲ၊ နင့်အမေ အန်တီမာနဲ့ စည်းရဲ့မိဘ တွေကိုပေါ့၊ သူတို့သားအိမ်မှာတည်းပြီး လက်ဆောင်မပါရင် ငါ့ကို မျက်မာန်ရှနေဦးမှာ"

"မလိုပါဘူးဟ"

စည်းက လက်မှာနာရီဝတ်ရင်း အပေါ်ထပ်က ဆင်း လာတာ ကသောကမျောနှင့် ဝင်ပြောသည်။ ထို့နောက် လှုံ ရှိသော ညှော်ခန်းကို တစ်ချက်ငေးကြည့်ပြီး…

"ရည်ရွယ်ရာရော"

ဖွဲ့ကိုကြည့်ပြီး မေးတာမို့ ဖွဲ့က ပခုံးတွန့်ပြရင်း

"ငါက…သူ့ကိုစောင့်ကြပ်တဲ့သူမှ မဟုတ်တာ"

"ကဲ…လာပါစည်းရယ်၊ ဒီမှာ ငုဝါနောက်ကျတော့ မယ်ဟဲ့"

လောလော လောလောနှင့် ထိုက်က ပြောလည်းပြော အရှေ့ကနေ ပေါ်တီကိုအောက်ရပ်ထားသော ကားဆီသွားသည်။





ဒီနေ့က ထိုက်သူငယ်ချင်း ငုဝါက သူ့မြို့သူ ပြန်မဲ့နေ့မို့ ကားဂိတ် လိုက်ပို့ပေးရမည်။ ပြီးရင်တော့ ထိုက်တို့အိမ်ကို နိုင်ငံခြားသား အား ငှားထားသည့် ကိစ္စတွေ။ နောက် ထိုက်ရဲ့ကွိစ်ကွစတွေ အတွက် တစ်နေကုန်လုံး မအားလပ်နိုင်ဖွယ်ရာတွေ ရှိလေသည်။ ထို့ကြောင့် ဒီနေ့ဆိုင်မလာဘူးလို့ ဖုန်းလှမ်းဆက်ထားပြီးသား။ မနက်ကတည်းက ထိုက်ပဲ သူတို့အခန်းတွေခေါက်ပြီး နှိုးကာ အစီအစဉ်တွေချထားတာမို့ စည်းက အောက်ထပ်နှင့် အဆက် အသွယ်ပြတ်နေရ၏။ တကယ်ဆို ရည်ရွယ်ရာလည်း ဒီလောက် ဆူညံပွက်လောရိုက်နေသည့်အုပ်စုထဲ ပါဖို့သင့်သည်။

"အပြင်သွားတိုင်း သူကထိပ်ဆုံးကလို၊ အခုမှ မပြီးနိုင် မစီးနိုင်နဲ့၊ ဟော့ ရည်ရွယ်ရာ၊ ဒုန်း"

စည်းက တစ်ယောက်တည်း ရေရွတ်ရင်း အခန်းတံခါး ကိုပါ ထုပစ်လိုက်သည်။ စိတ်ထဲတွေးမိတာက မချောတော့ လှအိုးကွဲ လုပ်နေပြီဟု။ တံခါးခေါက်ပြီးတဲ့အထိ အထဲက လှုပ်ရှား သံ မကြားတာကြောင့် ထပ်ထုဖို့ လက်အမြှောက် သူမအခန်းတံခါး က ရုပ်ခနဲပွင့်သွားကာ မျက်နှာနွမ်းနွမ်းလေးက တံခါးကြားမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာ၏။

"သြော်…စည်း"

"မင်း…ဘာမှမလဲရသေးဘူးလား"

အိမ်နေရင်း အဝတ်အစားနဲ့မို့ စည်းက အံ့သြတကြီး ဖြစ်နေသလောက် သူမက အေးအေးဆေးဆေး။

"ဟာ…ဒါဆိုသွားလဲလေ၊ သွား ဟိုမှာကားမမှီပဲနေ လိမ့်မယ်၊ သွား မြန်မြန်လဲ၊ ငါ ဧည့်ခန်းထဲကစောင့်မယ်"

"မဟုတ်ဘူး စည်း၊ ခဏ"

လှည့်ထွက်ဟန်ပြင်တဲ့ သူ့ရှပ်အင်္ကျီအစကို လှမ်းဆွဲထား ပြီးမှ။

"ဟို…ရွှယ်ရွှယ် မလိုက်တော့ဘူး"

"မလိုက်လို့ ဘယ်ဖြစ်မလဲ၊ မင်းကိုဘယ်တုံးက အိမ်မှာ တစ်ယောက်တည်း ထားဖူးလို့လဲ၊ သွားလဲ၊ ငါစောင့်နေ"

"ရွှယ်ရွှယ် နေမကောင်းလို့ပါ"

ဝိဝိရိရိ လိမ်ခြင်းဟာ ကိုယ်တော်လွန်း၍လား။ အသ လွယ်တာ စည်း ညံ့လွန်း၍လားမသိ။ စည်းမျက်နှာထက်၌ စိုးရိ





ခြင်း ကောက်ကြောင်းတွေကို အထင်အရှား တွေ့နေရလျက်…

"ဖျားနေတာလား၊ ကိုယ်ပူနေတာလား"

မေးရင်းက နဖူးပြင်ဆီစမ်းရန် လက်ကတဝဲဝဲ။ စမ်းမိ သွားလျှင် မပူသောကိုယ်ကြောင့် အလိမ်ပေါ်သွားမှာ စိုးရိမ်သည့် ရွှယ်ရွှယ်ကပဲ ခေါင်းငုံ့ရှောင်ရင်း..

"မဖျားပါဘူး၊ ခေါင်းကိုက်နေတာ"

"ဘာဆေးသောက်ထားလဲ၊ နေဦး၊ ဘာမှမစားရသေး ဘူး မဟုတ်လား၊ တစ်ခုခုစားပြီးမှ ဆေးသောက်ရမှာလေ"

"သူ့ရောဂါပျောက်အောင် နင်ကုနေတဲ့အထိ ငါတို့ ငုတ်တုတ်ထိုင်စောင့်နေရမှာလား စည်း"

စည်း ဖျတ်ခနဲငဲ့ကြည့်တော့ သူ့နောက်မှာ လက်ပိုက် လျက် ရပ်နေတဲ့ ထိုက်။ အနီရောင်ဝွေ့ဝွေ့သမ်းနေတဲ့ ဒေါသမျက် နှာကို ထိုက်က ပင့်သက်တစ်ရှိုက်နဲ့ ဆေးကြောချပေမဲ့ အကုန် အစင် ရှင်းလင်းသွားတာမျိုးတော့ မဟုတ်ပေ။ ထိုက်က သူတို့ အနားသို့ တစ်လှမ်းချင်း လျှောက်လာရင်း စည်းလက်မောင်းကို တွဲချိတ်လိုက်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"သွားရအောင် စည်း၊ ငှဝါ စောင့်နေတာ အားနာစရာ"

"သူ…နေမကောင်းဖြစ်နေတာ ဆေးတိုက်ဖို့"

"စည်း"

ခေါ်သံက ခပ်ဆောင့်ဆောင့်။ ထို့နောက် ရွှယ်ရွှယ်ထံ အကြည့်ရှုးတစ်ချက်နဲ့ စိုက်ခနဲကြည့်ပြီးမှ…

"ခေါင်းကိုက်တာဆိုရင် ဘိုင်အိုဂျက်ဆစ်သောက်ရင် ပျောက်တာ တီဗီကြည့်တတ်တဲ့လူတိုင်းသိတယ် စည်း၊ ပြီးတော့ အသက်နဲ့အဝေးကြီးမှာရှိတဲ့ ရောဂါ၊ ငှဝါရဲ့ နယ်ပြန်တဲ့ကားက သူ့အချိန်နဲ့သူထွက်မှာ၊ ဘယ်ဟာအဓိကလဲ၊ နင် နားလည်စမ်းပါ"

"နင်က အဓိက မဟုတ်ဘူး"လို့ ပြောတာထက် ပြင်းတဲ့ အကြည့်ကို ထပ်မံရရှိတော့ ရွှယ်ရွှယ် ဒီအတိုင်း နှုတ်ဆိတ်ပြီး မနေသာတော့။

"ရွှယ်ရွှယ်…ဆေးသောက်လိုက်ရင် ပျောက်သွားမှာပါ၊ သွားတော့လေ၊ မမထိုက်ပြောတာ မှန်တာပဲကို"

အတတ်နိုင်ဆုံး ပြုံးထားရပေမဲ့ ရင်ထဲမှာ ငိုချင်နေတာ





ကြောင့် မဲ့ပြုံးကြီး ဖြစ်နေမှာလည်း စိုးရိမ်ပါသည်။ ဒါပေမဲ့ မတတ်နိုင်ပါ။ ရွှယ်ရွှယ်က ဟန်ဆောင်ခြင်း ပညာရပ်မှာ အရည်အချင်းတ အစဉ်အမြဲ ဖီးရှိး။ စည်းကတော့ ထိုက်ဆွဲခေါ်ရာအတိုင်း ကားပေါ်အထိ ပါလာသည်။ ထိုက်ကတော့ ကားနောက်ခန်းမှာ ထိုင်ရင်း ရှုံ့ချစရာရှိတိုင်း မျက်နှာမငဲ့စတမ်း ဝေဖန်တတ်သောအကျင့်ကြောင့်…

"ငါဖြင့်အံ့သြတာပဲ ဖွဲ့"

"ဘာကိုလဲ"

နောက်ကြည့်မှန်မှာ အကြည့်ချင်းဆုံ၍မောင်းရင်း လှမ်းမေးသည်။

"ဘာရမှာလဲ၊ နင့်ရဲ့စည်းပေါ့၊ နိုင်းဖို့ အဖော်ခေါ်တာသည်း မသိရင် ကလေးမွေးစားထားသလား ထင်ရတယ်"

တဲ့။ မဲ့ရွဲ့ပြီးပြောတဲ့ ထိုက်စကားပေါ် ဖွဲ့က ခေါင်းညိတ်ထောက်ခံရင်း

"အေး…နင်နဲ့တွေ့မှ ပွဲပြတ်တာ ထိုက်၊ သူ့ကြောင့်အဲ့ဒီကောင်မလေး နန်းတက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကောင်းချီးပေးနေသည်။ စည်းကတော့ ဘာစကား မှ မဆိုချင်လောက်အောင် နှုတ်ဆိတ်လျှက်။ တကယ်ဆို သူမက အခိုင်းအစေ မဟုတ်မှန်း သူသာအသိဆုံး။

◆ ◆ ◆



## အခန်း (၁၇)

"တီ…တီ"

"တီးပါ စည်းရ၊ နင်ကလည်း ကျယ်ကျယ်လေး၊ ငါ့မှာ တစ်နေ့ကုန်သွားလား လာထားရတာတွေကြောင့် ခြေထောက်တွေ ဆောင့်နေပြီ။ အိပ်ရာပေါ် ဂွန်းခနဲပစ်လှဲချင်စိတ်က တားမရဆီးမရဘဲ၊ ကျစ် ဒီကောင်မလေးကလည်း ကြာလိုက်တာ၊ ဒီလောက် ဟွန်းတီး တာတောင် စည်း သူ့မကြားဘူးနဲ့တူတယ်၊ ထပ်တီးဟာ"

စည်းက ပန်းခွန်းမှာ မေးဖျားကပ်တဲ့အထိ မောက်ခန်း တို့ ငုံ့ကြည့်သည်။ အရင်တုန်းက လိုချင်တာရအောင်ဖြည့်ဆည်း ဆေးခဲ့သမျှ သူမ လက်ညှိုးညွှန်ရာ ဖြစ်စေခဲ့သမျှ အရ…



www.burmeseclassic.com

www.burmeseclassic.com



အတွေ့တွေ အရောင်ရင့်တာလို့ မြင်လာပြီ။ ဘယ့်နှယ် တစ်နေ့ကုန် သူမကိစ္စလိုက်ပေးရတဲ့သူတွေက မညည်းညူရ။ သူမက အရင် စပြီး ညောင်းသတဲ့။ ကိုက်သတဲ့။ အမြင်ကတ်ကတ်နှင့် လမ်း ကြိတ်စက်ခေါ်ပေးမယ်။ အညောင်းအညာပြေအောင် အကြိတ်ခံလို့ ပြောပစ်ချင်စိတ်က လျှာဖျားမှာ ကဆုန်ပေါက်နေပြီ။

"ဟား...စည်းရေ ကြာလှချည်လား"

နောက်က အသံထပ်ထွက်လာတော့ ထိုက်ဘက်တော် သား ဖွဲ့ကပါ...

"အေး...ပွှန်းထပ်တီးကြည့်ပါလား စည်း၊ ဒီကောင် လေး အိပ်များပျော်နေလား"

"အဲဒီလောက် စိတ်မရှည်လည်း ကိုယ့်ဟာကိုယ်ထဖွင့် မိုးကရွာနေတာ ဒီလောက် သည်းမည်းနေတာ၊ အိမ်ပေါက်ဝ နေ ခြံဝလာဖို့ သိပ်မြန်ချင်ရင် မိုးပျံတံတားထိုးလိုက်"

"ဟာ...စည်း ဇလိုင်းကြီးရစ်နေပြီ၊ ဟော့ကောင် ဘီယ နှစ်ဂျားသောက်ပြီး မူးနေတာလား၊ ဘာဖြစ်နေတာလဲ"

"မသိဘူး...တစ်တိုင်းပြည်လုံး စိန်ခေါ်ပစ်ချင်နေတာ





တမင်ဂျစ်တိုက်ပြီးဖြေသည်။ ဟွန်းလည်းထပ်မတီးဘဲ ပေကပ်ပြီးနေတော့ ဘေးကရော နောက်ခန်းကပါ ဘာသံမှထွက် မလာတော့။ စည်းက ကားစတီယာရင်ကို လက်နှစ်ဖက်နှင့် တင်းနေအောင်ဆုပ်ရင်း ခြံတံခါးဆီ မမိုတ်မသုန်စိုက်ကြည့်သည်။ ရင်ထဲမှာ စိုးရိမ်စိတ်တွေက စစ်ချီပုံမောင်းအလား။ မနက်က တည်းက သူထွက်သွားရတာ စိတ်မဖြောင့်။ နေမကောင်းဘူးလို့ ပြောလာတဲ့ သူမဟာ ဘာမှဖြစ်မြောက်အောင် ချက်ပြုတ်တတ်သူ မဟုတ်။ ထို့ကြောင့် စည်းမှာ တစ်ခုခုစားတိုင်း လည်ချောင်းထဲ တစ်နေကာ သူမကိုချည်း မြင်ယောင်နေမိတဲ့အဖြစ်က ကြားဖူး တဲ့စကားလို ဒါ မြို့မကျတာလား။

"ဟော လာပြီကွ၊ တံခါးဖွင့်ပြီ"

ခြံတံခါးတစ်ဖက် ပွင့်သွားတာနှင့် ကားရှေ့မီးတန်းက ချွေးခနဲပြေးထွက်သွားသည်။ ထိုမီးရောင်အောက်မှာ ရည်ရွယ်ရာ ဘ လိမ္မော်ရောင်စုံနှင့် မိုးရေစက်များကြားမှာ ထင်းထင်းလင်း င်း။ ထီးအကြီးစားကို ပခုံးနှင့်ကြားထောက်ညှပ်ထားသည်။ လိမ္မော်ရောင်တီရှပ်နှင့် ဝတ်သမျှ စကေဒ်ဟာ ဒူးဖုံးရုံ လိမ္မော်ရောင်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေကျအတိုင်း နဖူးထိပ်မှာ လိမ္မော်ရောင် ဖဲပြားကြီးနဲ့။ ထိုက်
ကတော့ အဲ့ဒီကလေးမကျ၊ လူကြီးမရောက် သာ ဝတ်စားဆင်
ယင်ပုံနဲ့ ကောင်မလေးအား တွေ့ကတည်းက ထားမရတာ မေတ္တာမှ
ဒင်းဘာလုပ်လုပ် မျက်လုံးထဲ အစွဲအစောင်းချည်း မြင်နေသည်။
အခုလည်း ဟွန်း့ခနဲ အသံပေးကာ မဲ့ပစ်ရင်း...

"ကြည့်ရတာ မျက်စိထဲ အချိုးမပြေဘူး၊ ဒင်းကိုသာ
နှစ်ဆယ့်လေးနာရီ ခုနစ်ရက်စလုံး မြင်နေရရင် ငါတော့ အဘိဓ
မ္မာပြီး အဝီစိကျလောက်တယ်"

လို့ ကိုယ့်ဆန္ဒကို မြင်သာထင်သာရှိအောင် ဖော်ထုတ
ပစ်တယ်။ စည်းကတော့ နှစ်ဖက်စလုံး လွတ်လွတ်လပ်လပ်ကြ
ဖွင့်သွားတဲ့ ခြံတံခါးမှ ဘီးလိမ့်ရဲ့ မောင်းဝင်လာတာက ခြံထ
ရောက်ရုံသာ။ ပေါ်တီကိုအောက်ကို ဆက်မမောင်းဘဲ ရပ်ထ
သည်။ ထို့နောက် ကားနောက်ကြည့်မှန်မှ ရည်ရွယ်ရာ ခြံတံခါ
ပိတ်တာကို အစအဆုံး စောင့်ကြည့်နေပြီးမှ တံခါးပိတ်ပြီးသေ
သူမက ထီးအကြီးဆောင်းပြီး ကားသေးမှ ငိုက်စိုက်စိုက် ဖြ
လျှောက်သည်။





"ရည်ရွယ်ရာ"

"ရှင်"

"ကားပေါ်တက်"

"ဟင့်အင်း...သွားပါ၊ ရွယ်ရွယ် ကိုယ့်ဟာကိုပဲ"

"ကျစ်"

ဒေါသကထောင်းခနဲ။ တစ်နေ့ကုန် မြုံထားသမျှ ဒေါသ
အဆောက်အအုံက အခုမှ ရင်ထဲအတိုင်းအဆမရှိ ပေါက်ကွဲသွား
တာမျိုး။ စည်းက မိုးရွာကြီးထဲ တံခါးဖွင့်ပြီးဆင်းတော့ ရွယ်ရွယ်က
ရုတ်တရက်မို့ လန့်သွားရသည်။ မျက်လုံးလေးပြူးပြီး သူ့လှုပ်ရှား
သမျှ လိုက်ကြည့်နေသော သူမကို သနားရန် အသိစိတ်က မဝင်ဘဲ
ထီးကို ဆတ်ခနဲ ဆွဲယူကာ ရောက်ရာပေါက်ရာ လွှင့်ပစ်၏။
ထို့နောက် သူမလက်မောင်းရင်းက ကိုင်ပြီး နောက်ခန်းတံခါးဖွင့်ကာ
အထဲသို့ တွန်းထိုးထည့်ပုံက မညှာမတာ။ ကူရှင်ပေါ် ပစ်ကျ
သွားသော ရွယ်ရွယ်မှာ လက်မောင်းရင်းက နာတာရော။ ပစ်ကျ
သွားတဲ့ အရှိန်ကြောင့်...

"အ"



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ညည်းညူသံထွက်သွားပြီးမှ ဘေးနား၌ မမထိုက် ရှိပါလားဆိုတဲ့ အသိက နာကျင်ခြင်းကို ထိန်းချုပ်ဖို့ သံပတ်ပေး ခံလိုက်ရသလို။ စည်းကတော့ ဘယ်သူ့ကိုမှ ချီသည်၊ ခါးသည် မပြောတော့ဘဲ အိမ်ပေါ်တီကိုအောက်ရောက်တဲ့အထိ ကားကို တရကြမ်း မောင်းဝင်သည်။ ထို့နောက် တံခါးဖွင့်ဆင်းပြီး တံခါး ပြန်ပိတ်တော့လည်း ဂျိမ်းခနဲ ဂျိုင်းခနဲနှင့် ကားတစ်စီးလုံး သိမ့်သိမ့် တုန်။ ဖွဲကတော့ ထိုက်ကို နောက်ခန်းတံခါး ဖွင့်ပေးရင်းက ပခုံး တွန့်ပြီး ပြောမိသည်။

"အာဃာဝကစီးနေတဲ့ အတိုင်းပဲ"

လို့။ ဟုတ်ချင်ဟုတ်မှာ။ ဒီကောင်က တစ်တိုင်းပြည် လုံး စိန်ခေါ်ချင်နေတာဆိုတော့။

◆ ◆ ◆



## အခန်း (၁၈)

"အ"

ခနဲ အော်လိုက်တဲ့အသံ။ ပြီးတော့ မဲ့ရွှံ့ရွှံ့မျက်နှာလေး။ ကားကူရှင်ပေါ် ပစ်ကျသွားတဲ့ပုံလေး။

"ကျစ်"

နဖူးကို လက်ဖဝါးနှင့် ခပ်ကြမ်းကြမ်းပွတ်ကာ စည်း ထိုင်ရာမှ ထသည်။ မှန်စားပွဲပေါ်လက်ထောက်ပြီး မှန်ထဲ၌ အရိပ် ထင်နေသော ကိုယ့်ပုံကိုယ်စိုက်ကြည့်၏။ မှန်ထဲက ခွဲကြောင်း မညီညာသော ကုတ်ထောက်ဆံပင်ရှည်နှင့် မှုန်ကုပ်ကုပ် မျက်နှာ တစ်ခုက သူ့အား ပြန်ကြည့်နေသလို။



www.burmeseclassic.com

www.burmeseclassic.com



"မတူပါဘူး၊ ကိုကိုက မျက်နှာချိုတယ်၊ ခင်ဗျားကျ တော့ မျက်နှာကြောက စုပုပ်တည်တင်းပြီးတော့ တစ်လောကလုံးနဲ့ ရန်ဖြစ်ထားတဲ့ရုပ်"

သူမက ဝေဖန်မှုးတာ ပြန်ကြားယောင်တော့ မျက်ခုံးကို ပြေပြစ်အောင် ပြန်ဖြေသည်။ တင်းထားသော နှုတ်ခမ်းပါးတွေ လျှော့ပြီး ပြုံးယောင်သမ်းကြည့်ပြန်တော့

"ခင်ဗျားက ရယ်ရင် တအားချစ်၊ အဲ မဟုတ်ဘူး၊ ဟို ရုပ်ပိုချောသွားတာကို ပြောတာ၊ သွားတန်းတွေညီပြီး စီနေတာကို၊ သူ့ကျမှ ရယ်ရမှာနှမြောပြီး တွန့်တိုနေ"

တဲ့။ စကားရဲ့အဆုံးသတ် အဖြစ်အပျက် မျက်တောင်တွေပိတ်ကျသွားအောင် မျက်စောင်းထိုးတတ်သော သူမ အကျင့်ကိုတောင် စည်းက အလွတ်ရနေပြီဆိုလျှင်။

"ဟား"

ခေါင်းကိုမော့လို့ လေပူကို မှုတ်ထုတ်သည်။ မှန်စားပွဲ ကြားမှထွက်တော့ ဆံလည်ခုံကို တွန်းကန်ထုတ်လိုက်သလို။ ခုံက ကျယ်ကျယ်လောင်လောင် အသံတွေပေးပြီး အခန်းထောင့်





တစ်နေရာသို့ ပြေးကပ်သွား၏။ ညစာရော မနက်စာရော ကိုယ့် ဒေါသနဲ့ကိုယ် လုံးထွေးရစ်ပတ်ပြီး မကျေနပ်ချက်တွေ ဘယ်သူ့ အပေါ် ဖွင့်အန်ချရမလဲဆိုတာ မသိသေး။ ထို့ကြောင့် ရည်ရွယ်ရာ ကိုလည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး ပစ်ထားလိုက်တာမျိုးပါသည်။

"ငါ…ဒီလောက် ဂရုစိုက်ပြနေတာတောင် သူက ရှောင်ဖယ်ဖယ်နဲ့၊ အဲဒီတော့ နေပေါ့"

အံကြိတ်တွေးကာ မာနတရားတွေနှင့် ဥပေက္ခာပြုရန် ကြိုးစားသည်။ ထို့ကြောင့် သူ့, မနက်က ဆိုင်ကိုထွက်လာတော့ ထိုက်တို့နှစ်ယောက်တောင် မနိုးသေး။

"မနက်ဖြန် ပဲခူးကမိတ်ဆွေတစ်ယောက်ဆီ မာမီ လူကြုံ ပို့ခိုင်းလိုက်တဲ့ လက်ဆောင်သွားပေးရမယ်၊ ဖွဲ့နဲ့စည်း နင်တို့ လိုက်ခဲ့ ဦးနော်၊ လိုက်ပို့ခအဖြစ် ကြိုက်တဲ့ဟိုတယ်မှာ တစ်ဝိုင်းစာ ငါကျွေး မယ်"

လို့ မနေ့က ထိုက် ကြိုတင်ချိန်းထားတာတောင် သူ မပါဝင်တော့ကြောင်း စာရေးထားခဲ့သည်။ စိတ်ထဲ တနုံ့နုံ့ဖြစ်နေ တာကို ခွဲခြမ်းစိတ်ဖြာ အဖြေရှာတော့ ခွဲခြားခွဲခြားလုပ်ချင်သည်



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကို မကျေနပ်တာရော။ ဖွဲ့နဲ့ကျတော့ တကယ့်ဆတ်ဆတ်ကြဲက ထိုက်ပြုံးသမျှ ခေါင်းငုံ့ခံနေတဲ့ ရည်ရွယ်ရာပေါ် ဒေါသထွက်တာရောနှင့် အဖြေကထွက်သည်။ ခက်တာက ပြောင်းလဲသွားသည့် သူ့စိတ်ပင်။ အရင်ကတည်းက ထိုက်အပေါ် မဆန်းပြားခဲ့သော သူ့ရင်ဘတ်သည် အခုတော့ ထိုက် ဆိုးနွဲ့မှုကို မလိုချင်တဲ့အထိ မီးနီပြနေတာ ခါးခါးသီးသီးဆိုတော့။

"ခင်ဗျားကလည်း…လူကို သိပ်ဟောက်တာပဲ၊ ဒီက သူ့မျက်နှာအားကိုးပြီး သူ့အိမ်မှာ လာနေရပါတယ်ဆိုမှ"

သူ ဆုတိုင်း မျက်လွှာချရင်းက နှုတ်ခမ်းတွေစုလုံးပြီး မကြားတကြား ရေရွတ်တတ်သော ချာတိတ်။ စည်း ဆတ်ခနဲ ပြန်လှည့်သည်။ ဆံလည်ခုံကျောမှီ၌ ချိတ်ထားသည့် အညိုနုရောင် ဝေ့(စ်)ကုတ်အား သွားယူပြီး ရှပ်အင်္ကျီအနက်ပေါ် ထပ်ဝတ်သည်။ စားပွဲပေါ်ရောက်ကတည်းက ဒီအတိုင်း ပစ်တင်ထားခဲ့သည့် ဖုန်းတွေကားသော့တွေနှင့် မျက်မှန်ပါဆွဲယူပြီး လက်တစ်ဖက်က ပိုက်ဆံအိတ်ကို ဘောင်းဘီအိတ်ထဲ နောက်ပြန်ထိုးထည့်ပြီး အခန်းထဲကထွက်ဟန်အပြင် သူ့ရုံးခန်းတံခါးက ရှပ်ခနဲ ဖွင့်လာပြီး





"ဟင်…ကိုစည်း၊ ဒီမှာ နေ့လည်စာ မှာထားတာ ရောက်ပြီလေ"

"မင်းပဲစားလိုက်တော့"

"ကိုစည်းကရော"

"ငါ…အိမ်ခဏပြန်ဦးမယ်၊ ညနေ ရောက်မလာဖြစ်ရင် မင်းတို့ပဲ ဆိုင်ပိတ်တဲ့တာဝန်ကို ယူလိုက်တော့ ကြားလား"

"ဟုတ်…ဟုတ်ကဲ့ ကိုစည်း"

သူ့ဝန်ထမ်း ကောင်လေးက ယောင်နန်းနဲ့ ခေါင်းညိတ်သည်။ သိသားပဲ။ သူ့လုပ်ပုံကြောင့် ဒီကောင် အူကြောင်ကြောင်ဖြစ်သွားမယ်ဆိုတာ အစကတော့ ရုံးခန်းမှာပဲ နေ့လည်စာစားမယ်ဆိုပြီး မှာခိုင်းပြီးမှ ချက်ချင်းလင်ငင်း ပြောင်းလဲသွားတဲ့ စည်း ပုံစံကြောင့်။ စည်းက ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ထည့်ထားရင်း စားသောက်ဆိုင်တန်းဆီ သွက်သွက်လျှောက်သည်။ လူ့စိတ်ဟာ တစ်မိနစ်အတွင်း အကြိမ်များစွာ ပြောင်းလဲနေတတ်သည်ဟူသော အဆိုကို တစ်ထိုင်တည်း ယုံကြည်ရင်း တရုတ်အစားအစာရောင်းသော ဆိုင်ခန်းဘက်ဆီ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးလေးအုံ့ဆိုင်းဆိုင်း…ရာသီဥတုက အုံ့မှိုင်းမှိုင်းဆို တော့"

"ထားခဲ့ဖူးတဲ့ ရည်းစားတွေ လွမ်းလာတယ် ဆိုပါ တော့"

စည်းက အဲဒီလို စနောက်ဖူးသည်။ သူမက မိုးကာ အင်္ကျီက ခေါင်းစွပ်လေးကို မေးဖျားနားမှ ကြိုးတွေတင်းနေအောင် ဆွဲချည်ရင်း…

"တော်ပါ…ရည်းစားဆို၊ ရွှယ်ရွှယ်တို့က ဒီးပြားအရ သာ သိသေးတာ မဟုတ်ဘူး"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ သီချင်းတောင် ရှိသေးတယ်"

"ဘာသီချင်းလဲ"

"ရည်းစားလေထားရတာလည်း ဒီးပြားလေး စားရသလို ပဲတဲ့၊ အဲဒီတော့ ရည်းစားနဲ့ဒီးပြား ပတ်သက်တယ်ဆိုပြီး ပြော တာ၊ အဲဒီရည်းစား ဝင်ရှုပ်တာနဲ့"

"ဘာလဲ…ဒီးပြားစားချင်ပြန်တာလား"





စည်းက ထပ်ပြီး အရွှန်းဝင်ဖောက်တော့ သူမမှာ သုံး နေကျ လက်နက်တစ်ခုအတိုင်း မျက်စောင်းလှည့်ထိုးရင်း

"ကြေးအိုးသောက်ချင်တယ် ပြောမလို့"

"ဘာမှလည်းမဆိုင်ဘူး"

"ရွှယ်ရွှယ်အတွက်တော့ ဆိုင်တယ်၊ မိုးလေးအုံ့ရင် ရွှယ်ရွှယ် ကြေးအိုးသောက်ချင်တယ်၊ အဲဒါ ရွှယ်ရွှယ်မူပိုင် သိအိုရီ"

အတိတ်အကြောင်း ပြန်တွေးတိုင်း အမှတ်တမဲ့ထားသမျှ က စည်းအတွက် အမှတ်ရစရာတွေ ဖြစ်ဖြစ်သွားတာ များသည်။

"ကြေးအိုးနဲ့ဘဲကင်တော့ မကြိုက်ဘူး၊ ကြေးအိုးနဲ့ ကြက်ကြော်ဆို အပီဆွဲတာ"

နှုတ်ခမ်းပါးတွေကို လျှာနဲ့သိမ်းပြတော့ စိုလက်လက် ဖြစ်သွားသော နှုတ်ခမ်းတွေကို သတိရပြီး စည်းရင်တစ်ခွင်၌ လိမ္မော်ရနံ့သင်းလာပြန်သည်။ မေ့မရပါသော လိမ္မော်နေ့ လိမ္မော်ည ပြီးတော့ စတိုခန်းထဲ အမှတ်မထင် ထိတွေ့ခဲ့ဖူးသော လိမ္မော် ရောင်နှုတ်ခမ်းပါး။ စည်းက တစ်ယောက်တည်း ခေါင်းငုံ့ပြုံးရင်း ကားပါကင်ထဲရောက်တော့ ရီမုတ်(ထ်)ဖြင့် သူ့ကားကို လှမ်းဖွင့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ လက်တစ်ဖက်မှာ ပစ္စည်းပစ္စယတွေ စုကိုင်ထားပြီး ညာဘက်လက်၌ သူမအနှစ်ခြိုက်ဆုံး အစားအစာတွေ။ ကြေးအိုးကြက်ကြော်၊ ပြီးတော့ ကျောက်ကျော။

"အကြိုက်ဆုံးပဲ၊ အချိုတည်းတဲ့နေရာမှာ ပျစ်ပျစ်နှစ်နှစ်ရှိလို့၊ ခင်ဗျား စဉ်းစားကြည့်လေ သူ့တစ်တုံးထဲမှာ အရသာအစုံပါတယ်၊ အနှစ်နို့၊ သကြား၊ အဆိမ့်ရော အချိုရော ရော စားကြည့်"

ဆိုပြီး သူမကျွေးတိုင်း သူခေါင်းခါစမြဲ။

"တုန်တုန်ကြီးကွ၊ ပါးစပ်ထဲရောက်သွားတော့လည်း ပျော့ပျော့ကြီး"

ဝေဖန်ချက်အဆုံး သူမက ဖျောက်ခနဲ လက်ဖျောက်တီးကာ...

"အဲ့ဒါမှ အရသာ...ခင်ဗျား မခံစားဖူးတော့လည်း ရှိပါစေတော့၊ တစ်ယောက်တည်း အဝဆွဲရတာပေါ့"

ဟန်မဆောင်စတမ်း စားတတ်တာ တကယ်။ စည်းကကားကို ကျင်လည်စွာ ကွေ့ပိုက်မောင်းထွက်ရင်း ကားထဲမှာဆို





သော အသိက သူ့ကိုလွတ်လပ်စွာ ပြုံးခွင့်ပေးထားတဲ့အတိုင်း အခုတော့ သူမှာ သူမကြိုက်သော အစားအစာတွေ တစ်ပွေ့တစ်ပိုက်နဲ့။

မင်းကိုချော့ဖို့ အဲဒီလောက်လိုသတဲ့လား။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

''ဟာ…ဟာ အဲဒီလောက်အထိ ချော့ဖို့မလိုပါဘူး စည်း ရဲ့''

ညှော်ခန်းဆီဝင်တာနဲ့ စီခနဲလွင့်ပျံလာတဲ့အသံက ထိုက် ဆီမှ။ စည်းက ညှော်ခန်းဆီ အကြည့်ရောက်တော့ ဖွဲက ဂီမ်းကစား နေရာမှ…

''မင်းကလည်းနော်၊ စာလေးတစ်စောင်ရေးပြီးထားသွား တယ်၊ ထိုက် ပဲခူးသွားမှာ သိသိကြီးနဲ့''

''မသွားကြဘူးလား''

''သုံးယောက်မဆုံဘဲ ဘယ်တုံးက သွားဖူးလို့လဲ စည်း





ရဲ့''

ထိုက်က ဝင်ဖြေသည်။ ညှော်ခန်းအလယ်ရောက်တော့မှ ပင် မြင်ကွင်းက ရှင်းရှင်းလင်းလင်း။ တိုင်လုံးကြီးအကွယ်၌ ပုဆစ် တုပ်လေးထိုင်နေသော ရည်ရွယ်ရာက ထိုက်ရှေ့တည့်တည့်မှာ ဒူးထောက်လျက်။ ခုံအပုလေးပေါ် တင်ပေးထားသည့် ထိုက် ခြေထောက်မှ ခြေသည်းတွေကို တစ်ချောင်းချင်းစီ ကာလာ တင်ပေးနေသည်။ ထိုမြင်ကွင်းကိုကြည့်ပြီး စည်းရင်ထဲ တင်းခနဲ ဖြစ်သွားစဉ်…

''ဟယ်…ဘေးတွေပျံ့ကုန်ပြီ''

''ရွယ်ရွယ်…ပြန်ဖျက်ပေးပါ့မယ် မမထိုက်''

''ဟဲ့…အဲဒါ ပြန်ဖျက်လိုက်၊ ပြန်ဆိုးလိုက်၊ ပြန်ပေ လိုက်နဲ့ လုပ်နေတာ ဘယ်နှခါရှိပြီလဲ၊ တော်တော် နင်အသုံး မကျတာပဲ၊ ဖယ် သွားတော့''

ထိုက်က ခြေထောက်သိမ်းရင်း တစ်ခါတည်း မောင်း ထုတ်သည်။ ထို့နောက် ကိုယ့်ခြေထောက် ကိုယ်ငုံ့ကြည့်ကာ ရင်ထဲမကျေမနပ် ဖြစ်စိတ်တွေက ဒေါသကို မထွက်ထွက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်ပုတ်ထုထောင်းသကဲ့သို့ရှိရာ။

"တွေ့လား…တွေ့လား"

အခုထိ အနားကမထသေးသော ရွယ်ရွယ့်နားရွက်အား ဖမ်းဆွဲလိမ်ရင်း

"ပေကုန်ပြီ…တွေ့လား၊ အဲဒါ နင့်ကြောင့်၊ တောက် မိန်းမဖြစ်ပြီး ခြေသည်းနီလေးတောင် ဖြောင့်အောင်မဆိုးတတ်ဘူး၊ ပွန်း အချက်အပြုတ်မတတ်၊ သန့်ရှင်းရေး မလုပ်တတ်နဲ့၊ ဘယ်နေရာသုံးစားရမယ်မှန်းကို မသိတော့တာ တကယ်"

ပြောချင်ရာပြောပြီး ဝုန်းခနဲ ထရပ်တော့ စည်းနဲ့ အလို လို မျက်နှာချင်းဆိုင်မိသလို ဖြစ်သွားသည်။ စိတ်ပျက်ခြင်းတွေ လွှမ်းမိုးနေသည့် စည်းမျက်နှာကြောင့် ထိုက်က ဒေါသကို ရုတ် သိမ်းရန် စိတ်ကူးထဲမှာတောင် မတွေးမိဘဲ မျက်နှာကြောကို ပိုတင်းပစ်သည်။ မှုစရာမလို။ ဒါ ထိုက်သတ္တာန်၊ ထိုက်ဟန်ပ ဆိုတာ ကျောင်းကတည်းက သူတို့သိပြီးသား။ စည်း မျက်နှာထ တော့ အမြဲတမ်း သုန်မှုန်နေခဲ့သည့် အစဉ်အလာအတိုင်းပင် ချက်ချင်းထပေါက်ကွဲတော့မလို ညှိုးမှိုင်းသွားပြီးမှ ထိုက်ကို အေးဆေ





ာက်ကြည့်ကာ မျက်နှာလွှဲ၏။ ခွဲကတော့ သူ့နောက်ကျောတွင် ဖြစ်ပျက်နေသမျှ မမြင်ရမကြားရသည့်အတိုင်း ဂိမ်းကို သည်းကြီး မည်းကြီး ကစားနေရာမှ

"နင်က သူ့မှ သွားခိုင်းတာကို ထိုက်ရဲ့၊ ခိုင်းတဲ့လူပုံစံ ကိုကြည့်ဦး၊ လက်သည်းနီဆိုးခိုင်းတာ နုတ်ခမ်းနီဘူးကြီး ထုတ်လာ ပြီး မဆိုးပေးတာ ကံကောင်းတယ်မှတ်"

"အေး…မထင်ဘူးလေ၊ ပုံစံကိုက ခွေးလိုလို၊ ပွေးလို လိုနဲ့"

ထိုက်က နောက်ကိုငဲ့ကြည့်ပြီး ပြောတော့ မချောက လက်သည်းနီဘူးတွေကို ကောက်သိမ်းပြီး နေရာက ထွက်ခွာဟန် ပြင်သည်။

"ပေးလေ…စည်း မှန့်တွေလား"

"နေဦး…ရည်ရွယ်ရာ"

ကမ်းသောလက်က လေဟာနယ်ထဲမှာ ဒီအတိုင်းကြီး။ စည်းက ထိုက်နံဘေးမှ ပွတ်ကာကျော်ဖြတ်သွားသည်။

"ကျစ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုက်က လက်ကိုအောက်ပြန်ချရင်း နောက်သို့လှည့်ကြည့်မိ၏။ စိတ်ဝင်စားလွန်း၍ ကြည့်ခြင်းမျိုးတော့မဟုတ်။ အစေအခိုင်းကို တသသဖြစ်နေသည့် စည်းအား စိတ်ပျက်ရှုံ့ချချင်သည့် အကြည့်မျိုး။ စည်းကတော့ ဘယ်သူတွေ ဘာဖြစ်ဖြစ် ဂရုမစိုက်အားဘဲ ရွယ်ရွယ့်အနားသို့ တလွှားလွှားရောက်သွားပြီးမှ…

"မင်း…ဘာစားပြီးပြီလဲ"

"စားပြီးပါပြီ"

ခေါင်းငုံ့ဖြေကာ သူ့ကို ရှောင်ကွင်းသွားရန် ခြေလှမ်းပြင်တော့ ပျက်ပြယ်စပြုနေတဲ့ ဒေါသမုန်တိုင်းက ပြန်အားကောင်းစပြုလာပြီး သူ့ဒေါသမှာ လစ်မစ်မရှိတော့။ မြင်မြင်ကရာကို ပေါက်ကွဲပစ်ချင်တဲ့အထိ သွေးဆူလာတာက အမြင့်ဆုံး ဒီဂရီမှာ။

"မင်းကိုစားပြီးပြီလားလို့ မေးနေတာ မဟုတ်ဘူး ဘာစားထားလဲ မေးတာ"

"အသီးအရွက်တွေ အစုံထည့်ပြီး ဟို ခင်ဗျားပြထားတဲ့အတိုင်း ထမင်းကြော်"





မျက်နှာရှေ့ရောက်လာတဲ့ ဖော့ဘူးတစ်ထပ်ကြီး ထည့်ထားသော အိတ်ကြောင့် ရွယ်ရွယ်က စည်းမျက်နှာကို မော့ကြည့်ကာ…

"ဘာလဲဟင်"

"မင်းစားဖို့"

"ဟင့်အင်း…ရွယ်ရွယ်ကစားပြီး"

"ရည်…ရွယ်…ရာ"

ဆောင့်အော်ပစ်သဖြင့် စည်း အသံက ညှို့ခန်းတစ်ခုလုံးမှာ ပဲ့တင်ထွက်သွားသည်။ ဂိမ်းခလုတ်ကိုချ၍ ဖွဲ့ကာ လှည့်ကြည့်သည်။ ထိုက်ကတော့ အနားမှာရှိတဲ့ ဆိုဖာကျောမှီပေါ် ခပ်နွဲ့နွဲ့တင်ပါးမှေးတင်ရင်း လက်ပိုက်ကြည့်နေပုံက တကယ့်ပွဲကြည့်ပရိသတ် တစ်ယောက်လို။

"ရော့…ယူသွား"

ကမ်းပေးသော အထုပ်ကိုကြည့်ရင်း ရွယ်ရွယ်က နှုတ်ခမ်းကို တင်းနေအောင်စေ့ရင်း

"နေပါစေ"

ဒါပဲပြောကာ သူ့ကိုရှောင်ကွင်းထွက်တော့ ဒေါသမီးက



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းစွာ ဟုန်းခနဲထတောက်သည်။

"မင်း…မစားဘူးပေါ့"

"ဟုတ်"

ကျောခိုင်းလျက်က ခေါင်းတောင်ညိတ်ပြသွားသေး။ စည်းက ခါးထောက်နေရာက ခြေလှမ်းကျဲကြီးတွေနှင့် သူ့မနောက်လိုက်ကာ ဖြတ်ကျော်တက်ရင်း လှေခါးခြေရင်း၌ ထားသော အမှိုက်ပုံးထဲ အထုပ်တွေကို ဝုန်းခနဲလွှင့်ပစ်လိုက်သည်။ ဖြစ်နိုင်လျှင်ရှိသမျှ ဖြစ်တည်သမျှ အရာဝတ္ထုတိုင်း ဆုပ်ကိုင်လွှင့်ပစ်ချင်တဲ့အထိ ဒေါသက ရင်ထဲမှာ ဘီလူးစီး စီးနေပြီ။ ထိုက်က ဖြစ်ပျက်သမျှ အလုံးစုံစောင့်ကြည့်နေပြီးမှ ပခုံးစုံတွန့်ရင်း…

"နှစ်ပါးသွားကလည်း…ကြည့်မကောင်းပါလားဟော၊ ဒေါသတွေနဲ့ ကဗျာလွတ် ကနေသလိုပဲ"

တဲ့။ စည်းက နှုတ်ခမ်းတွေကို မဲ့ပစ်ရင်း စိတ်ထဲက လာသော စကားက လည်ချောင်းဝမှာပဲ ရပ်တန့်ကုန်၏။

"ဟွန်း…ကြည့်ကောင်းအောင် ကပြနေတာမှ မဟုတ်တာ"

◆ ◆ ◆



## အခန်း (၂၀)

"အဟွန်း…နင်နဲ့ငါ နှစ်ယောက်တည်း ပဲခူးထွက်သွားရင် စည်းအပေါ် မတရားရာ ကျမှာပေါ့"

"ဘာဆိုင်လဲဟာ သူမှမရှိတာ"

"ဟဲ့…ဆိုင်တာပေါ့၊ အလယ်လူဆိုတာ အများကြီး သတိထားရတယ်၊ ပိုဆိုးတာက သူငယ်ချင်းဘဝကနေ အရောင်ပြောင်းဖို့ အတူတူတောင်းဆိုထားတဲ့ လူချင်းကို၊ သူ့ထားခဲ့လို့ ဖြစ်မလား"

"နင်က ဘယ်သူ့ရွေးမှာလဲ၊ ဆုံးဖြတ်ပြီးပြီလား"

"ဟာ…ဟ နိမိတ်ပြမေးခွန်းတွေ မလာနဲ့တော့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထားတဲ့ အချစ်ရဲ့ အနည်းအများ ပမာဏပေါ်မူတည်ပြီး ရွေးမှာ”

စပ်ယှက်မှု။ ပတ်သက်မှုတွေထဲက နှလုံးသားရေးရာ အကြောင်းတရားများ။ ရွှယ်ရွှယ်က ခြံထဲလှမ်းမြင်နေရတဲ့ မှန်ပြတင်းပေါက်မှာ ကျောမှီပြီး ကပ်ရပ်သည်။ ကွယ်ရာမဲ့ သစ်ရွက်ကြွေဘဝကို လေနှင်ရာလွင့်ပါးချင်နေသည့်အထဲ တွေနေသည့်စိတ်က ပထမ။

“နှစ်ယောက်စလုံး ချစ်ရေးဆိုထားတာ ကျောင်းတုန်းကတည်းက၊ သူကရွေးတုံးလေ၊ ဒါပေမဲ့ ငါ့အထင်တော့ နှစ်ယောက်စလုံးက ချစ်ကြမဲ့ပုံပါ၊ ဟိုမှာကြည့်ပါလား သံလိုက်စက်ကွင်းထဲ မိနေတဲ့ သံမှုန်သံစတွေလိုပဲ၊ အနားကမခွာ ဖြစ်နေကြတာ”

စရောက်တဲ့ညကပဲ မငုဝါက ရယ်မောစကားဆိုနေသော သူတို့သုံးယောက်ထဲ မေးငေါ့ပြီး ပြောပြခဲ့သည်။ ထိုကတည်းက ရွှယ်ရွှယ်စိတ်ကို ပြင်ဆင်ထားခဲ့တာ မှားသလား။ သူနဲ့ပတ်သ မည့်သူ။ စည်းကိုယ်တိုင် နေရာပေးထားတဲ့သူ့ကို ရွှယ်ရွှယ် လွန်ဆန်ရန် အင်အားမဲ့လျက်။ အခုတလော စည်း ဖြစ်သမျှ ဒေါ





ရဲ့အစက မမထိုက်ကြောင့်များလား။ ရွှယ်ရွှယ်မှာ တွေးရင်းက ဝမ်းနည်းစိတ်က ရင်ဘတ်ထဲ ဆူးချွန်တစ်ခုနဲ့ ထိုးစိုက်ထားသလို။ ရင်ဘတ်ထဲက တဆစ်ဆစ်ထိုးဆောင့်နေတဲ့ ဝေဒနာကို သိသိကြီးနှင့် မောင်းမထွက်နိုင်ခဲ့။ မျက်ဝန်းတွေကို မှိတ်ချတိုင်း စည်းရဲ့ ကြည်လင်သော အပြုံးက သူမအာရုံထဲ ဝင်နှောက်စမြဲ။ ဒီအပြုံး၊ ဒီအရယ်တို့ကို အားကိုးပြီးနေခဲ့သော ရွှယ်ရွှယ်အတွက် အခုတော့ အရာရာက လမိုက်ည။ ရင်ခုန်သံက အရိုင်းဆန်စွာ ခုန်ပေါက်မြူးတူးနေခဲ့ပြီးမှ အခုပျောက်ရှသွားတာက အစပင်ပြန်ရှာလို့ မရသလို။ ရွှယ်ရွှယ်အတွက်တော့ ကံကြမ္မာက နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံစေခဲ့တာပင်။

တကယ်တော့ အချစ်ဟာ သူမနဲ့နီးနီးလေးမှာရှိပြီး သင့်မြတ်ခွင့်မရခဲ့သောကြောင့်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

တစ်ညလုံး မစဲတမ်းရွာထားတဲ့မိုးက မိုးလင်းကာနီး
စဲသွားသည်။ ဒါတောင် မိုးရေစက်တွေ တစ်စက်တစ်ပေါက်ချ
ကျသံကြားရတုန်း။ စည်းက နိုးနေကျမဟုတ်ဘဲ နိုးလာတော့
ခေါင်းတစ်ခုခုံး ပွင့်ထွက်ပေါက်ကွဲတော့မတတ် တဆစ်ဆစ် ထိုး
ကိုက်နေသည်။

"အား"

နားထင်ကို လက်မ လက်ညှိုးဖိညှပ်ပြီး ခေါင်းဘယ
ညာခါပစ်လိုက်သည်။ ဒါလည်း သက်သာမသွား။ ရင်ဘတ်
တစ်ပြင်လုံး မီးစနဲ့ထိုးထားသလို ပူပြင်းလောင်မြိုက်နေတာကြော





စည်း ငုတ်တုတ်ထထိုင်ရတဲ့အဖြစ်။ အခုတလော သူ့မှာ ညစ်စရာအကြောင်းအရာတွေများသည့် တွေးလိုက်တိုင်း ရည်ရွယ်ရာအကြောင်းများသာဖြစ်ပြီး အကြောင်းအရာတိုင်းသည် သူ့အတွက် စိတ်ပျော်စရာ မရှိတဲ့အခါ စောင်ကိုကန်ထုတ်ပြီး စည်း ခုတင်ပေါ်မှ ခြေတွဲလောင်းချသည်။ ဒီအိမ်မှာ ဘာတွေဖြစ်လို့ ဖြစ်နေမှန်း မသိ၍ ဘီယာလက်ခံနေကျ အူရိုင်းထဲ ညက ဝီစကီခပ်များများ စီးဆင်းစေလိုက်၍လားမသိ။ ဒီမနက် ဝီစကီရဲ့ဒဏ်ကြောင့် လူက ခေါင်းမထူချင်။ ဒါပေမဲ့ လည်ချောင်းတွေ အာခေါင်တွေရဲ့ ပူလောင်မှုကို မခံနိုင်၍သာ ထလိုက်ရတာမျိုး။ စည်းက အခန်းထောင့်ရှိ ရေခဲသေတ္တာအပုလေးထဲက ရေပုလင်းကို ဆွဲထုတ်သည်။ ပုလင်းအဖုံးကိုဖွင့်ပြီး မော့သောက်ရင်း ဝရန်တာဆီ ထွက်ခဲ့သည်။ဝရန်တာရောက်သည်နှင့် တစ်ညလုံး သည်းမဲတကြီးရွာထားသောမိုးကြောင့် ကျောက်ပြားတွေရဲ့ အေးစိမ့်မှုက ခြေဖဝါးကတစ်ဆင့် ခန္ဓာကိုယ်ဆီ တိုးဝှေ့သွားသလို။ ရေခဲရေအရှိန်ကြောင့်လား။ မိုးရာသီရဲ့ စိုယိုင်းဆများသော လေကြောင့်လားမသိ။ ရင်ပူတာတွေ ခေါင်းကိုက်တာတွေတောင် သက်သာသွားသလို။



www.burmeseclassic.com

www.burmeseclassic.com



စည်းက တခါမှ မတွေ့ဖူးသော နံနက်ခင်းဝေလီဝေလင်းကို ရင်ဖွင့်ကြိုဆိုရင်း ဝရန်တာဆီမှာ လက်ဖနှောင့်ထောင့်ပြီး ငေးမိငေးရာ လိုက်ကြည့်မိချိန်မှာ

"ဟင်"

စည်းမျက်လုံးတွေ ပြူးသွားသည်။ ခေါင်းကိုက်တာတွေလည်း အပရိက။ အခုချိန်မှာ စည်းခံစားရတာက သူ့ရှေ့၌ တွေ့နေသောမြင်ကွင်း။ ရည်ရွှယ်ရာ ဟုတ်သည်။ မီးခိုးရောင်တီရှပ်က ထုံးစံအတိုင်း လည်ပင်းပြဲပြဲနှင့် ဒူးဖုံးရုံ ဂျင်းဘောင်းဘီအနက်ရောင်နှင့် ဆံပင်တွေကို နဖူးထိပ်တွင် အနက်ရောင်ပဲပြားတပ်ထားသည်။ ရေပိုက်တစ်ချောင်းနှင့် ပေါ်တီကိုအောက်၌ တန်းစီရပ်ထားသည့် ကားနှစ်စီးအား ရေဆေးနေသည်။ ရေဆေးတာမှ ကားကိုယ်ထည်တင်မက။ ကားဘီးတွေပါ ရေပိုက်နဲ့ ထိုးဖျန်းပြီးဆေးသည်။ ထို့နောက် ဆပ်ပြာရည်တွေနှင့် ကားဘောနက်ပေါ်ပက်ကာ ရေမြှုပ်တုံးကြီးနှင့် ပွတ်တိုက်တာကြောင့် ခါးနားတစ်ဝိုက် ရင်ဘတ်တစ်ဝိုက်၌ ရေတွေက ရွှဲရွှဲစို။

"ကျစ်...ဘာတွေလုပ်နေတာလဲ"





ဝရန်တာက စည်း ချာခနဲလှည့်ထွက်သည်။ ခြေလှမ်းတွေက အောက်ထပ်ပေါ်တီကိုဆီ ဒုန်းစိုင်းလျက်။ မျက်ဝန်းထဲ ပျောက်မရအောင် စွဲထင်နေတာက ရေတွေစိုရွှဲနေသော ရည်ရွှယ်ရာ။

"ဒီလောက် ချမ်းချမ်းစီးစီးကြီးမှာကွာ၊ ရည်ရွှယ်ရာက ပုံမှန်မဟုတ်ဘူး၊ ပုံမှန်ကို မဟုတ်တော့ဘူး"

တတွတ်တွတ်ရေရွတ်ရင်း သူ့အောက်ထပ်ဆီ ရောက်လာသည်။ စည်း တံခါးဝရောက်တော့ ရည်ရွှယ်ရာက ကားဘီးတွေကို အဝတ်စုတ်တစ်ခုနဲ့ ထိုင်သုတ်နေတာ ကျကျနန။ စည်းက ဒေါသဖြစ်ဖြစ်နှင့် ခြေလှမ်းတွေ အဲဒီအနား ဘယ်လိုရောက်သွားမှန်းမသိတော့။

"ရည်ရွှယ်ရာ"

ခေါ်လည်းခေါ်ရင်း လက်မောင်းရင်းက ဆွဲထူလိုက်မှ သူမက အလန့်တကြား ငဲ့ကြည့်ရင်း

"စည်း"

"ဒါ...ဘာလုပ်နေတာလဲ"

"ဟို...ကားညစ်ပတ်နေလို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုဘယ်သူနိုင်းလဲ"

စည်းက ဒေါသဖြစ်လျက်က ဆောင့်အော်သည်။ ရွှယ်ရွှယ်က ညဝတ်အင်္ကျီကြီးနဲ့ နူးညံ့ခြင်းတွေ ပျောက်ဆုံးကာ မျက်နှာတစ်ပြင်လုံး နီရဲတင်းမာနေသော စည်းကို မျက်လွှာပင့်ကြည့်ပြီးမှ ချက်ချင်းမျက်နှာလွှဲပစ်ကာ…

"ကားညစ်ပတ်လို့၊ အမြင်မတော်လို့ ဆေးတာပဲ"

"မလိုဘူး ထားခဲ့"

ရွှယ်ရွှယ့်လက်ထဲက ဖော့တုံးတွေ အဝတ်စတွေကို ဆွဲယူကာ ရေပုံးထဲပစ်ချသည်။ ရေဖွင့်လျက်သား ရေပိုက်အား ခြေဦးနှင့်လွှဲခတ်ပစ်တော့ အပြစ်မဲ့ ရေပိုက်ကလေးမှာ စည်း ကန်ချက်ကြောင့် ခွေခွေခေါက်ခေါက်။

"လာခဲ့…ဒါတွေ မင်းလုပ်စရာ မလိုဘူး၊ ကားရေဆေး ဆီထိုးဆိုင်ရှေ့ သွားလိုက်ရင် အားလုံးပြီးတယ်"

"ဟင့်အင်း…မလာဘူး"

ရွှယ်ရွှယ်က သူတွဲထားသောလက်ကို အတင်းဆောင့်ရုန်းသည်။ ထို့နောက် ဂျစ်ကန်ကန် ထုံပေပေနှင့် ရောက်သည့်





နေရာမှ တစ်လက်မတောင် မရွှေ့ဘဲ ရပ်နေကာ…

"ရွှယ်ရွှယ် လုပ်စရာရှိသေးတယ်"

"မင်း…ဘာဖြစ်နေတာလဲ ရည်ရွှယ်ရာ"

"ဘာပဲဖြစ်ဖြစ်…စည်းနဲ့မဆိုင်ဘူး၊ ဖယ် ရွှယ်ရွှယ် ပန်းပင်တွေ ရေသွားလောင်းရဦးမယ်"

"မင်း"

နောက်မှ လက်မောင်းကို ဆောင့်ဆွဲပြီး ဆွဲလှည့်တာကြောင့် လက်မောင်းက နာလည်းနာ၊ အရှိန်ကြောင့် စည်းရင်ဘတ်နှင့် သူမနဖူးက ဒုတ်ခနဲ တိုက်မိတော့သည်။

"အ…နာသွားပြီ၊ ဖယ်ပါ လွှတ် လူကို"

"မလွှတ်ဘူး လာခဲ့"

"စည်း"

ခေါ်သံက နှစ်ယောက်စလုံးရဲ့ ရုန်းရင်းဆန်ခတ်ခြင်းကို ရုတ်ခြည်းငြိမ်သက်သွားစေသည်။ စည်းက ခေါင်းငုံ့ကြည့်တော့ ခြံဘေးပတ်လည်မှ ရှုရှုလေး ပြေးဝင်လာသော ထိုက်။ အနီရဲရဲ စပို့ရှပ်၊ အနီရောင်မှာဘောင်းလိုင်းစင်း အဖြူရောင်ပါတဲ့ အားကစား



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီရှည်နှင့် ထိုက်က သူတို့အနားရောက်မှ ပြေးတာကို ရပ်ပစ်သည်။ ထို့နောက် ခပ်ဖြည်းဖြည်း လျှောက်လာရင်း ရွှယ်ရွှယ်ကို စေ့စေ့ကြည့်ကာ…

"ဗာဒံပင်အောက်က အမှိုက်တွေသိမ်းဖို့ ရှိတယ် ရည်ရွှယ်ရာ"

"ဟုတ်…ရွှယ်ရွှယ် သွားလိုက်ပါ့မယ်၊ မမထိုက်"

ရွှယ်ရွှယ်က စည်းလက်ထဲမှ ရုန်းထွက်ရန်ပြင်ပေမဲ့

"နေဦး"

စည်းက မလွှတ်တမ်းဆွဲထားရင်း…

"ဒါတွေ…သူ့ကို နှင်ခိုင်းထားတာလား ထိုက်"

ထိုက်က ဆတ်ခနဲ ခေါင်းညိတ်ပြသည်။ မနက်ဓေ စော လေ့ကျင့်ခန်းယူထား၍ ချွေးတစိုစိုမျက်နှာအား မွေး တဘက်နှင့် နေရာအနှံ့ ဖွဖွထိတို့ သုတ်ရင်းက…

"ဒီမှာလုပ်ရတာ သူ့အတွက် အများကြီး သက်သ ပါတယ် စည်းရဲ့၊ မနက်ပိုင်း အချိန်လေးပဲ အလုပ်ရှိတာလေ"

"မလိုဘူး…သူ့ကို ငါ့ခွင့်ပြုချက်မရဘဲ ဘာအလုပ်





ခိုင်းစရာမလိုဘူး"

"ဒါ…ဘာစကားလဲ စည်း"

ထိုက် မျက်နှာက မီးပွားတစ်စ လွင့်ထွက်လာသည်နှင့် ဘူကာ…

"နင်…ဘာဖြစ်နေတာလဲ၊ ဘာလို့ သဘာဝမကျတာ တွေ တစ်ခုပြီးတစ်ခု လုပ်နေရတာလဲ၊ အိမ်ဖော်ကို အိမ်အလုပ်ခိုင်း တာ"

"သူက အိမ်ဖော်မဟုတ်ဘူး"

စည်းအသံက အော်ပြောလိုက်တာ မဟုတ်ဘဲ ဒေါသ ကြောင့် ဟိန်းထွက်သွားသည်။ ရန်လိုခြင်း၊ မုန်းတီးခြင်းတွေ မပါဘဲ စည်းက ထိုက်ကို အေးတိအေးစက်ကြည့်ကာ…

"နောက်ကို ငါ့သဘောမပါဘဲ ငါ့ခွင့်ပြုချက်မရဘဲ သူ့ကို ဘာမှမခိုင်းပါနဲ့၊ ဒါ ငါ မေတ္တာရပ်ခံတာ"

ပြောပြီးတာနှင့် ရွှယ်ရွှယ်လက်ကိုဆွဲ၍ အိမ်ပေါ်တက်ရန် ခြေလှမ်းပြင်သည်။ သို့ပေမဲ့ တွဲထားသော လက်နှစ်ဖက်ပေါ် ထိုက်က အုပ်မိုးဆုပ်ကိုင် ဆွဲထားရင်း



www.burmeseclassic.com

www.burmeseclassic.com



"နေဦး…စည်း ရည်ရွယ်ရာရဲ့ အနေအထားက ဒီအိမ်မှာ ဘာလဲ၊ သူနဲ့ပတ်သက်ပြီး နင်ငါ့ကို ဒီလိုပြောစရာလား သူ့အဆင့်အတန်း ငါ့အဆင့်အတန်းက"

"ကျစ်"

စည်းက မတည်မပြုံးနှင့် မျက်နှာလွှဲပြီးမှ ပြန်လှည့် လာသောအခါ မျက်ဝန်းတွေထဲ၌ ထိမထင်ရိပ်တွေ လျောင်ရှိ တွေက စွန်းထင်းနေလျက်။

"အဆင့်အတန်းဆိုတာ ငါသတ်မှတ်တာတော့ စိ ခေတ်မွန်မြတ်မှုနဲ့ပဲဆိုင်တယ် ထိုက်၊ ငါက အထက်စီးကဆို မြင်သမျှလူတိုင်း တန်ဖိုးခွဲချနေတာ၊ အဲဒါ မြင့်မားတဲ့အ အတန်းလို့ ငါမထင်ဘူး၊ ကိုယ်နဲ့အဆင့်မတူတူအောင် တ လိုက်ညှိနေတာလို့ ယူဆတယ်"

"စည်း"

ထက်ရှသော အော်သံနှင့် မီးလျှံတွေအလား ပြိုးပြ သော မျက်ဝန်းတွေက ထိုက်ရင်ထဲက ဒေါသဒီဂရီကို ဖော်ပြ သယောင်။





"နင်ပြောချပစ်လိုက်တာ ငါ့အနေအထားက ဘာဖြစ် သွားမှန်း မသိတော့ဘူး၊ ဒီမှာ စည်း ချောကလက်နဲ့ထန်းလျက် တန်ဖိုးကို ကလေးကအစ သိတယ်၊ နင် မသိတော့တာလား၊ နင့် ဦးနှောက်ပါဝါတွေ လျှော့ကုန်တာလား၊ ငါ မတွေးတတ်တော့ဘူး၊ ဒါပေမဲ့ သူလုပ်သမျှ ငါသိတာကိုတော့ ပြောခဲ့မှဖြစ်မယ်"

ထိုက်က စည်းပခုံးနောက်ကွယ်၌ ရပ်နေသော ရွှယ်ရွှယ် ကိုစိုက်ကြည့်သည်။ မျက်ဝန်းတွေထဲ မီးပွားတွေ လွင့်စင်အောင် ရဲရဲတောက်တက်နေသလို ပြုံးနေသည့် နှုတ်ခမ်းပါးတွေက ရွှယ်ရွှယ် အတွက် သံမှုန်သံစတွေ လွင့်တက်လာခဲ့သည်။

"အဟွန်း…ငါက ကိုယ့်ဘဝရပ်တည်မှုအတွက် ဘယ်ယောက်ျားကိုမှ ဒူးထောက်မြှူဆွယ်ပြီး ပိုင်းလုံးလုပ်စရာ မလိုဘူးဆိုတာပဲ"

"မမထိုက်…ရွှယ်ရွှယ်က အဲဒီလိုမဟုတ်"

"တော်စမ်း…နင်ဖြစ်စေချင်တာ ဒါမျိုးမဟုတ်လား၊ နင် ငါနဲ့စည်းရဲ့ ပဋိပက္ခကို မြင်ချင်တာ မဟုတ်လား၊ မြင်ခွင့်ရလို့ နင်ကျေနပ်ပေမဲ့ နင် ဖြစ်စေချင်တဲ့ အခြေအနေအတွက် ငါ မကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်ဘူး၊ အဲဒီအတွက် လျော့ကြေး"

ထိုက် လက်တစ်ဖက် ရိပ်ခနဲပြောက်တက်လာတာ တွေ့လိုက်ရ၍ ရွှယ်ရွှယ်က ကြောက်လန့်တကြား မျက်ဝန်းစုံ မှိတ်ချလိုက်သည်။ ဘယ်အချိန် ဖောင်းခနဲမြည်သံကြားရမလဲ။ ပါးပြင်တစ်ဖက် ပူထူသွားမလဲတွေးရင်း ကြောက်လန့်တကြား နားစွင့်နေပေမဲ့

"ညည်းသည်က...အိမ်ရှင်ကို စော်ကားခွင့်မရှိဘူး ထိုက်"

"ဘာ"

ရွှယ်ရွှယ် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်သည်။ မမထိုက်ရဲ့ လက်က လေထဲမှာ တန်းလန်းကြီး။ စည်းက လက်ကောက်ဝတ် ကို ဖမ်းဆုပ်ကိုင်ထားရင်းမှ လွှတ်ချပေးရင်း ရွှယ်ရွှယ်ကိုဆွဲ ခေါ်သည်။ ဒီတစ်ကြိမ်တော့ ရွှယ်ရွှယ်က မငြင်းသေးမိ။ ရင်ထဲ လှုံခြုံနွေးထွေးသွားတာက စည်း အကာအကွယ်ပေးခြင်းကြောင့် ဟုဆိုလျှင်။

"ဘယ်သူ...အိမ်ရှင်ဖြစ်မလဲဆိုတာ နင်စောင့်ကြည့် လိုက်ပါ စည်း၊ နင် သေချာမသိသေးတာပဲ ငါအံ့ဩတယ်"





ထိုအခိုက် အိပ်မှုံစုံမွှားနှင့် ထလာပုံရသော ဖွဲ့က သူမတို့ သုံးယောက်ကို ငေးကြည့်ရင်း...

"ဘာတွေဖြစ်နေကြတာလဲ၊ ဒါက မနက်စောစောစီး စီးကို"

"ငါ့အိမ် ငါပြန်နေမယ် ဖွဲ့"

ထိုက်က နောက်ပါးမှ ကျော်တက်ရင်းပြောသည်။ ဖွဲ့က ထိုက်လျှောက်သွားရာကို ခေါင်းပါလည်အောင် လိုက်ကြည့် ရင်းက...

"ထိုက်...နင့်အိမ်မှာ နိုင်ငံခြားသားတွေ"

"ဒါဆိုလည်း...ငါ့ကို ကွန်ဒိုတစ်ခန်းရအောင် ငှားပေး၊ ဒီမနက်ပိုင်းအတွင်းနော်၊ ဒီအိမ်မှာ ငါ တစ်မိနစ် တစ်စက္ကန့်တောင် ထပ်မနေချင်တော့ဘူး"

"ဟာ...ဘာတွေလဲ၊ ဘာတွေလဲကွာ စည်း နည်း နည်းပါးပါး တားဦးလေ စည်း"

ဖွဲ့က ထိုက်နောက်ပဲ လိုက်သွားရမလိုနှင့် တကယ်တမ်း ကျတော့ စည်းနောက်၌ ပါလာသည်။ စည်းက သူမအခန်း



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဖွင့်ပေးကာ အခန်းထဲ ရွှယ်ရွှယ်ကို ဝင်စေရင်း…

"နားလိုက်ဦး…နွေးနွေးထွေးထွေးနော်"

မှာကြားချက်တွေ ဆုံးသွားမှ ကိုယ်တိုင်အခန်းတံခါး ဆွဲပိတ်ပေးသည်။ ထို့နောက် ဒီဘက်ပြန်လှည့်တော့ နားမလည် ခြင်းတွေကြားမှာ ရတက်မအေးနိုင် ဖြစ်နေသည့် ဖွဲ့နှင့် မျက်နှာ ချင်းဆိုင်။

"စည်း… မင်းနဲ့ထိုက်"

"ထိုက်ကို ငါ ညွှဝတ်မကျေနိုင်တာ ခွင့်လွှတ်လို့ ပြောလိုက်"

"စည်း…ဟာ ဟော့ကောင် မင်းတို့က ဘာတွေလဲ ဘာလဲကွ"

အော်ရင်း ဟစ်ရင်း ဖွဲ့တစ်ယောက်တည်း ကျန်ခဲ့ရ အဖြစ်။ ကျောခိုင်းရန် တစ်ယောက်က အဆင်သင့် ဖြစ်ချိန်မှ ကျန်တစ်ယောက်က လက်ပြနှုတ်ဆက်ပြီးသား ပုံစံတွေ ဒီနှစ်ယောက် ဘာဖြစ်တာလဲ။

◆ ◆ ◆



## အခန်း (၂၂)

"ဟပ်…ဟပ် ချိုး ဟပ် ချိုး"

"ရော့…ဒီမှာ ဆေးနဲ့ကော်ဖီ"

မျက်စိရှေ့ရောက်လာတဲ့ ကော်ဖီခွက်ကို ကြည့်ပြီးမှ ရွှယ်ရွှယ်က သူ့ထံဖျတ်ခနဲ မော့ကြည့်သည်။ နှာချေထားတဲ့ အရှိန် ကြောင့် နှာသီးဖျားတွေ နီရဲနေပြီး မျက်ကြောတွေ စင်းစင်းလေး ဖြစ်နေတဲ့ သူမအား စည်းက ငုံ့မိုးကြည့်ရင်း…

"ဆေး ဦးအောင်သောက်၊ ဒီရက် မိုးကဆက်တိုက် ရွာတော့ တုပ်ကွေးတွေ ဘာတွေဖြစ်နေဦးမယ်၊ ဒီနေ့တော့ အိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ နားနေခဲ့ ငါက ဆိုင်သွားရဦးမှာ''

စည်းကပြောရင်း ဧွယ်တာအကျီအား တံတောင်ဆစ်နားအထိ ဆွဲတင်သည်။ လက်ကောက်ဝတ်၌ စွပ်ထားသောခေါင်းစည်းကြိုးအား ဖြုတ်ပြီး ဆံပင်ရှည်တွေကို ဆွဲသိမ်း၍အပြောင်စည်းသည်။ အေပရွန်ကိုဝတ်ပြီး ခါးကြိုးတွေ ဆွဲချည်နေပုံက ဘာပြဿနာမှ ဖြစ်မလာသည့်အတိုင်း။

''စည်း''

မြင်နေရသော ကျောပြင်ကိုကြည့်ရင်း ရွှယ်ရွှယ်က မရဲတရဲခေါ်သည်။ စည်းက နောက်လှည့်မကြည့်ပဲ ဖရီဇာဆီလျှောက်သွားကာ ဟင်းချက်ရန် အသားတွေထုတ်ရင်း

''ပြော''

''ဘာလုပ်မလို့လဲဟင်''

''ဟင်းချက်မှာပေါ့၊ မင်းအတွက် ကြက်စွပ်ပြုတ်လေးလုပ်ပေးခဲ့မယ်၊ အအေးမိတဲ့သူတွေက ကြက်စွပ်သောက်ပေးရတယ်ကွ''

''စည်း''





''ပြောလေ''

''ဟို…မမထိုက်ကို လိုက်မခေါ်တော့ဘူးလား''

ဒီတစ်ခါတော့ စည်းက သူမဘက်လှည့်လာသည်။ ကြက်ရင်အုံခြမ်းကို ဇလုံထဲထည့်ရင်းက…

''လိုက်ခေါ်ရအောင် သူ့ကို ငါနှင်ထုတ်တာမှ မဟုတ်တာ၊ ပြီးတော့ သူက မာနမင်းသမီး၊ နေပါစေ ဒီအတိုင်းလေးပိုကောင်းသလားလို့''

''ဒါပေမဲ့ စည်းက သူ့ကို ချစ်ခဲ့တာကိုး''

ရွှယ်ရွှယ်ဟာ ငြိမ်ပြီး ထိုင်မနေနိုင်။ စည်းဝင်သွားသောမီးဖိုချောင်ထဲအထိ တောက်လျှောက်လိုက်ဝင်ရင်း စည်းမျက်နှာကို မော့ကာငေးကာနှင့် မေးခွန်းထုတ်ရင်း အကဲခတ်၏။ စည်းကတော့ ရယ်မြူးရိပ်သန်းသော မျက်ဝန်းတွေနဲ့ ရွှယ်ရွှယ်ကိုငုံကြည့်ရင်း

''ပြောခဲ့မိလို့လား''

''စည်းနဲ့ဖွဲ့ အတူတူ ဟို''

အချစ်အကြောင်းတွေ ပါလာတော့ နှုတ်မရဲသလိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးရိုးကို လက်မဖြင့် ကုတ်ခြစ်ရင်း စကားလုံးရှာဖွေနေဟန်တူသည်။ ဒါကို စည်းက မျက်ဝန်းထောင့်မှ တွေ့နေရသဖြင့် အသံထွက်အောင် တမင်ရယ်ရင်း

"ပရိုပို့(စ်)လုပ်ထားတာကို ပြောတာလား"

"အင်း"

နှုတ်ခမ်းလေးဖိပိတ်ကာ ဝမ်းသာအားရ ခေါင်းညိတ်သည်။ ပြီးမှ စည်းကို မျက်လွှာပင့် အကဲခတ်ရင်း…

"အခု…ရှယ်ရှယ်ကြောင့် စည်းတို့ မပြေမလည်"

"ဖြစ်ခဲ့သမျှ မင်း ဖန်တီးခဲ့တာလား"

ချက်ပြုတ်စရာတွေ ဒီအတိုင်းချပြီး စည်းက လှည့်မေးတော့မှ…

"ဟင့်အင်း…မဟုတ်ပါဘူး ရှယ်ရှယ်က"

"အဲဒါဆို ပြီးတာပဲ၊ ခေါင်းထဲက ထုတ်လိုက်၊ ဒါပေမဲ့ မင်းမှတ်ထားဖို့ တစ်ခုရှိတယ်"

"ဘာလဲဟင်"

"ဒီအိမ်မှာ မင်း ဘယ်သူ့အားကိုးနဲ့ နေတာလဲ"





"စည်းကြောင့်လေ"

မဆိုင်းမတွ ဖြေပုံက ချက်ချင်း။ စည်းက ဘေးစင်မှာ ကိုယ်တစ်ခြမ်းစောင်းမှီရင်း သူမကို တည့်တည့်ကြည့်ကာ…

"ကောင်းပြီ၊ ဒါဆို ဒီနေ့ကစပြီး ငါ့စကားကလွဲပြီး တခြားလူတွေ ဘာပဲပြောပြော မင်း နားမထောင်ရဘူး၊ ခေါင်းမညိတ်ရဘူး အဲဒါကို နားလည်လား"

"ဟုတ်"

ပါးပြင်နှစ်ဖက်ပေါ် ဆံပင်တွေ အိခနဲအုပ်ကျလာတဲ့အထိ ခေါင်းညိတ်ပြပြီးမှ…

"ဟပ်…ဟပ် ဟပ်ချိုး"

ထပ်ပြီး နှာချေလာတာကြောင့် စည်းက လက်မအားသည့်ကြားမှ တံတောင်ဖြင့် သူမကို လှမ်းတွတ်ရင်း

"သွား…ဆေးသွားသောက်တော့ သွား"

တွန်းလွှတ်ရသည်။ ဒါတောင် ကော်ဖီခွက်ကို လက်နှစ်ဖက်နှင့်ကိုင်ထားလျက် သူ့ဘေးနား ပြန်ရောက်လာကာ သူ့မျက်နှာအား ဘေးစောင်းလိုက်ငုံ့ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"စည်းကလေ…ကိုကိုနဲ့ သိပ်တူတာပဲ သိလားတဲ့"

သူက…

"မတူချင်ပါဘူး"

ပြောတော့ သူမက မျက်ခုံးလေးပင့်ကာ တအံ့တဩ ရှုပ်ကလေးနှင့်…

"ဟင်…ဘာဖြစ်လို့လဲ၊ ကိုကိုက ကြင်နာတတ်သလို စည်းကလည်း အတူတူလေ၊ အဲဒါကို တူတယ်ပြောတာ"

ဘာညာနဲ့ တူနှစ်လုံးကြားထဲ သူမက ရှုပ်ထွေးလျက်။ စည်းက အဲ့ဒီရှုပ်ထွေးခြင်းကြားထဲမှ သူမကိုငေးမောရင်း ငေးမိ တိုင်း အခုန်မြန်သောရင်ကို ထိန်းရင်းမှ။

သူ၏ မချစ်တတ်ခဲ့သော နှလုံးသားသည် သူမကြောင့် ယခုအခါ၌။

◆ ◆ ◆



## အခန်း (၂၃)

"အဲဒီနေ့က မင်း နည်းနည်းလွန်တယ်လို့ ငါတော့ ထင်တယ် စည်း"

"ငါ…နည်းနည်းလွန်ရင် များများလွန်တာ ထိုက်ပေါ့"

"မဟုတ်သေးဘူးလေ စည်းရာ၊ ငါပြောတာက ထိုက်နဲ့ ငါတို့ဆိုတာ ရင်ခုန်သံတွေအကြောင်း ဆားဖယ်ထားဦးတော့ ရင်းနှီး ခဲ့ကြတဲ့ သက်တမ်းက နှစ်ချီနေပြီပဲ ဥစ္စာ"

"ဒီတော့"

စည်းက မျက်ခုံးပင့်ပြီးမေးသည်။ စည်း အဲဒီလိုမေး



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ဖွဲ့က လည်ပင်းကိုပွတ်လိုက် လက်ဖဝါးချင်း ပွတ်လိုက်နှင့် အတော်ကြီး ဂဏာမငြိမ် ဖြစ်နေရာက ရုံးခန်း အပြင်ဘက်ရှိ ကောင်တာတွင် လပ်(ပ်)တော့(ပ်)ဝယ်သူအား ရယ်ကာမောကာ ရှင်းပြနေသည့် ရွှယ်ရွှယ်ထံ တစ်ချက်လှမ်း ကြည့်ရင်း

"အခုက…နှစ်ချီခင်လာတဲ့ သံယောဇဉ်ကို မင်းက လပိုင်းလောက်ရှိတဲ့ သံယောဇဉ်နဲ့ လဲတာဆိုတော့"

"ဟေ့ကောင်…စကားကို ရှင်းရှင်းပြော၊ ထိုက်နဲ့ ရည်ရွှယ်ရာကို ငါလဲတယ်၊ ဒါ ငါလွန်တယ်၊ မင်းပြောချင်တဲ့ လိုရင်းက ဒါပဲ မဟုတ်လား"

"အေး…ဟုတ်တယ်၊ ထိုက်ကြည့်ရတာလည်း တော်တော်ခံစားရပုံပဲ"

"ဖွဲ့"

"ဟင်"

လက်နှစ်ဖက်ယှက်ဆုပ်ပြီး မေးတင်ကာ ငေးနေတဲ့ ဖွဲ့က သူ့ခေါ်တော့ ထူးတော့ထူးသည်။ ဒါပေမဲ့ စိတ်မပါလက်မပါ။





"ငါ…ဒီလိုလုပ်လို့ မင်းအတွက် ပြိုင်ဘက်တစ်ယောက် လျော့တယ် သဘောထားပေါ့"

"ဒါပေမဲ့ သူငယ်ချင်း သံယောဇဉ်ဘက်က ကြည့်တော့"

"ကျစ်…မင်းရဲ့အတွယ်အတာ စကားတွေကို သေးချိတ်ထား ဖွဲ့၊ ငါ ထိုက်ကို မမုန်းဘူး၊ အခင်အမင်မပျက် ဆက်ဆံ လို့ရတယ်၊ ဒါပေမဲ့ လူလူချင်း ဖေးမမှုမရှိတဲ့ စိတ်ဓာတ်ကြီးကိုတော့ ငါမကြိုက်ဘူး"

"မင်းကရော…အဖေးမ လွန်နေတယ်လို့ မထင်ဘူးလား စည်း"

စည်း ဖျတ်ခနဲငြိမ်ကျသွားသည်။ တကူးတက ရှာစရာ မလိုဘဲ ရည်ရွှယ်ရာက သူ့မျက်ဝန်းရှေ့ ရောက်လာ၏။ သူမ ပြောသမျှ သဘောကျကာ လက်(ပ်)တော့(ပ်) ဝယ်သွားသူကို ခေါင်းလေးငုံ့ ခါးလေးညွတ်ပြီး ဘာတွေပြောနေမှန်းမသိ။ ဘပ်စတမ်မာအား တံခါးနားအထိ လိုက်ပို့ပြီးမှ ကောင်တာနား ပြန်လျှောက်လာရင်း သူ့ရုံးခန်းထဲ လှမ်းကြည့်ပြီး လက်မတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေထောင်ပြနေသေးသည်။ ရုံးခန်းနဲ့ရှိုးရွမ်းက မှန်အကြည်
သာ ခြားထားတာမို့ အတွင်းအပြင် လှုပ်ရှားမှုတိုင်းက ပကာ
တွေ့ရသည်သာ။

"စည်း…ဟာ ဟိတ်ကောင် စည်း"

ခေါ်ရုံမက ပခုံးပါလှမ်းပုတ်၍ စည်းက သတိဝင်သွ
ချိန်မှာ သူ့ဖုန်းက ဆူညံဗျာမြည်သံပေးနေတာကို ဖွဲ့က ဦးအော
ကိုင်ရင်း…

"ခေါ်မကြား အော်မကြားနဲ့… ဟဲလို"

သူ့ကိုလည်းဝေဖန် ဖုန်းထူးခြင်းအလုပ်အား တစ်
တည်း တစ်ပြိုင်တည်းလုပ်ဆောင်၏။ စည်းကတော့ အ
တကြိုးဖုန်းဆို သူ့အားပြန်ပေးမည်သိ၍ အလုပ်ကိစ္စနှင့် ဝင်
သော အီးမေး(လ်)ကို တစ်ချက်ပြန်စစ်သည်။

"ဟာ…အန်တီဖြူ"

မေမေ့နာမည်ကြား၍ ကွန်ပျူတာစကရင်(မ်)ပေါ်မှ
အာရုံက ဖွဲ့ထံရောက်သွားသည်။ ဖွဲ့နဲ့မေမေ စကားလက်ဆုံ
မဖြစ်။ မတော် ရည်ရွယ်ရာကိစ္စတွေပေါ်သွားမှ ရှင်းမရ





ရှုပ်ကုန်လျှင်။

"ရှိတယ်…အန်တီဖြူ၊ ဟုတ် နေကောင်းတယ်မဟုတ်လား၊ အား မေမေ ရန်ကုန်မလာတာ ကြာပြီ၊ ဟုတ် ဟုတ်ကဲ့"

အဆမတန် ရှိသေပြနေသော ဖွဲ့လက်ထဲမှ ဖုန်းကို သူဆွဲလုရင်း…

"မေမေ…ပြော"

"သား…နေကောင်းတယ် မဟုတ်လား"

"ဟုတ်…နေကောင်းတယ် မေမေ၊ မေမေ ဘာကိစ္စလဲ၊ အထွေအထူး ရှိလို့လား"

မေမေက အန်တီမာလာ့လိုမဟုတ်။ သားကို လှမ်းတိုင်းဖုန်းဆက်ပြီး အမှာတော်ပါးကာ အလွမ်းဖြေတတ်သူ မဟုတ်၍ သူက မေးရသည်။

"ကိစ္စတော့ အထူးတကာ့ အထူးပဲ သားရဲ့၊ မင်္ဂလာပွဲကိစ္စ"

"ဗျာ…ဘယ်လိုမေမေ"

"ဟဲ့…မေ့သွားတာလား၊ မေ့ချင်ဟန်ဆောင်တာလား၊



www.burmeseclassic.com

www.burmeseclassic.com



မင်း မေ့လို့မဖြစ်ဘူးနော် စည်း၊ ဒါ မင်းအဖေ စီစဉ်ထားတဲ့ကိစ္စ"

စည်းက စိတ်အိုက်စွာ ဆံလည်ခံပေါ် ပစ်ထိုင်ချရင်း ခေါင်းကိုမော့မှီထားကာ

"မမေ့ပါဘူး"

"အေး…မမေ့ရင်ပြီးရော၊ အခု မင်းအဖေနဲ့မေမေ အဲဒီ မိန်းကလေးရဲ့ အုပ်ထိန်းသူတွေနဲ့ သွားတွေ့မလို့၊ ဒါပေမဲ့ သူမှ မိဘမောင်ဘွားတွေ မရှိရှာတော့ဘူး သားရဲ့၊ သူ့အမွေထိန်း ရှေ့နေ ကြီးနဲ့ တွေ့ရမှာ၊ မင်း အဖေကတော့ မင်္ဂလာကိစ္စ တစ်ခါတည်း ပြောခဲ့မှာတဲ့"

"အာ…မေမေ၊ အဲဒီလို ချက်ချင်းကြီး"

"စည်းလုံး"

ရုတ်တရက် အသံက ပြောင်းသွားသဖြင့် သူပါထူး ကို ပြောင်းရသည်။

"ဗျာ…မေမေ"

"အကျိုးအကြောင်းတွေ မင်းကို အားလုံးပြောပြထား ပြီးသားနော်"





"ဟုတ်"

သိပြီးသားဖြစ်၍ ခေါင်းညိတ်တာရော ဖေဖေ့ကို ချစ် ကြောက်ရိုသေ၍ ခေါင်းညိတ်တာရောနှင့် သူက ဟုတ်ကဲ့လိုက် သည်။ ဖေဖေ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်က နယ် စပ်ဒေသတစ်ခု၌ ခရီးသွားစဉ် ကားကို ဓားပြတိုက်လုယက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဓိက သောင်းကျန်းသူတွေ ပစ်မှတ်က ထိုကား ပေါ်၌ ပါလာသော ရိုးရိုးခရီးသွားဟန်ဆောင်သည့် သူဌေးကြီးအား ပြန်ပေးဆွဲ ငွေညှစ်ရန်အတွက်သာ။ ဒါကို ဖေဖေတို့ တပ်မတော် သားတွေက သက်စွန့်ဆံဖျား ကယ်တင်ခဲ့၍ ထိုသူဌေးကြီးက အထူးတလည် ကျေးဇူးတွေတင်ကာ ဖေဖေ့ကို အသက်သခင် သဖွယ် သဘောထားခဲ့သည်။

"ကျုပ်က စစ်သားတွေဆို အစောကြီးကတည်းက လေးစားပြီးသားဗျ၊ အိုးပစ် အိမ်ပစ်၊ သားပစ် မယားပစ်နဲ့ ဒီလို တောကြီးမျက်မည်းထဲ ဘယ်လိုစိတ်ဓာတ်မျိုးနဲ့ လာနေကြမှာလဲ၊ စစ်သားစိတ်ဓာတ်က တော်ရုံရဲရင့်တာမျိုး မဟုတ်သလို တော်ရုံ ဝါသနာမျိုးလည်း မဟုတ်ဘူးဗျ၊ ဒါကြောင့် လေးစားရင်းစွဲရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



သားက အခု ကိုယ့်အသက်ပါ ကယ်ခဲ့တယ်ဆိုတော့ လေးစားရုံမကဘူး ဝိုကြည်ညိုတယ်၊ ခင်ဗျားတို့ရဲ့ စိမ့်ဓာတ်တွေကို''

ဟု ဖေဖေက သူ့စစ်ဗိုလ်ဘဝ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလတွေကို တမ်းတမှန်းမျှော်တိုင်း ထိုသူဌေးကြီးအကြောင်းက မပါမပြီး။ ခက်တာက ဖေဖေနဲ့သာ ရင်းနှီးပြီး သူနဲ့တော့ မတွေ့မကြုံဖူးခဲ့ချေ။ ထိုသူဌေးကြီးဆုံးတော့လည်း ဖေဖေနဲ့မေမေသာ အသုဘသွားပို့ခဲ့တာ။ အဲဒီအချိန်က သူ ရန်ကုန်ရောက်နေပြီး ဆိုင်ဖွင့်ရန် ပြင်ဆင်နေသည့်ကာလ။ အခု သူ့အားလက်ထပ်ပေးမည့်သူက ထိုသူဌေးကြီးရဲ့ တစ်ဦးတည်းသောသမီးတဲ့။ ဖုန်းထဲက ဖေဖေ့အသံက နားမစွင့်ပါဘဲ ထပ်ကြားနေရသည်။

''သူ မရှိတော့တာတောင် သူ့ရှေ့နေကတဆင့် ဆက်သွယ်နိုင်းပြီး မင်္ဂလာကိစ္စ စီစဉ်နိုင်းခဲ့တာ၊ ဒါ ဖေဖေတို့အပေါ် နည်းတဲ့ ယုံကြည်မှုမှ မဟုတ်တာပဲ သား၊ ဖေဖေက သက်ရှိထင်ရှားရှိရဲ့နဲ့ ဒီယုံကြည်မှုကို အလွဲသုံးစားလုပ်ပစ်ရင် ငါ့တစ်သက်လုံး ထိန်းလာတဲ့ သိက္ခာတရား၊ မာနတွေက ရေစုန်ဒိုက်မျောဖြစ်ကုန်မှာကွ၊ ဒီတော့ မင်း မငြင်းပါနဲ့''





''ဟို…တစ်ဖက်က ဆန္ဒက''

''ဒါ…တို့လူကြီးတွေ စီစဉ်မှာ၊ မင်းလုပ်ရမှာက တို့ပြောသမျှ ခေါင်းညိတ်ဖို့၊ အေး ဒါပဲ''

ဆိုပြီး သူ့ဘက်က အကြောင်းပြချက်တွေ မလာခင် ဖုန်းချသွားတာ မြန်လွန်းသည်။ စည်းက ဖုန်းကို နားမှခွာ၍ ငေးစေကြည့်ရင်း…

''အဲဒီလောက် လွယ်မယ်ထင်ရင် ဦးဖွားသာ မန်းလိုက်တော့ ဖေဖေ''

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

“ဟင်”

အော်သံက အပြင်မထွက်အောင် အချိန်မီ ပါးစပ်ပိတ်၍ ထိန်းသည်။ ဒါ လေးလေးရဲ့လူတွေ။ လေးလေးနောက်တော်ပါး၌ အမြဲရှိနေတဲ့သူတွေ။ ရွယ်ရွယ်က ပခုံးနောက်လှန်ချထားသော ခေါင်းစွပ်ကို ချက်ချင်းစွပ်ချကာ ရှေ့စာအုပ်စင်၌ ထိုးညှပ်ထားသော ဂျာနယ်တစ်စောင်ကို ဆွဲယူ၍ မျက်နှာရှေ့မှာကာသည်။ စီးတီးမတ်(ထ်)ထဲ ရွယ်ရွယ့်လာရင်းကိစ္စက ဂျာနယ်ဝယ်ဖို့မဟုတ်။

“နေ့ခင်းနေ့လည်···စျေးဝယ်သူမရှိတော့ ပျင်းစရာကြီး”





“ဟုတ်ပ၊ အဲဒီစျေးရောင်းသူတွေရဲ့ အပျင်းဆုံးအလုပ်က လာဝယ်သူတွေကို စောင့်ရတာပဲ”

“အေး···မစောင့်ရတဲ့ စျေးသည်ရှိတယ်”

“ဘာစျေးသည်လဲ”

“အသုပ်သည်ပေါ့၊ တစ်ပွဲသုပ်ရင် ထည့်ရတဲ့ အမယ်က များတော့ တစ်ခါသုပ် မပြီးနိုင်မစီးနိုင်၊ ဒီကြားထဲ သုံးယောက် လောက်ဆက်တိုက်မှာရင် အဲ့ဒီမှာ လက်မလည်အောင် သုပ်ရတော့ တာပဲ၊ သုပ်ပြီးတော့လည်း ဟင်းခါးထည့်ပေးရ၊ ယန်းကန်ဆေးရနဲ့ ပျင်းတယ်ဆိုတာ ဂျိုနဲ့လားလို့ မရီမြင့်တို့ကို ဟိုကမေးသွားမှာ”

ရွယ်ရွယ်က အရွန်းဖောက်တော့ မရီမြင့်က တံတွေး မြိုချရင်း···

“အသုပ်စုံ စားချင်လိုက်တာ”

တဲ့။ ဒါမျိုးဆို ရွယ်ရွယ်တို့က နှစ်ခါတိုင်ရန်မလို။ ချက်ချင်း ကောင်တာနောက်က ပတ်ထွက်ရင်း····

“စားသောက်တန်းမှာ အသုပ်သွားမှာမယ်၊ ဟီးဟိ၊ အချို တည်းဖို့က စီးတီးမာ့(ထ်)ထဲက ကော်ဖီမစ်ထုပ်နဲ့ ပူစီကိတ် ဝယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်”

“ဟွန်း…အဲဒါ သူ့အစ်ကိုအတွက်လေ၊ ကိုစည်းက အသုပ်မကြိုက်မှန်းသိလို့ အကြောင်းရှာပြီး ဝယ်မယ်ပြောတာ”

ဖုန်းဟန်း(န်)ဆက်တွေရောင်းသော ကောင်တာကို တာဝန်ယူရတဲ့ ရဲဇော်က ဝင်ပြောသည်။ ရွှယ်ရွှယ်က အမြဲဒီလိုပင်။ ဆိုင်လူကျချိန်ဆိုရင်လည်း အားလုံးနဲ့တန်းတူ။ ပစ္စည်းရာဇဝင်တွေ ဝင်ရှင်းပြ။ ကူပြီးရောင်းပေးနှင့်။ ဆိုင်လူပါးချိန်ဆိုရင်လည်း ဝန်ထမ်းတွေစုပြီးပြောသည့် စကားဝိုင်းထဲ သူမက ထိပ်ဆုံးရောက်နေတတ်တာမျိုး။ ထို့ကြောင့် စည်းကတောင်

“ရုံးခန်းအပြင်ရောက်သွားရင် အဲဒီဆိုင်ထဲမှာ တစ်နေကုန်တော့တာပဲ၊ ဘာတွေ မပြီးနိုင်မစီးနိုင် ပြောနေရတာလဲ”

လို့ အမေးခံရတဲ့အထိ ရွှယ်ရွှယ်က…

“စည်း ရုံးခန်းထဲနေရင် အင်တာနက်ထဲပဲ ဝင်လို့ရမှာ၊ အပြင်မှာက အင်တာနက်သတင်း ပိုစုံတယ်၊ သူ ဘာမှဖြင့်မသိတဲ့”

ဆိုပြီး မကြားတကြား ရေရွတ်ကာ ကောင်တာမှာပဲ ရှိတာများသည်။





“အေး…အဲဒီမှာ လူလုံးပြနေ၊ ဟိုတစ်ခါကလို ဦးလေးရဲ့လူတွေ လိုက်လာရင် တစ်ခါတည်း ကွဲခနဲမိတာ၊ ဆိုင်ထဲမှာက ပုန်းစရာနေရာမရှိဘူး၊ မှန်တွေတပ်ထားတာ အကုန်လုံးမြင်သာထင်သာပဲ”

တဲ့လေ။ အခုတော့ စည်းပြောတဲ့အတိုင်း ဖြစ်ခဲ့ပြီ။ ရွှယ်ရွှယ်က ဂျာနယ်ကို မျက်လုံးနှစ်လုံးအောက်ကွယ်ထားပြီး လေးလေးရဲ့လူတွေ လှုပ်ရှားပုံကို မျက်ခြေမပြတ် အကဲခတ်သည်။ လေးလေးလူတွေက ငွေရှင်းကောင်တာနားရပ်ပြီး လက်ထဲက တစ်စုံတစ်ခုကိုပြ၍ ငွေသိမ်းသူအား ဘာတွေမေးနေမှန်း မသိ။ ငွေသိမ်းကောင်မလေးက သေချာယူကြည့်ကာ ခေါင်းခါပြသည်။ ဘုရား ဘုရား။ ရွှယ်ရွှယ် ရင်ဘတ်ဖိပြီး ဘုရားတသည်။ သူတို့ လိုက်ပြ၍မေးသော အရာက ပို့စကာဒ်ဆိုဒ် ဓာတ်ပုံတစ်ပုံသာဖြစ်ခဲ့လျှင်။ ဒါ ရွှယ်ရွှယ်ပုံသာဖြစ်ဖို့များသည်။ သွားပြီ။ ဒီရှော့ပင်း(န်) မောကြီးထဲ ရွှယ်ရွှယ်က တစ်နေ့အခေါက်နှစ်ဆယ်လောက် ခြေတ်လျှောက်ငေးမော ဈေးဝယ်နေတာ။ တစ်ယောက်ယောက်က မှတ်မိသွား၍ လက်ညှိုးထိုးပြပါက ရွှယ်ရွှယ်ဘဝက တွေးစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့။ စည်းအား နှုတ်မဆက် လက်မပြဘဲ လေးလေးလက်ထဲ ပြန်ရောက်သွားဖို့ရှိသည်။ ရွယ်ရွယ် ဒီထဲ၌ ထပ်အချိန်ဖြုန်းရန် မသင့်တော့။ ထို့ကြောင့် ကော်ဖီမစ်အထုပ်ကြီးနှင့် ကိတ်တစ်ဗူးကိုဆွဲပြီး ငွေရှင်းကောင်တာဆီ သွက်သွက်လှမ်းကာ လေးလေးလူတွေဘက် ကျောပေးထားရင်းက ကောင်တာမှာ ငွေရှင်းရန်စောင့်သည်။

"ဟဲလို…ဆရာကြီး ကျွန်တော်ပါ၊ မထူးခြားသေးဘူး ဟုတ်ကဲ့ အာစီညွှန်ကြားတဲ့အတိုင်း ဓာတ်ပုံပြပြီး မေးထားတယ်၊ ဟုတ်ကဲ့ အရင်တခါတွေ့တဲ့ ရှော့ပင်း(န်)မောမှာပဲ၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

လူချင်းကျောချင်းကပ်မို့ တစ်ဖက်က ပြောတာတွေ အားလုံး ကြားရသည်။

"ဗျာ…ဦးမောင်မောင်က ကြော်ငြာထည့်လိုက်ပြီလား ဟုတ်ကဲ့ စိတ်ချပါ၊ ဦးမောင်မောင်ထက် ဦးအောင်ရှာတွေ့မှ ဖြစ်မှာ ကျွန်တော် သဘောပေါက်ပါတယ်"

"အစ်မ…ငါးထောင့်ကိုးရာ ဂျာနယ်ရော ယူမှာလား"





"ရှင်…ဟုတ် ယူမှာ"

ဂျာနယ်ကြီး ကွယ်ထားရက်ကပင် ရွယ်ရွယ်က ငွေရှင်းပြီး အမြန်ဆုံးနှင့် အဝေးဆုံးသို့ ပြေးထွက်ခဲ့သည်။ အန္တရာယ်ကို လက်တစ်လုံးခြား ရှောင်တိမ်းခဲ့ပေမဲ့ ထိတ်လန့်ခြင်းကြောင့် ရင်တွေခုန်ကာ လူက ကတုန်ကယင်ကြီး ဖြစ်နေဆဲ။ ရွယ်ရွယ်နားထဲတွင် ကိုကိုမှာခဲ့သော စကားတွေ ပြန်ကြားယောင်လာပြန်၏။

"ကိုကိုရော၊ ဖေဖေရော မရှိတော့ရင် လေးလေးက သူ့စိတ်တိုင်းကျ ခြယ်လှယ်မှာပဲ၊ ကိုကို စိုးရိမ်တာက သူ ညီမလေးရဲ့ အိမ်ထောင်ရေးကို ကြိုးကိုင်မှာ၊ မဖြစ်ဘူး ညီမလေး လေးလေးကို မယုံနဲ့ ဦးလေးမောင်ကို ရှာ"

တဲ့။ ဒါတွေပဲ တဖွဖွမှာခဲ့သော ကိုကို။ ဒီအရေးတွေကို ကြိုမြင်၍ သူမကို စိတ်မချစွာ ထားရစ်ခဲ့သော ကိုကို။ သူမအတွက် အလုံခြုံဆုံး လမ်းကိုရွေးပေးခဲ့သည့် ကိုကို။ ထပ်မတွေးမိအောင် ထိန်းထားသည့်ကြားမှ ကိုကိုအကြောင်း တွေးမိတိုင်း မရိုးနိုင်အောင် သူမမှာ မျက်ရည်ဝဲရစမြဲ။ မျက်ရည်တွေကို ဂျာနယ်ကိုင်ထားသော လက်ဖမိုးနှင့် ဒီအတိုင်း ဆွဲသုတ်ရင်း မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မြန်ကွယ်ရန် ဂျာနယ်ကို မြှောက်ကိုင်မိစဉ်

"ဟင်"

ဂျာနယ်နောက်ဆုံး စာမျက်နှာ။ အားကစားသတင်းတွေရဲ့အောက်မှာ စာလုံးမည်းကြီးတွေနှင့် ရိုက်နှိပ်ထားသော ကြော်ငြာစာ။

"အမြန်ဆက်သွယ်ပါ"

ကြားထဲက စာကြောင်းတွေကို ကျော်လွှားပြီး ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်ကို အရင်ဦးဆုံး ဖတ်သည်။ ဖတ်ပြီးပြီးချင်း ဝမ်းသာစိတ်က ရင်သို့ တဒိတ်ဒိတ်တိုးပြီးနောက် နှုတ်ခမ်းထောင့်စွန်းတွေ ကော့တက်သွားအောင် အားပါးတရ ပြုံးသည်။ ထို့နောက် စိတ်ထဲက အရင်ဆုံး ဦးညွှတ်မိတာ ဘယ်နေရာရောက်နေမှန်း မသိပေမဲ့ ရွယ်ရွယ်အား ယခုတိုင်စောင့်ရှောက်နေသည်ဟု ယုံကြည်ရသော ကိုကို့ဆီ။

"ကျေးဇူးတင်ပါတယ် ကိုကို"

တိုးတိုးလေးပြောရင်း ဒါ မျက်ရည်တွေကြား သူမပြုံးဖြစ်တာ ပထမဆုံး။

◆ ◆ ◆



## အခန်း (၂၅)

"အို…စိတ်မကောင်းစရာပါပဲရှင်"

ဒေါ်ပွင့်ဖြူက မိန်းမသားပီပီ ထိတ်လန့်စရာ သတင်းဆိုးတစ်ခုကြားတိုင်း တလှိုက်တလှဲ စိတ်မကောင်း ဖြစ်တတ်သည်။ ဦးအေးလွင်ကတော့ ထိုသတင်းရဲ့ အခြေအမြစ်ကို စိတ်ဝင်စားလေ့ရှိသည့်အတိုင်း…

"ဒါဖြင့်…မိန်းကလေးရဲ့အစ်ကိုက လုပ်ကြံခံရတာမျိုးပေါ့၊ အဲဒီလိုလား"

"အင်း…အဲဒီလို ပြောလို့ရပါတယ် ဦးအေးလွင်"



www.burmeseclassic.com

www.burmeseclassic.com



"နို့...သံသယရှိတဲ့လူတွေကရော မရှိဘူးလား၊ မေးမြန်းစစ်ဆေးမှုတွေ မလုပ်ဘူးလား"

"ဘယ်နေပါ့မလဲ၊ အားလုံးလုပ်ပေမဲ့ နိုင်လုံတဲ့သက်သေက မရှိဘူးလေဗျာ"

"ဦးမောင်မောင်ပြောတော့ ကောင်လေးက ဆေးရုံပေါ်ရောက်မှ ဆုံးတာဆို၊ သူ ဦးမောင်မောင်ကို ဘာသဲလွန်စမှ မပေးခဲ့ဘူးလား"

လာရင်းကိစ္စကိုမေ့ပြီး ဦးအေးလွင်မှာ ဖြစ်ပျက်ခဲ့သမျှအမှုအတွက် တစ်ခုပြီးတစ်ခု မေးခွန်းထုတ်နေသည်။ ဒါက ကွယ်လွန်သွားရှာပြီဖြစ်သော သူ့မိတ်ဆွေကြီး ဦးရှိန်ဝါအတွက် အကူအညီပေးလိုခြင်း။ ကျန်ရစ်သော ဒီမိသားစုဝင်ရဲ့ တစ်ဦးတည်းသော မိန်းကလေးအတွက် အကာအကွယ် ပေးလိုခြင်းက စိတ်၌ဖြစ်ပေါ်နေတာ အဓိက။ မဟုတ်မခံစိတ်ဓာတ်နှင့် စစ်ထွက်လူရိုးလူဖြောင့်မို့ ဒီလို မတရားတာတွေ့လျှင် လက်ပိုက်ကြည့်မနေတတ်တာက ဒုတိယမို့ သိလိုသမျှ မေးမြန်းနေခြင်းမျိုးသာ။ ဒါကို ဦးမောင်မောင်ကလည်း နားလည်ပါသည်။ ဦးအေးလွင်က သူ့အမှု





သည် ဦးရှိန်ဝါရဲ့ အယုံကြည်ရဆုံး ပုဂ္ဂိုလ်လို့ သူ မှတ်ယူထားခဲ့တာကိုး။

"သူ့အတွက်...ဘာသဲလွန်စမှ မချန်ထားဘဲ သူ့ညီမလေးအတွက်သာ သူအဓိက မှာသွားတာမျိုး၊ သူ့ညီမလေးကို မြန်ရာဖို့ စောင့်ရှောက်ဖို့နဲ့ ဦးအေးလွင်တို့သားနဲ့ လက်ထပ်ဖြစ်ရေးကို အမြန်ဆုံးဆောင်ရွက်ဖို့ ဒါတွေပဲ ထပ်တလဲလဲမှာတာ၊ သူ့အမှုအတွက်က သူ့ညီမလေးက ဖြေရှင်းပေးပါမယ် ဆိုတာမျိုးပဲ ပြောသွားပြီး မကြာဘူးဗျ ဆုံးတာပဲ"

ဦးအေးလွင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း လက်ခံနားလည်ပေးသည်။ ဒေါ်ပွင့်ဖြူကတော့...

"မွေးစားအစ်ကိုသာဆိုတယ်၊ သူ့ညီမလေးကို တော်တော်ချစ်ရှာသားပဲနော်"

"သူကိုယ်သူလည်း မွေးစားသားမှန်း ဒီသေတမ်းစာရေးမှ သိတာဗျ၊ ကျွန်တော်လည်း အတူတူပဲ၊ ဒါပေမဲ့ ကလေးမလေးကတော့ ဒီနေ့ ဒီအချိန်ထိ အစ်ကိုရင်းလို့ ထင်နေတုံး"

"ဩော်...မိန်းကလေး မသိဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်က ခေါင်းညိတ်ပြရင်း..

"သိခွင့်မပေးခဲ့တာပါ၊ သေတမ်းစာမှာပါတဲ့ အချ
အလက်အတိုင်းဆို မျှော်လင့်ရာနဲ့ သွေးသားမတော်စပ်တဲ့အတွ
လက်ထပ်ခွင့် ရှိတယ်၊ အဲ မျှော်လင့်ရာမှ မဟုတ်ရင် မိန်းကလေ
ရဲ့ချစ်သူပေါ့၊ ဒါမှ မဟုတ်ခဲ့ရင် ဦးအေးလွင်တို့ သားနဲ့ လက်ထ
ရမယ်၊ ဒီအချက်ကို လိုက်နာမှ အမွေတွေ တရားဝင်လွှဲပေးရမ
ဆိုတာ ပါရှိတာကိုး"

"မိန်းကလေးမှာ ချစ်သူရှိခဲ့ရင်ရော"

စိုးရိမ်စွာ ဒေါ်ပွင့်ဖြူက ဝင်မေးသည်။ ပုသိမ်မှမန္တလေ
ရောက်ခဲ့သည့် အချိန်အတွင်း အခုထိ မနားရသေး။ ဦးမော
မောင်ဟာ သူမတို့ကို လိုလေးသေးမရှိ ဧည့်ဝတ်ကျေပွန်ပါသ
ချိန်းဆိုထားသည့်အတိုင်း မန္တလေးရဲ့ ဖိုက်စတား ဟိုတယ်
မှာ ဧည့်ခံကာ တည်းခိုဖို့ကအစ အရာရာစီစဉ်ပေးသည်။

"အိမ်ကြီးဆီ ကျွန်တော် ခေါ်မသွားနိုင်တာ စိတ်
ပါနဲ့ ခင်ဗျာ၊ အဲဒီအိမ်ကြီးရဲ့ပိုင်ရှင် မိန်းကလေးကို အခုထိ အဆ
အသွယ် မရသေးလို့ပါ၊ ပြီးတော့ အိမ်ကြီးမှာ အရှုပ်အထွေ





ရှိနေသေးလို့ပါ"

လို့။ မန္တလေးမြေစနင်းကတည်းက ရင်မောစရာတွေ တစ်ခုပြီးတစ်ခု ကြားရသည့်အထဲမှာ ဒီသတင်းက အဆိုးဆုံး။ မတော် မိန်းကလေးမှာ ချစ်သူရှိခဲ့တာမျိုး။ ချစ်သူနှင့်နှစ်ယောက် တစ်ဘဝထူထောင်တာမျိုးဆိုခဲ့လျှင် သူမတို့ဘာဆက်လုပ်ရမည်နည်း။ သားဖြစ်သူကို တသွေးတသံတမိန့် ပြောပြီးဆိုပြီးကာမှ

"မိန်းကလေးမှာ ချစ်သူမရှိပါဘူးခင်ဗျာ၊ အဲဒီအတွက် စိုးရိမ်ပါနဲ့"

"ဒါပေမဲ့ အခုချိန်အထိ မိန်းကလေးနဲ့ အဆက်အသွယ် မရသေးတော့"

"ကျွန်တော် အမြန်ဆုံး အဆက်အသွယ်ရအောင် ကြိုးစားနေပါတယ်၊ ဒါနဲ့ ဒေါ်ပွင့်ဖြူတို့ ပုသိမ်မှာ လွန်ခဲ့တဲ့လလောက်က ရှက်နာစိမ်းမိန်းကလေးတစ်ယောက် ရောက်လာတာမျိုးတွေ ဘာတွေ သတင်းကြားမိသေးလားဗျ"

ဇနီးမောင်နှံနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ပြန်ကြည့်ပြီးမှ...



www.burmeseclassic.com

www.burmeseclassic.com



"သူက...ဒီကိစ္စနဲ့ပတ်သက်နေလို့လားဗျ"

"ဩော်...မဟုတ်ပါဘူး၊ အဲ့ဒါ ကျွန်တော်လိုက်နေတဲ့ တခြားအမှုသည်ပါ၊ သူက ပုသိမ်ဘက်ထွက်ပြေးတယ် ကြား မိလို့"

"ပုံပန်းသဏ္ဍာန်က"

"မိန်းကလေးဗျ၊ အရွယ်ငယ်ငယ်ပဲ၊ နှစ်ဆယ်ကျော် ရှိဦးမယ်"

"ဟို...ရာဇဝတ်မှုတွေ ဘာတွေနဲ့များ"

"အာ... မဆိုင်ပါဘူး ဒေါ်ပွင့်ဖြူရဲ့၊ မိသားစု အရေး အခင်းမျိုးပါ"

ဖနီးမောင်နဲ့နှစ်ယောက် ထပ်မံ၍ အကြည့်ချင်းဆုံသွား ရပြန်သည်။ ထို့နောက် ဦးအေးလွင်က သက်ပြင်းရှည်ကြီး တစ်ချက်ချရင်း

"အဲ့ဒီမိန်းကလေးတော့...ဟုတ်မဟုတ် မကျိန်းသေ ဘူးဗျ၊ အိမ်မှာတစ်ရက်ပဲနေပြီး နောက်နေ့ပျောက်သွားတာ ကျွန်တော်တို့ကလဲ မိန်းကလေးတစ်ယောက်တည်းဆိုတော့ အ





သမီးချင်း ကိုယ်ချင်းစာပြီး စောင့်ရှောက်ပေးတဲ့ သဘောပါ"

"မှတ်မှတ်ရရ...သား ပြန်လာပြီး အဲ့ဒီညနေပဲ ပျောက် သွားတာ၊ ကျွန်မစိတ်ထင်တော့ အရွယ်မတိမ်းမယိမ်း ယောက်ျား သားရှိတဲ့အိမ်မှာ မနေချင်လို့ ထွက်သွားတာလို့ ထင်ထားတာ လေ၊ သူက"

"ခဏလေးဗျာ"

ခါးကြားက ဖုန်းမြည်လာ၍ ဦးမောင်မောင်က ထုတ်ကိုင်ရင်း

"ခွင့်ပြုဦးနော်"

ဆိုပြီး ခပ်လှမ်းလှမ်းသို့ ထသွားကာ ဖုန်းပြောနေ၏။ ဖုန်းပြောချိန် သိပ်မကြာလိုက်ပဲ သူတို့ရှိရာ ပြန်လျှောက်လာသော အခါ မျက်နှာက ရွှင်ပျပျနှင့် စောစောက ရှုပ်ထွေးခြင်းတွေက ယူပစ်သလို ပျောက်သွားပုံရကာ

"ဝမ်းသာစရာပဲဗျို့...မိန်းကလေးနဲ့ အဆက်အသွယ်ရ ပါပြီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလွန်း၍ ထိုင်နေရာမှ အသီးသီးကိုယ်တွေ မတ်ကုန်၏။ စိတ်ကူးထဲမျှော်လင့်သော သက်တံက အရောင်အဆင်းစုံလင်စွာ ပေါ်ပေါက်လာခဲ့ပြီ။

"မိန်းကလေးက မကြာခင် ပြန်လာတော့မယ်တဲ့၊ အဲထပ်ပြီး ဝမ်းသာစရာကောင်းတာက မင်္ဂလာပွဲကို စီစဉ်ပါတဲ့ သူ့လက်သင့်ခံပါ့မယ်တဲ့၊ သူ့အစ်ကိုအတွက် အမှုမှန်ပေါ်ပေါက်ဖို့တာဝန်ယူပါ့မယ်တဲ့ဗျာ"

ကြားရသော သတင်းဟာ အကောင်းတကာ့ အကောင်းဆုံးတွေချည်းပင်။ ကိုယ်စီပျော်ကြသည့်အထဲ ဒေါ်ပွင့်ဖြူရဲ့ အပျော်က ပီတိတွေ အောင်နိုင်ခြင်းတွေနှင့် ရောယှက်သောအပျော်။ မြန်မာနိုင်ငံ၌ အချမ်းသာဆုံးစာရင်းဝင် ဦးရှိန်ဝါသမီးနှင့် ကိုယ့်သားရဲ့ လက်ဆက်ပွဲ။

အဟွန်း…နင် ငါ့ကို ထပ်ရှုံးပြန်ပြီ မာလာ။

◆ ◆ ◆



## အခန်း (၂၆)

"ကိုကို…ဒီနေ့က သူနိုးကြီးများနေ့ ဒါပေမဲ့ ညကျမှ ဆင်နွှဲရင် ကိုကို ရိပ်မိသွားမှာစိုးလို့ အဟိ နေ့ခင်းကတည်းက ကိုကို လှုပ်ရှားပုံကို စီဒီယိုရိုက်ပြီး မှတ်တမ်းတင်ထားမှာ ရွှယ်ရွှယ်သိပြီးသား။ ကိုကိုက လေ့ကျင့်ခန်းလုပ်ပြီးရင် ရေချိုး တာလေ၊ အဟင်း မိမွေးတိုင်း ဖမွေးတိုင်းပေါ့၊ ရှက်စရာမလိုပါ ဘူး၊ ဒီမောင်နှမနှစ်ယောက်ပဲရှိတဲ့ ဥစ္စာ"

ရွှယ်ရွှယ်က ကင်မရာရှေ့သို့ မျက်နှာကို အနီးကပ်ထိုးလိုက်ရင်း…

www.burmeseclassic.com



"ဖြဲ…ဟဲ ဟဲ"

လို့နောက်လိုက်သေးသည်။ ပြီးမှ သူနိုးကြီးညတိုင်း ဝင်ပုန်းနေကျ ဗီရိုထဲဝင်ရပ်သည်။ ဒီဗီရိုကြီးက ရှယ်ရှယ်တစ်ကိုယ်တော့ သက်သက်သာသာ ချောင်ချောင်ချိချိ ဝင်ရပ်နိုင် သည်။ ဗီရိုကြီး၏ ဒီဘက်တခြမ်းသည် ဘာအဆင့်မှ မခံထားပဲ အင်္ကျီတွေ၊ လောင်းကုတ်တွေချိတ်ရန် တန်းလေးတစ်ခုသာပါ သည့် ဗီရိုမျိုး။ ရှယ်ရှယ်က ချိတ်ထားတဲ့ အင်္ကျီတွေကြား ဝင်ရပ်ရင်း ကင်မရာကို တောက်တိုင်နှင့် အသေအချာထောက် သည်။ ဗီရိုတံခါးကို ဟသည်ဆိုရုံ ဟထားပြီး ကင်မရာနှင့် တည့်တည့်ချိန်ထားကာ ကိုကို အိပ်ခန်းတခုလုံးအား ရှင်းရှင်းလင်းလင်း မြင်ရတဲ့အထိ။ ရှယ်ရှယ်က မော်နီတာကတစ်ဆင့် မြင်နေရတာကို ကျကျနနရပ်ကြည့်ရင်း ပါးစပ်ထဲ ချောကလက်လုံးတွေ တစ်လုံးပြီးတစ်လုံး ပစ်ထည့်ဝါးကာ ကိုကိုဝင်အလာကို စောင့်နေလိုက်သည်။ သူမခြေဖဝါးအောက်မှာ စားပြီးပစ်ချထားသော ချောကလက်အခွံတွေကဒုနဲ့ဒေး။ ဒါတွေတွေ့ရင် ကိုကို ပစိပစပ်များမှာ မြင်ယောင်ပါသေးသည်။





"ကျစ်…ဒီကောင်မလေးကွာ၊ စားရစရာရှားလို့ သူများဗီရိုထဲဝင်ပြီး မုန့်စားရတယ်လို့"

"ညည်း…တော်တော် ဆိုးနေတယ်နော်၊ ရည်ရွယ်ရာငါ လုပ်တော့မယ်"

"ကြိမ်းဝါးမနေနဲ့ ထုပြီးပြီကို"

"အေး…အဲ့ဒါ မနာအောင်ထုတာ၊ ထုတယ်လို့ မခေါ်ဘူး၊ နာအောင်ထုမှ ထုတယ်ပြည်တယ် လာ အရသာသိချင်ရင်ဒီနားတိုးခဲ့"

ဆိုပြီး အံတကြိတ်ကြိတ် လက်တရွယ်ရွယ်ရှိလျှင် ရှယ်ရှယ်က လွတ်အောင် ဒီအခန်းထဲ ပတ်ပြေးသည်။ ကိုကိုကပါးစပ်ကသာ ထိုသို့ပြောဆိုတတ်ပေမဲ့ ရှယ်ရှယ်ကို နာကျင်အောင်မလုပ်ရက်ဘူးဆိုတာ သူမ သိထားသည်လေ။

"ဟော…လာပြီ"

အခန်းတံခါးဖွင့်လာတာကို မော်နီတာကတစ်ဆင့် တွေ့ရသည်။ ထို့နောက် အားကစားလုပ်လာဟန်တူသော ကိုကိုကစွပ်ကျယ်အဖြူ။ အားကစားဘောင်းဘီတိုနှင့် လည်ကုပ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဝါပိုင်းတစ်ထည် သိုင်းချထားသည့် ကိုကိုမျက်နှာသည် မြင်နေကျမျှားစွာကလို ကြည်လင်ခြင်း မရှိတာ ရွှယ်ရွှယ် သတိထားမိသည်။ ရွှယ်ရွှယ်က ချောကလက်နောက်တစ်လုံးကို ပါးစပ်ထဲထည့်ကာ ချောကလက်အနှစ်တွေ ပေရေနေသော လက်ညှိုးကို ပါးစပ်ထဲထည့်ပြီး ပြွတ်ခနဲစုတ်လိုက်ရင်း ကင်မရာကို ကောက်ကိုင်သည်။ ကိုကိုလှုပ်ရှားမှုတိုင်း အမိအရရိုက်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ထိုအခိုက်မှာပင် သူမကင်မရာထဲ ပေါ်လာသူက ကိုကိုတစ်ယောက်တည်း မဟုတ်ပဲ လေးလေးနှင့်လူနှစ်ယောက်။

ရွှယ်ရွှယ်က မျက်ခုံးကျုံ့ကာ ရူးစမ်းစဉ်မှာပဲ

"အမိပွါယ်မရှိဘူး လေးလေး၊ ပြီးတော့ ကျွန်တော် လက်မခံနိုင်ဘူး"

"မင်းက အနေသာကြီးပါ မျှော်လင့်ရာ၊ ငါကမှ ရွှယ်ရွှယ်နဲ့ဆို သွေးသားတော်စပ်သေးတာ"

ဗီရိုထဲက ရွှယ်ရွှယ်က မဲ့ပစ်လိုက်သည်။ သွေးသားတော်စပ်သူ တစ်ဦးတည်းရှိပေမဲ့ မယုံရလို့ ဖေဖေမဆုံးခင်ကတည်းက မှာသွားခဲ့တာပဲလို့တွေးရင်း ကိုကိုနဲ့ လေးလေးတို့





ဘာတွေပြောကြမလဲဆိုတာ စိတ်ဝင်တစား ဖြစ်လာရသည်။

"ဒါကြောင့် မင်းရသင့်ရထိုက်တာ ငါတို့ခွဲပေးမယ်၊ ရွှယ်ရွှယ့်ကို အိမ်ထောင်ရေးကိစ္စကို ငါစိတ်ကြိုက်စီမံခွင့်ပေး"

"လဲသေလိုက်"

ဗီရိုထဲမှ ရွှယ်ရွှယ်က နှုတ်ခမ်းလှုပ်ရုံ ပြောခြင်းပါ။ အသံထွက်လို့မှ မဖြစ်တာ။ ကိုကိုကတော့ ခါးထောက်ဖြုတ်ရင်း လေးလေးကို တည့်တည့်ရင်ဆိုင်ကာ…

"မဖြစ်နိုင်ဘူး လေးလေး၊ ဒါတွေက ဖေဖေ့စိတ်တိုင်းကျသေတမ်းစာထဲမှာ အားလုံးစီစဉ်ပြီးသား"

"အေး…ဒါဆိုလဲ လွယ်လွယ်လေးပဲ၊ အစ်ကိုကြီးရဲ့သေတမ်းစာအကြောင်း မင်းနဲ့ဝတ်လုံဦးမောင်မောင်ပဲသိတာ၊ ဝတ်လုံတော်ရမင်းကတော့ ထားတော့၊ မင်းကတော့ သိတာကို ပြောပြဖို့ဟုတ်ပြီလား၊ တူအရီးချင်းပဲကွာ၊ ခေါင်းမမာကြေးပေါ့"

ကိုကို့ပခုံးတစ်ဖက်ပေါ် လက်တင်ရင်း လေးလေးက ကိုကို့ပါးကို လက်ဖမိုးနှင့် ဖွဖွပုတ်ရင်းပြောသည်။ ကိုကိုက ထိုလက်တွေကို ဆတ်ခနဲတွန်းယ်ချရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမာတာမဟုတ်ဘူး လေးလေး၊ ကာကွယ်တာ၊ ဖေဖေထားခဲ့တဲ့ အမွေအနှစ်က ညီမလေးအတွက်ပဲ ဖြစ်ရမယ်၊ တခြားဘယ်သူ့လက်ထဲမှ အရောက်မခံနိုင်ဘူး။ အဲဒါကြောင့် လေးလေး ဒီကိစ္စကိုသိဖို့ မကြိုးစားပါနဲ့၊ လောဘထပ်မတက်ပါနဲ့၊ အခု ရသင့်နေတာထက်လည်း လေးလေးပိုရနေတာပဲ မဟုတ်လား"

"အဲဒါ...ပိုရတယ် မဆိုသာဘူးကွ၊ ဒါ ငါ့အရည်အချင်းနဲ့ငါ လှုပ်ရှားတာ"

"အဲဒီလှုပ်ရှားမှုက ဥပဒေနဲ့မလွတ်ကင်းတာတွေ ရှိတယ် ဆိုတာ ကျွန်တော်သိတယ်"

လေးလေးမျက်နှာက ရဲခနဲဖြစ်သွားကာ မော်နီတာထံမှ ရွှယ်ရွှယ်မြင်လိုက်ရသည်။

"ဒါပေမဲ့ ကျွန်တော်နဲ့ မဆိုင်ဘူးလို့ သဘောထားတဲ့အတွက် မသိသလိုပဲ နေလိုက်တယ်၊ လေးလေးကို ကျွန်တော့်လို နေပါလို့ မဆိုလိုဘူးနော်၊ ဒါပေမဲ့ ညီမလေးနဲ့ ပတ်သက်ပြီး မဆိုင်တာတွေ ကြိုးစားခဲ့ရင်တော့"





"မင်း...ငါ့ကို ခြိမ်းခြောက်နေတာလား မျှော်လင့်"

လေးလေးမျက်နှာမှာ ဆေးနီဖျန်းပစ်လိုက်သလို။ သို့သော် မှုင်းသက်သော သက်ပြင်းတစ်ရှိုက်မှာ အားလုံး ဆေးကြောချရင်းပြုံးလိုက်တဲ့ နှုတ်ခမ်းပါးတွေက ဓါးသွားတစ်စင်းလို။ မြင်ရသူအပေါင်း ကျောထဲစိမ့်ရအောင် ကြောက်မက်ဖွယ်ကောင်းသော အပြုံးမျိုး။ ရွှယ်ရွှယ်က ထိုအပြုံးကို မြင်ရ၍ ရင်ထဲထိတ်သွားသည်။ အေးစိမ့်သော အန္တရာယ်အငွေ့အသက်က ရွှယ်ရွှယ်တို့အနားမှာ ဖြန့်ကျက်ခြင်း ခံရသလို။

"ကိုကို"

နှုတ်မှ တိုးဖွဖွခေါ်ပေမဲ့ ခေါ်သံက နှုတ်ခမ်းဖျားများကို ကျော်လွန်ပြီး အပြင်သို့ မထွက်ဖြစ်ခဲ့။ ကိုကိုကတော့ သွေးအေးစွာ လေးလေးကို ကျောခိုင်းရင်း...

"ပြောပြတာပါ၊ မဆိုင်တာ ဝင်ရှုပ်ရင် ပြန်ရလာမဲ့ အကျိုးထူးလေးတွေအကြောင်း"

"ကောင်းပြီ...ဒါဆိုလည်း ငါတို့သွားတော့မယ်၊ ဒါပေမဲ့ မျှော်လင့်ရာ၊ လူ့ပါးစပ်တစ်ပေါက်ပိတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့"

"ကျွန်တော် နှုတ်လုံ့ပါတယ် လေးလေး၊ လေးလေးဘက်က စည်းမကျော်မချင်းပေါ့"

"အေး…အဲဒါကလည်း အာမခံလို့ မရတဲ့ကိစ္စမျိုး ဖြစ်နေတော့"

လေးလေးက ကိုကို့ပခုံးကို သိုင်းဖက်ကာ သူ့ဖက်ဆွဲလှည့်ရင်း မျက်နှာချင်းဆိုင် ဖြစ်သွားမှ…

"အကောင်းဆုံးနည်းလမ်းက တစ်ခုတည်းကွ"

"ကိုကို"

ကြောက်လန့်တကြား အော်ပေမဲ့ အသံက လည်ချောင်းထဲ တိမ်ဝင်သွားသည်။ ဘယ်ကဘယ်လို လေးလေးလက်ထဲ ရောက်လာမှန်း မသိတဲ့ ဓားသွားဟာ ကိုကို ဘယ်ဘက်ရင်အုံဆီ တစ်ဆုံးတစ စိုက်ဝင်သွားပြီးမှ ကိုကို့ဒူးထောက်ခွေညွတ်ကျသွားတာ လေးလေးရဲ့ ခြေတော်ရင်းမှာ။ လေးလေးက ဓါးသွားကိုဆွဲထုတ်တော့ ကိုကို့နှုတ်ခမ်းမှသွေးတွေ ပွက်ခနဲ အန်ကျလာ၏။

"စိတ်မကောင်းဘူးကွာ၊ စီစဉ်ထားတဲ့ အချိန်ထက်စော





ပြီး ဒီလိုလုပ်လိုက်ရတာ၊ နောက်တစ်ခါမှတ်ထားကွ၊ ဒီပါးစပ်က သိတိုင်းမပြောရဘူးဆိုတာ"

"ဟောကောင်…ငါဒီထဲ ဝင်လာတာ ဘယ်သူသိသေးလဲ"

"မသိဘူး အာစိ၊ ဒေါ်လုံးကြီး ဈေးသွားနေတယ်၊ ဦးလေးကျော်က ခြံထဲမှာ"

"ဟိုကောင်မလေးရော"

"သူ့သူငယ်ချင်းအိမ် ထွက်သွားတာ"

မနက်ကတည်းက ရွှယ်ရွှယ် မြောက်ပြင်အရပ်ဆီ သွားသေးတာ။ ပြန်ရောက်လာတာ မတွေ့သဖြင့် ဒီလို ပြောခြင်းဖြစ်မည်။ ဗီရိုထဲဝင်နေကျပေမဲ့ ရွှယ်ရွှယ်မှာ အခုမှ အသက်ရှူမဝသလို၊ မတ်မတ်ရပ်ရန် ခက်ခဲနေသလို။ ပြီးတော့ တဆတ်ဆတ်တုန်နေသော ကိုကိုဆီသွားပြီး ဖေးမချင်စိတ်က များပြားလှန်းနေသည်။ သို့ပေမဲ့ လေးလေးတို့ရှိနေစဉ်လည်း သူ မထွက်ရဲ။ သွေးပျက်ဖွယ်ရာ ကိစ္စကြီးကို မြင်ခဲ့ရတာ လေးလေးရဲ့ ရက်စက်မှုကြောင့်ဟုဆိုလျှင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို...ကိုယ့်အခန်းထဲ ဟန်မပျက် ပြန်ဝင်နေ၊ ငါက လမ်းလျှောက်ထွက်မယ်၊ နားလည်တယ်နော် မောင်ထူး၊ လက်ဖွဲ ရာထင်နိုင်မဲ့ဟာတွေ အကုန်ရှင်းလိုက်"

အမိန့်ပေးသံ။ ဝရန်းသုန်းကား ထွက်သွားသံတွေနှင့် အခန်းတံခါးပိတ်သွားမှ ရွှယ်ရွှယ်က ဗီရိုတံခါးကြီး ဝုန်းခနဲဆို ဖွင့်ကာ ကိုကိုအနား အပြေးသွားမိတာ

"ကိုကို...ကိုကို ရွှယ့်ကိုကြည့်ပါဦး ကိုကို၊ ဟင့်အင်း ကိုကို အဲဒီလိုမဖြစ်ရဘူး၊ ရွှယ် ဦးကျော်ကို သွားခေါ်မယ်၊ ကိုကို့ ကိုဆေးရုံပို့ပေးမယ်"

မျက်ရည်တွေနဲ့ ချောက်ချောက်ချားချားပြောပြီး ဝုန်းခနဲ ထအရပ်...

"ညီ...မ...လေး"

သွေးတွေပေနေသောလက်ဖြင့် ကိုကိုက သူမလက် ချောင်းကို လှမ်းဆွဲသည်။

"ကိုကို"

ကိုကို့ကိုဆွဲထူမကာ ရင်ခွင်ထဲပွေ့တော့ ကိုကိုက လေသံ





သဲ့သဲ့ဖြင့်...

"မငိုရဘူးနော်၊ ပြီးရင် ဒီအိမ်ကနေ အဝေးဆုံးသွားတော့"

"ဟင့်အင်း...မသွားပါဘူး၊ လေးလေးကို ဖမ်းခိုင်းမယ်၊ လေးလေးက ကိုကို့ကိုသတ်တာ"

"ညီ...မ...လေး"

သူမကိုခေါ်တော့ နီရဲသော သွေးတစ်ပွက်ဟာ ဝေါခနဲ အန်ကျလာပြန်သည်။

"ကိုကို့စကားနားထောင်၊ ဦးလေးမောင်ကို ဖုန်းဆက် ခေါ်"

"ကိုကို့ဖုန်းနဲ့"

"ဟုတ်...ဟုတ်ကဲ့ ကိုကို"

ရွှယ်ရွှယ်က မွေ့ယာပေါ် အသင့်တွေ့သော ဖုန်းကို လှမ်းယူတော့ ကိုကိုက သွေးတွေကြားမှပြုံးရင်း...

"လိမ္မာလိုက်တာ၊ ပြီးရင် သွားတော့၊ ကြားလား ဒီထင်မရာယူသွား၊ သူတို့မတွေ့အောင်ပုန်းနေ"

"ရွှယ်...ရွှယ်က ဘယ်ကိုသွားရမှာလဲ၊ ရွှယ် ကိုကို



www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ မသွားတတ်ဘူးလေ၊ ကိုကို သိရဲ့သားနဲ့၊ ရွှယ် တစ်ယောက် တည်း မသွားရဲဘူး"

မငိုရဘူးဆို၍သာ အားတင်းထားရတာ။ သူမရင်ခွင်ထဲ သွေးအလိမ်းလိမ်း ဖြစ်နေတဲ့ ကိုကို့ကိုကြည့်ပြီး ရင်ထဲဆို့နင့် နေတာများ ပြောချင်တဲ့စကားတောင် ပြောမရတဲ့အဖြစ်။ အခုချိန်မှာ ရွှယ်ရွှယ် တခြားဘာမှမသိ။ ကိုကို အသက်ရှင်အောင် ကုပေးချင် သည်။ ကိုကို မရှိလျှင် သူမ ဘယ်လိုရပ်တည်ရမှန်းမသိတဲ့ လောက ကြီးထဲမှာ။ ကိုကိုကတော့ သူမလက်ကို တင်းတင်းဆုပ်ကိုင် ထားရင်း…

"ပြေးမှရမယ် ညီမလေး၊ သွားတော့ အိမ်လိပ်စာယူသွား ငွေနဲ့ဘဏ်စာအုပ်ယူသွား"

မွေ့ယာအောက်ကို လက်လျှိုနှိုက်တော့ ဘဏ်စာအုပ် တွေနှင့်လိပ်စာကဒ်တစ်ခု။ ကိုကိုက ရွှယ်ရွှယ့်လက်ထဲ ထိုအရာ တွေ ထည့်ပေးရင်း…

"သွား…တော့"

"ဒီလိပ်စာက ဘယ်သူလဲ…ရွှယ်က"





လက်ချင်းဆုပ်ထားတာ ဖြေလျှော့ပေးသည်။ ထို့နောက် သွေးတွေ တစိမ့်စိမ့်ကျနေသော ရင်ဘတ်အား လက်ဖနောင့်နဲ့ ဖိထားရင်းက သူမလက်ထဲက ဖုန်းကိုယူပြီး…

"သွားတော့"

လေသံသဲ့သဲ့နှင့်သည်။

"ကိုကို…ရွှယ် မေးတာဖြေပါဦး ဒီလိပ်စာက ဘယ်သူ လဲ၊ ရွှယ် ဒီကိုသွားပြီး ဘာလုပ်ရမှာလဲ"

ငိုသံပါကြီးကို မထိန်းနိုင်တော့။ ကိုကိုက မဝိတဝိ ပြုံးရင်း အသက်ကို ခဲယဉ်းစွာ ရှူရသလိုမျိုးနှင့် နောက်ဆုံးလေသံသဲ့သဲ့ က…

"အဲဒါ…ညည်း လက်ထပ်ရမဲ့သူ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ဒါဖြင့် ... မင်းအစ်ကိုကို ရှာမယ်ဆိုတာ မဟုတ်ဘူးပေါ့"

စည်းက တီဗွီနှင့်တွဲ၍ကြည့်နေသော ဗွီဒီယိုကင်မရာအား ပိတ်ပစ်လိုက်သည်။ ရွှယ်ရွှယ်က ဘာမှထင်မနေတော့သည့် စကာရင်ကြီးအား မေးထောက်ငေးရင်း...

"လိမ်ခဲ့မိတဲ့အတွက် ရွှယ်ရွှယ် တောင်းပန်ပါတယ် စည်း၊ ဒါ...ရွှယ်ရွှယ် ရပ်တည်မှုလုံခြုံဖို့အတွက်ပါ"

"ထားပါ... မင်းကို စိတ်ဆိုးတယ်လည်း ငါ မပြောပါ





ဘူး"

စည်းက ဗွီဒီယိုကင်မရာကို ဖြုတ်ယူလာရင်း ရွှယ်ရွှယ် လက်ထဲ ပြန်ထည့်ပေးကာ သူမဘေးထားဝင်ထိုင်လိုက်ပြီး...

"ဒါဆို... အခုဘာဆက်လုပ်မယ် မင်းစိတ်ကူးထားလဲ"

"ရွှယ်ရွှယ်... ဦးလေးမောင်နဲ့ အဆက်အသွယ်ရထားပြီးပြီ"

"ဦးလေးမောင်ဆိုတာ မင်းအမွေထိန်းလား"

ရည်ရွှယ်ရာက ခေါင်းညိတ်ပြသည်။ အနီးကပ်တွေ့နေရသဖြင့် စကားဝါရောင်ပါးပြင်မို့မို့မှာ မျက်ရည်စီးကြောင်းတွေ မခြောက်သေးတာ တွေ့နေရ၏။ မျက်တောင်ဖျားတွေက အောက်သို့စိုက်ချထားတာကိုကြည့်ရင်း နှာသီးဖျားလေး ရဲနေတာကိုပါ တွေ့နေရသည်။ စည်းက သက်ပြင်းချရင်း...

"မင်း...သူနဲ့သွားတွေ့မယ်ပေါ့"

"ဟုတ်...ပြီးရင်ဒီကင်မရာပါ တစ်ခါတည်းအပ်လိုက်မလားလို့"

"သူကစိတ်ချရရဲ့လား"

www.burmeseclassic.com



"ကိုကိုကမှာခဲ့တာတော့ ဦးလေးမောင်ကစိတ်ချရတယ်တဲ့"

"ဒါပေမဲ့ သူမဆုံးခင်ကအထိ ဟုတ်တယ်လေ၊ သူဆုံးပြီးသွားတဲ့နောက်ပိုင်း မင်းလည်း အဲဒီက ထွက်ခဲ့တာပဲကို အားလုံးနဲ့အဆက်အသွယ်ပြတ်နေတာမဟုတ်လား"

ဒီလိုဆိုတော့လည်း သူမက တွေတွေဝေဝေလေး ငြိမ်သက်သွားခဲ့သည်။ ဗီဒီယိုကင်မရာထဲမှာ ကိုကိုအသက်ခံရတာ တွေပဲပါပြီး ကိုကို့အနား သူမသွားတာတွေ၊ ကိုကိုမှာခဲ့သောစကားတွေကိုတော့ စည်းအား သူမမပြောပြဖြစ်ခဲ့။ တကယ်ဆို ကိုကိုညွှန်ကြားခဲ့သော ခရီးစဉ်မှာ သူမလျှောက်ခဲ့ရတာက ကိုယ်စိတ်ကူးနဲ့ကိုယ်။

"ဒါဆို..ရှယ်ရှယ် ဘာဆက်လုပ်ရမှန်းမသိတော့ဘူး"

အရယ်အပြုံးတွေက တစ်မနက်တည်း ဆွဲယူသိမ်းဆည်းခြင်းခံလိုက်ရသလို တွေဝေမှုန်မှိုင်းနေတဲ့ မျက်နှာလေးကို စည်းက ငေးရင်း ရင်ခုန်သံက သူမခြေရင်းမှာ ဒူးထောက်ခစားရန် အမိန့်ပေးနေခဲ့ပြီး မချစ်တတ်ခဲ့ဖူးသော အချစ်နဲ့ စိမ်းသက်သောနှလုံးသား





ဟာ သူမအတွက် သီးသန့်ဖြစ်တည်နေခဲ့ခြင်းမျိုးလား။ အဖြေကိုရှာမတွေ့ခင်မှာ ဆုံးဖြတ်မိတာက ဘေးမသီရန်မခအောင် သူမကို ကာကွယ်ပေးခြင်းမျိုးဆိုရင်...

"ငါ...အဲဒီ့ရှေ့နေနဲ့ သွားတွေ့ပေးမယ်"

"တကယ်"

"အင်းပေါ့...သူ့အခြေအနေမှန်တယ်ဆိုမှ မင်းကိုလှမ်းခေါ်မယ်လေ၊ အခုချိန်မှာ တစ်ဖက်ကအနေအထားကို မသိသေးဘဲ မင်းက သက်သေခံပစ္စည်းတွေ ထုတ်မပေးသင့်ဘူးလို့၊ ဒါ...ငါ့အတွေးပါ၊ အဓိကအရေးကြီးတာက မင်းလုံခြုံဖို့လေ၊ ဘယ်လိုလဲ"

သူကမေးဆတ်ပြီးမေးတဲ့အခါ သူမက မျက်ဝန်းတွေမှေးမှိတ်သွားအောင် ကြည်ကြည်စင်စင်ရယ်ပြတော့ မျက်ရည်မခြောက်တဲ့ မျက်နှာနဲ့ပင်။ ပြီးမှ စည်းကို ခေါင်းညိတ်ပြရင်း...

"စည်း...စိစဉ်လေ၊ ရှယ်ရှယ်နာခံမယ်၊ အဲဒါကြောင့်ပြောတာ၊ စည်းက"

"မင်းအစ်ကိုနဲ့တူတယ် မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



စည်းက ထရပ်ရင်းပြောသည်။ ဖြီးမှတစ်ဖက်လှည့်ကာ ပြုံးရင်း ရင်ထဲတိုးတိုးလေးပြောမိတာက…

"ချစ်တတ်လာရင် ချစ်သူအတွက် သူရဲကောင်းဖြစ်ချင်တာ ဒါသဘာဝ"

◆ ◆ ◆



## အခန်း (၂၈)

"နင်လည်း ငါ့အပေါ်ရက်စက်တာပါပဲ ထိုက်ရာ၊ ငါ…ချစ်နေမှန်းသိသိကြီးနဲ့"

"ဟဲ့…တော်ပြီ ဖွဲ၊ နင်တာအားမူးနေပြီ၊ မရစ်စမ်းနဲ့"

"ဟာ…ငါကအမှန် အေ့"

စကားမဆုံးခင် လေကအေ့ခနဲတက်ပြန်သည်။ ထိုက်က ကားမောင်းနေရင်းက ဘေးကိုငဲ့ကြည့်တော့ ဖွဲ တော်တော်မဟန်နိုင်မှန်း အသိသာကြီး။ ခေါင်းကြီးစိုက်ကျနေတာ တော်တော်နှင့်ပြန်မထူနိုင်။ လက်ညှိုးတွေက ဟိုဒီထိုးထိုးနှင့် လူကို မှန်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပင်မကြည့်နိုင်တော့။ ဒီလိုဖြစ်ဖို့ ဒီလိုကြံစည်ခဲ့ရတာ ဖွဲ့နှင့်ဆိုတော့ သူမအတွက် အခက်အခဲမရှိ။

"စည်း…ဒီနေ့ခရီးသွားမှာဟ၊ တစ်ညအိပ်တဲ့"

နေ့လည်ခင်းက သူမအခန်းသို့ ဖွဲ့ရောက်လာပြီး ပြောတဲ့အထိ ဘာဘာညာညာ စိတ်ကူးမရှိသေး။ လက်ကျန်သံယောဇဉ်ကြောင့်…

"သူ… ဘယ်ကိုသွားမှာလဲ၊ အလုပ်ကိစ္စလား"

လို့မေးတော့ ဖွဲ့က မဲ့ကာရွဲ့ကာ မော့ကြည့်ကာ

"နင်ကတော့ ရေစီးကြောင်းသံယောဇဉ်ဖြစ်နေတာ၊ ဟိုကောင်က ရည်ရွယ်ရာကိစ္စနဲ့ ခရီးထွက်ရမှာ"

"ဘာကိစ္စလဲ"

ဖွဲ့က ပခုံးတွန့်ပြရင်း…

"မသိဘူးလေ ဒါကတော့၊ သူတို့က ငါ့ကိုဘာမှ ပြောဆို ကြတာမဟုတ်တာ၊ မြင်ယောင်ပါသေးတယ် အဲဒီနှစ်ယောက်ရဲ့ ဇာတ်ပေါင်းခန်း"

ထိုစကားကြားတော့ ထိုက်ရင်ထဲ ဖျင်းခနဲဖြစ်သွားသည်။





မာနကြောင့်လား၊ ချစ်မိတဲ့စိတ်ကြောင့်လားမသိ။ မခံချင်စိတ်ဟာ ရင်ထဲမှ ခေါင်းပြူထွက်လာ၏။ မျက်ဝန်းထဲ ဘယ်အခါမှ ပျောက်ဖျက်မရတာက ရိုက်ခွင့်မရှိသော ပါးတစ်ဖက်နှင့် စတေးခဲ့ရသော ကိုယ့်ရဲ့သိက္ခာတရားများဆိုလျှင်။ ထိုက်က မဲ့ခနဲပြုံးရင်း…

"ငါလည်းခံစားရပါတယ်"

"အေး… နင်ခံစားရသလို ငါလည်းခံစားရတာပဲ၊ နင်က ငါ့ကိုတော့ ဆားမှာရှိနေတာတောင် သတိမေ့ထားတဲ့အဖြစ်၊ နင်နဲ့ စည်းကြားမှာ ငါ့ကိုယ်ငါ ဘာကောင်ဖြစ်လို့ဖြစ်သွားမှန်း မသိတော့ဘူးထိုက်၊ အဲဒါတကယ်ပြောတာ၊ ငါ့ဘက်က ရှုးသွပ်သမျှ နင့်ရင်ဘတ်ထဲ အရာမထင်တာ ငါညံ့တယ်လို့ပဲ ကိုယ့်ဟာကိုယ် ရှုံ့ချရတော့မလား မသိတော့ဘူး"

ဖွဲ့…ထိုသို့ပြောတော့လည်း သူမ စိတ်မကောင်းပါ။ ရင်ခုန်သံမြန်လာဖို့ဆိုတာ ဖြုလုပ်ယူလို့မရပေမဲ့ ဖွဲ့အပေါ်ထားတဲ့ သူမသံယောဇဉ် မနည်းခဲ့တာ ကိုယ်တိုင်အသိဆုံး…။ ဒါပေမဲ့ အချစ်ဆိုတာ စိတ်ထင်သလို လွှဲပြောင်းယူလို့မရတဲ့အရာဆိုတော့…

"ငါ စိတ်မကောင်းပါဘူးဖွဲ့ရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဖြေသိမ့်တာလား၊ ငါ့အတွက်အဖြေလား ထိုက်"

"မဟုတ်ပါဘူးဟာ၊ အဲဒီအကြောင်းတွေထားလိုက်တော့၊ ငါတို့အခု စိတ်ရှုပ်စရာတွေ မတွေးတော့ဘူး၊ စိတ်ပျော်စရာတွေပဲ ဖန်တီးကြမယ်"

ထိုက်က ရေခဲသေတ္တာထဲမှ ဝိုင်ပုလင်းတွေထုတ်လာတော့ ဖွဲက ခေါင်းခါလာ၏။

"ငါက... ဒီဝိုင်လောက်နဲ့ ကွဲနေတဲ့အသည်းကို စိမ်လို့ မရဘူး၊ အပြင်းစားမှ"

ဆိုပြီး ခြေညီထပ်တွင်ဖွင့်ထားသော ဗူပါမားကက်မှ ဝီစကီတစ်ပုလင်း သွားဆွဲလာသည်။ နှစ်ယောက်သား သီချင်းတွေအော်ဆိုလိုက်၊ ရင်ဖွင့်လိုက်။ စားလိုက်သောက်လိုက်နှင့် ညမှောင်တော့ ဖွဲခမျာ တော်တော်ကြီးရေချိန်လွန်နေပြီ။

"ဖွဲ... ငါ...နင့်ကို အိမ်ပြန်လိုက်ပို့မယ်"

"အာ...အိမ်မှာ ဟိုကောင်မလေးနဲ့ မပြန်တော့ဘူး"

ပြောရင်း ယိုင်ယိုင်ကျသွားတဲ့ ဖွဲကိုယ်ကြီးကို မနည်းထိန်းပြီး ဓာတ်လှေခါးအထိ သယ်လာခဲ့သည်။ ကားပါကင်ရောက်တော့ စကျူရီတီရဲ့ အကူအညီနှင့် သူမကားပေါ်အရောက် တွဲတင်ခဲ့ရသေးသည်။ အခုတော့ အိမ်အပြန်လမ်းပေါ်မှာ ရှေ့တစ်ကွေ့ဆိုစည်းရဲ့အိမ် ရောက်တော့မည်။ ထိုက်က လှလှပပပြုံးရင်း ဖွဲကို ကြည့်တော့...

"နင်... ငါ့ကို ရက်စက်တယ်၊ ထိုက် ဒီမှာ အသည်းကွဲနေပြီ သိလား၊ အဲဒါ နင့်ကြောင့်ဟ... သိလား"

ရင်ဘတ်ကို တဖြန်းဖြန်းပုတ်ရင်း အသည်းကွဲကောင်းသော ဖွဲအား ထိုက်က တိုးတိုးလေး တောင်းပန်မိသည်။

"ငါကိုခွင့်လွှတ်ပါ ဖွဲ"

◆ ◆ ◆







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ရည်ရွှယ်ရာ…ဟေ့…ရည်ရွှယ်ရာ"

"လာပြီ… လာပြီ"

သော့တွဲကိုင်ပြီး အထဲက ပြေးထွက်လာတဲ့သူမက ဖွဲကို တွဲထားတဲ့ထိုက်ကိုတွေ့တာနှင့် တအံ့တသြဖြစ်သွားပြီး

"မမထိုက်"

"အေး… မေးချင်ရင်ပြီးမှမေးတော့၊ ဖွင့်… မြန်မြန် ဒီမှာ ဖွဲကိုယ်ကြီး ငါ့ကိုမှီထားတာလေးလှပြီ"

"ယော…အေ့…အိမ်…ရောက်…ပြီလား… ထိုက်…





အေ့"

အရေးထဲခေါင်းထောင်ပြီး မေးလာတဲ့ဖွဲကို

"အေး… ရောက်ပြီ"

လို့ ပြန်ဖြေရင်း တံခါးဖွင့်ပြီးသွားတဲ့ ရည်ရွှယ်အား

"စည်းကို လှမ်းခေါ်လိုက်၊ လာတွဲလို့…"

"ဟို… ကိုစည်းမရှိဘူး၊ မမထိုက်"

"ဘာ"

ထိုက်က အခုမှ သိသလိုပုံစံနှင့် တအံ့တသြရှပ်ကလေး ဖြင့် သရုပ်ဆောင်ပြပြီးမှ

"အေး… ဒါဆိုလည်း ညည်းလာတွဲ၊ အပေါ်ထပ် ထိတော့ မပို့နိုင်ဘူး၊ ငါရှိတုံးက နေခဲ့တဲ့ အောက်ထပ်အခန်းဆီ ပဲ ခေါ်သွားတော့"

"ဟုတ်… မမထိုက်"

ဖွဲရဲ့ လက်တစ်ဖက်စီအား ပခုံးပေါ်လျှိုသိုင်းရင်း အောက်ထပ်အခန်းဆီ ခေါ်လာခဲ့သည်။ ခုတင်ပေါ် ဖွဲကိုယ်ကြီး အား ပစ်စလက်ခတ်တင်ပြီးနောက်မှာတော့ တစ်ယောက်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကြည့်ပြီး အမောဖြေနေရင်းမှ…

"ခွဲကို အကျီလဲပေးဖို့လုပ်ထား၊ ငါ… ခြံတံခါးပိတ်ဦးမယ်"

"မမထိုက်…ဟိုလေ"

ရွှယ်ရွှယ်က ခေါင်းကုတ်လိုက် လည်းပင်းပွတ်လိုက်နှင့် ငြင်းဆန်ရန် စကားလုံးရှာနေဆဲမှာပဲ

"ကဲ… ကဲ… လုပ် မြန်မြန်၊ ငါ အခုပြန်လာခဲ့မယ်"

အခန်းထဲက ရှတ်ခနဲထွက်သွားသည်။ ရွှယ်ရွှယ်က နှစ်ယောက်တည်းကျန်ခဲ့သော အခန်းအလယ်မှာ တောင့်တောင့် လေးရပ်ရင်း

"ကျစ်… ဒုက္ခပါပဲ၊ စည်းဆိုတော်သေး၊ သူနဲ့ ငါက ရင်းနှီးတာလည်းမဟုတ်ပဲနဲ့၊ အဲဒါ ဘယ်ကစလုပ်ရမလဲကို မသိ တော့ဘူး"

ပုဆစ်တုပ်လေးထိုင်ချလိုက် ဖျတ်ခနဲ မတ်တပ်ထရပ် လိုက်နှင့် ကယောက်ကယက်ဖြစ်နေသော ရွှယ်ရွှယ်အား ထိုက်က တံခါးကြားမှ အသာချောင်းကြည့်ကာ…





"အဟွန်း…နှင့်အခြေအနေနဲ့ ခွဲရလည်း ကံကောင်းတာ ပါပဲ ရည်ရွှယ်ရာ၊ နှင်…မသိသေးလို့ပါ၊ တကယ်ဆို စည်းက ငါ့အတွက်"

ပြောပြီး ကျေနပ်အားရစွာ ရယ်သောအသံကိုက အခါ တိုင်းထက်ချိုမြိန်နေသလို။ တံခါးကို ခပ်ဖြည်းဖြည်းချင်း ဆွဲပိတ်ရင်း တဖြည်းဖြည်း သေးငယ်သွားသည့် ရည်ရွှယ်ရဲ့ ကျောပြင်အား ကျေနပ်စွာ ကြည့်နေဆဲမှာပင်….

"နှင့်အကြံ ဒါအကုန်ပဲလား ထိုက်"

အသံက မိုးခြိမ်းသံတမျှ ကျယ်လောင်စွာ ဟိန်းထွက် လာသည်။ ထို့နောက် တံခါးလက်ကိုင်ဖုပေါ် တင်ထားသော သူမ လက်ကို ပုတ်ထုတ်ခံလိုက်ရပြီးနောက် တံခါးရွက်ကို အရှိန်ဖြင့် ပြင်းထန်စွာ တွန်းဖွင့်ရင်း

"ရှည်ရွှယ်ရာ"

"စည်း… ဟို…ခွဲကလေ"

"လာခဲ့"

စည်းက ရွှယ်ရွှယ်လက်တစ်ဖက်အား ဖျတ်ခနဲဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘာ အခန်းထဲမှ ဆွဲခေါ်လာသည်။ အခန်းဝ၌ ရပ်နေသော ထိုက်က ငေးတိငေးကြောင်။ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေဝေ့သီလျက်က…

"စည်း…ငါ… ငါကလေ"

"ငါမုန်းတဲ့အရာတွေထဲမှာ ကောက်ကျစ်တာ ထိပ်ဆုံးကပဲ ထိုက်"

အံကြိတ်ရင်းပြောတော့ ကားခနဲထွက်လာသည့်မေးရိုးတွေက ဒေါသကို အဆမတန် ဖိနှိပ်သိမ်းဆည်းထားရကြောင်း သိသာစေသည်။ စည်းက ထိုက်ကို ပခုံးချင်းချိတ်တဲ့အထိ ပစ်တိုက်တွန်းဖယ်ရင်း အခန်းပြင်ရောက်မှ…

"အထုပ်အပိုးတွေသွားယူခဲ့ ရည်ရွယ်ရာ၊ ကားကို လိုအပ်တာစစ်ခဲ့ပြီးပြီ၊ သွားကြမယ်"

ဒီစကားကြားမှ ထိုက်က တအံ့တသြမျက်ဝန်းတွေနဲ့ ဖျတ်ခနဲ လှမ်းကြည့်သည်။ မျက်ရည်တွေဝေ့နေသော ထိုက်အား မကြည့်ရက်သလိုနှင့် စည်းကမျက်နှာလွှဲရင်း

"နင်တို့ကံဆိုးသွားတာ ထိုက်၊ ငါက ခရီးထွက်မယ်ပဲ





ဒွိကို ပြောခဲ့တာလေ၊ ရည်ရွယ်ရာကို ထားခဲ့မယ်လို့ ပြောခဲ့တာမှ မဟုတ်တာ"

တဲ့။ ဒီစကားကြားရတဲ့ထိုက်အဖို့ နေရာမှာတင် အရုပ်ကြိုးပြတ် လဲကျသွားခဲ့သည်။ ဟင့်အင်း… လဲကျရုံနဲ့ မလုံလောက်ပါ။ ရစ်ပတ်ခဲ့သော သံယောဇဉ်အကြောင်းတရားတို့အား မမြင်ရ မကြားရသော တစ်နေရာအထိ ရောက်သွားချင်စိတ်က အရှင်လတ်လတ် မြေမြိုပါစေလို့ ဆုတောင်းမိတဲ့အထိဆိုလျှင် မေတ္တာတရားဆိုတာ အလျားအနံ၊ အသွားအပြန်တဲ့။ ဘယ်မှာလဲ ကိုယ့်အတွက် ပြန်လာမည့်အရာဆိုတာ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်စည်းရယ်၊ ဟို… ဒါပေမယ့် ဆက်ပြီး ဟန်ဆောင်ပေးပါဦးနော်၊ ဖေဖေ့ သေတမ်းစာထဲမှာ ချစ်သူနဲ့လက်မထပ်ရင် သူ့မိတ်ဆွေရဲ့သား‌နဲ့ လက်ထပ်ရမှာတဲ့၊ ဟို အဲဒါကြောင့် ဒီအိမ်ရောက်စကလိုပဲ ရွယ်ရွယ်အတွက် ဆက်ဟန်ဆောင်ပေးပါ"

တဲ့လေ။ စည်းက ပင့်သက်ရှိုက်ရင်း အသစ်စက်စက် နှစ်ယောက်အိပ် ခုတင်ကြီးပေါ် ပစ်လှဲလိုက်သည်။ ကိုယ့်မှာ ဒီရောက်မှ အကျဉ်းသားလိုလို၊ ဘာလိုလိုတောင် ထင်ထားရ အထိ။ ဒီအိမ်ခန်းကျယ်ကြီးထဲ နေခဲ့ရတာ မနက်ကတည်း





အခုပဲနေစောင်းပြီ။ ရောက်စက ရည်ရွယ်ရာ ရှေ့နေနဲ့ အရင်ဝင် တွေ့ပြီး ဗွီဒီယိုကင်မရာပေးတော့

"ညည်းက ယောကျ်ားနောက်ပါ ခိုးရာလိုက်ပြေးသွား တာပေါ့ဟုတ်လား၊ ဟား ဟား ကောင်းပါတယ်၊ ညည်းယောကျ်ား ကလည်း မျှော်လင့်ရာနဲ့ ချွတ်စွပ်ပါလားဟေ့၊ အစ်ကိုကို ဘယ်လောက်ချစ်ကြောင်း သက်သေပြတာပေါ့ ဟုတ်လား"

တဲ့။ ကိုယ့်မှာ သူ့မယောကျ်ားအတုအဖြစ် ဟန်ဆောင် ရတာတောင် ဒီအစ်ကိုနဲ့တူခြင်းစက်ကွင်းက မလွတ်နိုင်။ သူမတို့ အိမ်ကိုရောက်တော့ တစ်အိမ်လုံးက တရိုတသေဆီးကြိုကြပြီး ရွယ်ရွယ်ဦးလေးဆိုသူက သူ့ကို ခေါင်းဖျားခြေဆုံးကြည့်ကာ အထိတ်တလန့်နှင့်

"မင်း…မင်းက"

"လန့်မနေပါနဲ့လေးလေးရဲ့၊ ဒါ…ကိုကို မဟုတ်ပါဘူး"

ရွယ်ရွယ်က သူ့လက်မောင်းကို မှီတွယ်ထားရင်း မှုန်မှုန်ပြောသည်။ စည်းကလည်း လမ်းကတည်းက နှစ်ဦးသဘောတူ ဖတ်တိုက်ထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က စည်းလုံးပါ၊ ရွှယ်ရွှယ်ရဲ့ခင်ပွန်းပါ ခင်ဗျ"

ဆိုပြီး လက်ကမ်းပေးလိုက်တော့ လေးလေးဆိုသူက သွေးဆုတ်ဖြူရော်နေသော မျက်နှာနှင့် လက်ဆွဲနှုတ်ဆက်သည်။ အဲဒီကတည်းက သူ ဒီအခန်းထဲရောက်နေတာ အခုထိပင်။ ရွှယ်ရွှယ်က ထမင်းစားချိန်ကျ ဖျတ်ခနဲ တွေ့လိုက်ရကာ…

"လေးလေးတို့ကို အခုပဲ စခန်းက စစ်ဆေးမေးမြန်းစရာရှိလို့ဆိုပြီး ခေါ်သွားပြီ သိလားစည်း၊ ဒီထဲမှာပဲ ခဏနေဦးနော်၊ ရွှယ်ရွှယ် ဦးလေးမောင်နဲ့ သွားစရာလေးတွေရှိလို့"

ဆိုပြီး ထွက်သွားလိုက်တာ တမေ့တမော။ စည်းက တီဗွီဖွင့်ရင်း ချန်နယ်(လ်)လိုင်းတွေ တစ်လိုင်းပြီးတစ်လိုင်း ပြောင်းကြည့်ကာ ခေါင်းမူးလာသဖြင့် တီဗွီပိတ်ပစ်လိုက်သည်။ အိမ်ခန်းထဲမှာရေခဲသေတ္တာတွေပါ ထားပေးပြီး စားသောက်ဖွယ်ရာအစုံရှိပေမဲ့ သူမှာ စိမ်ကျကျမနေနိုင်။ အခန်းဆီ ဟိုဒီလျှောက်ရင်း ပြတင်းပေါက်နားသွားရပ်ကာ ဖျက်စိတဆုံး ကြီးကျယ်ခန်းနားတဲ့ ခြံကျယ်ကြီးထဲက ပန်းပင်တွေကို ငေးတုန်း ဘောင်းဘီအိတ်ထဲက သူ့ဖုန်းက





အသံမြည်လာ၏။ စည်းက ဖုန်းကိုင်တော့…

"ဟော့ကောင်… စည်း"

"ဖေဖေ"

"အေး… မင်းဘယ်လိုလဲ အဆင်ပြေရဲ့လား"

ဘာကိုမေးတာလဲ။ သူ အဆင်မပြေဖြစ်နေတာကို ဖေဖေသိရအောင် ရည်ရွယ်ရာကို အကူအညီပေးနေတာ ဖေဖေမှမသိဘဲ။

"အေး… အဆင်မပြေလည်း နောက်တော့ ပြေသွားမှာ ဟိတ်ကောင်ရ"

"ဗျာ… ဘယ်လို ဖေဖေ"

"ငါ… အခု ဘယ်ကဆက်နေတယ်ထင်လဲ"

"မန္တလေး ( )ဟိုတယ်ရဲ့ အိမ်သာထဲကကွ"

"ဗျာ"

သူ့ဗျာက အသံအကျယ်ကြီး။ ဖေဖေ မန္တလေးရောက်နေ၍ အံ့ဩရတာတစ်မျိုး။ ဟိုတယ်အိမ်သာထဲက ဆက်တာဆို၍ အံ့ဩတာကတစ်မျိုးနှင့် ကိုယ့်ဟာကိုယ် ခေါင်းရှုပ်ရသည့်အထဲ ဖေဖေကတော့ အတော်ကြီး အူမြူးရွှင်ပျှာန်နှင့်…



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ… မင်းကြားရင် အံ့သြမှာ၊ ငါတောင် အံ့ဩ

လွန်းလို့ အခုစကားပိုင်းကထပြီး အိမ်သာမှာ ဖုန်းလာခိုးဆက်

တာ"

"ဘာတွေ အံ့ဩရတာလဲ ဖေဖေ"

"မင်း… ပုသိမ်ပြန်လာတုံးက အိမ်က ထွက်ပြေးသ

တဲ့ ကောင်မလေးတစ်ယောက် တို့အိမ်ရောက်တာ မှတ်မိလား"

"ဟုတ်ကဲ့"

"အေး…အဲဒါ တခြားလူမဟုတ်ဘူးကွ၊ မင်းနဲ့ လက်ထ

ပေးမဲ့ သတို့သမီး"

"ဗျာ"

ခေါင်းမွေးတင်မက မျက်ခုံးမွေးတွေ မျက်တောင်မွေ

တွေက အံ့ဩလွန်း၍ အကုန်ထောင်ကုန်ပြီထင်သည်။ စည်

နားကြားလွဲသည်အထင်နှင့်

"ဘယ်လို… ဘယ်လို ဖေဖေ"

"အေးကွ… ငါလည်းအံ့ဩနေတာ၊ မင်္ဂလာကိစ္စ စီ

ဆိုပြီး မင်းအမေနဲ့ ငါ မန္တလေးရောက်နေတာကွ၊ အခုပဲ ကော





လေးနဲ့ သူ့ရှေ့နေက တို့ဆီရောက်လာပြီး တောင်းပန်ရင်း အသိ

ပေးတာ"

"ဒါဖြင့် ဖေဖေတို့ဆီမှာပေါ့၊ ရည်ရွယ်ရာက"

"ဟော့… မင်းက သူ့နာမည်ကို ဘယ်လိုလုပ်သိတာလဲ၊

မင်းတို့ အစကတည်းက သိခဲ့ကြတာလား"

အခြေအနေမှန်ကို ရိပ်စားမိတဲ့စည်းက အူမြူးစွာ တဟား

ဟားရယ်ရင်း…

"ဖေဖေ အံ့ဩအောင် ကျွန်တော်ပြောပြမယ်၊ အခု

ကျွန်တော်လည်း မန္တလေးရောက်နေတယ်"

"ဟေ"

"ရည်ရွယ်ရာရဲ့အိမ်မှာ"

"ဘာ"

"ရည်ရွယ်ရာရဲ့ ယောကျ်ားအဖြစ်နဲ့"

"ဘယ်လို"

အာမေဋိတ်တွေ တစ်ခုပြီးတစ်ခု ရေရွတ်နေတဲ့ ဖေဖေ့ကို

သူကထပ်ပြီး အော်ရယ်ပြတော့



www.burmeseclassic.com

www.burmeseclassic.com



"ယော့ကောင်..စွတ်ရယ်မနေနဲ့ နားအူတယ်"

သူ့ကိုပိတ်ယောက်ရင်းက...

"မင်းတို့ချင်း အဆင်ပြေနေတာများ လူကြီးတွေ ပင်ပန်းအောင်"

ဆိုပြီး အပြစ်တင်ကာ ဖုန်းချမယ်လုပ်တော့...

"ဖေဖေ... ကျွန်တော့်ဆီ ဖုန်းဆက်တာ ကောင်မလေး မသိစေနဲ့သိလား"

"ဟာ... လင်မယားဆို၊ မင်းတို့က ဒိုင်လျှိုတုန်းလား"

"အပွန်း... နည်းနည်းပါ၊ သူ့ကို ပညာပြစရာလေး ရှိလို့"

သူပြောတော့ ဖေဖေကအလန့်တကြားနှင့်...

"လွန်လွန်ကျွံကျွံတွေ မဖြစ်စေနဲ့ကွ၊ အခုမှ ညားခါစ ကို"

တဲ့။ သတိပေးသွားသေးတာ။ သူက တစ်ယောက်တည်း အသံထွက်ရယ်ရင်း

အင်း... ညားခါစမို့ ပညာပြရမှာ။

◆ ◆ ◆



## အခန်း (၃၁)

"အယ်... စည်း ဘယ်ရောက်သွားပါလိမ့်"

တံခါးဖွင့်ဖွင့်ချင်း တန်းခနဲ မြင်ရသည့်ခုတင်ပေါ်ရော အခန်းထဲ၌ မတွေ့ရသဖြင့် ရွယ်ရွယ်က တစ်ယောက်တည်း မေးလည်းမေး ရှာလည်းရှာနှင့် အခန်းထဲဝင်မိတော့...

"ဒုန်း"

"အမေ့"

ဆောင့်ပိတ်ပစ်လိုက်တဲ့ တံခါးရွက်ရဲ့နောက်မှာ စည်း ဘက်ပိုက်ကာ ရှုတည်တည်နှင့် သူမကိုကြည့်ရင်း...

"ကဲ... ပြောစမ်းပါဦး၊ ငါ့ကို အသိမပေးဘဲ တစ်ချိန်လုံး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ချက်ကင်ဝင်တဲ့ကိစ္စ"

"အယ်…စည်း သိသွားတာ"

နှုတ်ခမ်းကို လက်ဝါးနှင့်အုပ်ရင်းမေးပုံက မျက်လုံးလေး ပြူးပြီး မလိမ်တတ်တဲ့သူလို။

"ကဲ… ဖြေပါ မေးတာကို"

"ဧကန္တ…ဦးက စည်းဆီ အကြောင်းကြားပြီပေါ့ ဟုတ်လား၊ ဟွန်း…ထင်သားပဲ၊ အိမ်သာဆိုပြီး ထသွားတာ အကြာကြီးကတည်းက"

"ကဲ… မေးတာဖြေ"

စည်းက ဖြတ်အော်ပစ်တော့ တစ်ကိုယ်လုံး ဆတ် တုန်သွားသည်။ ပြီးမှ သူ့မျက်နှာကို မရဲတရဲမော့ကြည့်ရင်း

"ဟို စိတ်မဆိုးပါနဲ့စည်းရယ်၊ ကိုကိုက ပုသိမ်အိ လိပ်စာကိုပေးပြီးသွားဆိုတော့ ရှယ်ရှယ်မှာ မိန်းကလေးတ ဒီအိမ်ကလူနဲ့ လက်ထပ်ချင်ပါတယ်ပြောပြီး အိမ်ပေါ်တက် မရတာ၊ အဲဒါနဲ့ အိမ်ကထွက်ပြေးလာတဲ့သူလို ဟန်ဆော လိုက်ခဲ့ရတာ"





"အဲဒါဆို ပုသိမ်မှာပဲနေပေါ့၊ ဘယ်လိုဖြစ်ပြီး ရန်ကုန်ကို လိုက်ခဲ့တာလဲ"

"အဲဒါကလေ… စည်းကိုတွေ့တော့ ကိုကိုနဲ့ အရမ်း တူတာနဲ့ အားကိုးချင်တာနဲ့"

စည်းက မျက်တောင်ပုတ်ခတ်ပုတ်ခတ်နှင့် ပြောနေတဲ့ သူမလေး မြင်သာအောင် နှုတ်ခမ်းကို မဲ့ပြရင်း…

"အင်း… အားကိုးတာနဲ့ပဲ၊ ပြီးတော့ ဘာဖြစ်လဲ"

"ရန်ကုန်ရောက်တော့ စည်းမှာ ရည်းစားရှိလား၊ မိန်းမ ရှိလား၊ စည်းက ပွေလားရှုပ်လား၊ အရက်သောက်သလား၊ လောင်း ကစားသမားလားဆိုတာ အတူနေပြီး လေ့လာပြီးမှ"

စကားကရပ်သွားသည်။ စည်းက ခါးထောက်ကာ သူထိုင်နေသော ခုတင်အစွန်းနားအထိ မလှုပ်တလှုပ်လျှောက်လာ ရင်းက

"ဆက်ပြောလေ၊ လေ့လာပြီးတော့ ဘာဖြစ်လဲ"

"အဟင်း… မန္တလေးပြန်လာတာပေါ့၊ သူမသိတာလည်း ဟုတ်ဘဲနဲ့၊ ဖယ်… အကျီလဲဦးမှပဲ၊ အိုက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



စကားရောဖောရောနဲ့ပြောပြီး ထထွက်သွားဟန်ပြင်တဲ့ သူ့မပခုံးကိုဖိချရင်း စည်းက…

"မနေ့လေးရောက်တော့ရော ဘာဆက်ဖြစ်မှာလဲ၊ ပြောဦးလေ"

"အာ…စည်းနော်၊ သူလူလည်ကျနေတာ၊ သူကျတော့ မပြောဘဲနဲ့"

ရွှယ်ရွှယ်က မျက်နှာလွှဲပြီး ရှုပွပွနဲ့ပြောတော့ စည်းက ခပ်သဲ့သဲ့ရယ်ရင်း…

"ခင်ဗျားပဲ တစ်ချိန်လုံး ပွဲစီစဉ်တဲ့သူလေ၊ ဆက်ပြော ခင်ဗျား ညွှန်ကြားတဲ့အတိုင်း လိုက်လုပ်မှာ"

"တကယ်လုပ်မှာလား"

ဖျတ်ခနဲ မော့လာတဲ့မျက်နှာလေးထက်မှာ ပန်းနွဲ့ရောင် နှုတ်ခမ်းပါးတွေဆီမှာ စည်းအကြည့်တွေ တိမ်မူးစွာ ရပ်တန့်သွားရင်း…

"အင်း…ဒါပေမဲ့ အခုတော့ မင်းဘာမှမပြောနဲ့တော့"

"ဘာဖြစ်လို့… အင်း… စည်း၊ ဟင်အင်းကွာ… စည်း



လွှတ်ဦး၊ စည်းနော် မင်္ဂလာမဆောင်ရသေးဘဲနဲ့"

လွှတ်ကင်းအောင် တိမ်းရှောင်ရင်းက သူ့ထွက်သက်နွေးနွေးတွေက သူ့မပါးရိုးပေါ်တွေ၊ မေးဖျားတွေဆီ ထိတွေ့တိုးတိုက်သွားပြီးမှ

"မင်္ဂလာမဆောင်ရသေးလည်း မင်းပြောတော့ ခင်းခင်ပွန်းဆို"

"အင်း…အဲဒါက"

"ဟန်ဆောင်တာမပြောနဲ့၊ မင်းနဲ့ပတ်သက်ရင် ကိုယ် ဘယ်တုန်းကမှ ဟန်မဆောင်ဘူး၊ စိတ်ရင်းနဲ့ပဲ ဆက်ဆံခဲ့တဲ့ ဒီနှလုံးသားက မင်းကိုချစ်ခဲ့တာ ကြာပြီ"

နဖူးချင်းတိုက်ပြီးပြောတော့ ရွှယ်ရွှယ်က မျက်လွှာချရင်း

"ဟုတ်လည်းဟုတ်ပဲနဲ့"

"မယုံရင်မေးကြည့်လေ"

"ဘယ်သူ့ကိုလဲ"

စည်းက သူ့နှုတ်ခမ်းတွေကို လက်ညှိုးထိုးပြရင်း

"ဒီမှာ…ဟိုတစ်ခါ နမ်းခဲ့ဖူးတဲ့ နှုတ်ခမ်းလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲအထိ ရောက်သွားတဲ့အကြောင်း''

''စည်းနော်...သွား''

နှင်ထုတ်သူက ရင်ခွင်ကျယ်ထဲ ပြိုလဲသွားရပြီးနောက်မှာ သူမမျက်နှာပြင်အစိတ်အပိုင်းတွေဆီ ဖွဖွညင်သာကျလာသော ချစ်အနမ်းတွေကို ချစ်သူအလိုကျ ကြည်ဖြူစွာ လက်လျှောရင်း...

''နောက်ကို ဘယ်သူနဲ့မှ တူတယ်မပြောနဲ့၊ ကိုယ့်အချစ်က ဆင်တူယိုးမှားမရှိဘူး၊ ဒီဘဝမှာ မင်းတစ်ယောက်တည်းပဲ ဘယ်သူနဲ့မှမတူအောင် ချစ်တာ''

တဲ့။ တိုးသဲ့သော ကတိသစ္စာချစ်စကားက နှုတ်ခမ်းများတွေမှတစ်ဆင့် ရင်ခွင်လွှာဆီ စီးဆင်းသွားခဲ့တာ ဒုတိယအကြိမ်ဆိုရင် နောင် မင်းကို ကိုယ်ဘယ်တော့မှ မခွဲရက်တော့။

ရင်ခုန်သံမရပ်သရွေ့ အမြဲချစ်တတ်နေမယ်

ရှင်မြတ်နိုး



BURMESE CLASSIC .com

www.burmeseclassic.com